No. 227-229, 37th Street, Yangon, Myanmar. P.O. Box - 1464. Ph: 251486

သနဒန်ဓမ္မပါလကအဖွဲ့.

နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ အမှာစာ

သက္ကရာဇ် ၂၀၀၀ သည် ယခုအခါ ကမ္ဘာတစ်ဝှန်းလုံး၌ စိတ်ဝင်စားမှု အသစ်ဖြစ်ပေါ်စေလျက် ရှိနေသည်ကို အရာရာတွင် တွေ့မြင်နေရသကဲ့သို့ပင် သနန္တနဓမ္မပါလအဖွဲ့ဝင် ဆွယ်စေဝကများတွင်လည်း ဆံယအဖွဲ့အား စတင်ဖွင့်လှစ်သည့် နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ်ပွဲကို အကြောင်းပြု၍၊ အားသစ်လောင်းသလို အောက်မေ့ခံစားကြရခြင်းမှာ အံ့ဖွယ်မဟုတ်ပေ။

သနန္တနဓမ္မပါလအဖွဲ့. နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပဆောင်နွဲရန် လက်ရှိအဖွဲ့တွင် တာဝန်ရှိ ပုဂ္ဂိုလ်များသည် လွန်ခဲ့သည့် ၁၉၉၉ ခုနှစ် တစ်နှစ်ပတ်လုံး ကာယ၊ ဉာဏ အစီအစဉ်များကို ပြုလုပ်နိုင်ခဲ့သည့်အပြင် သွေးလှုံခြင်း၊ ယဉ်ကျေးမှု အကပဒေသာပြိုင်ပွဲများကိုပါ စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါကိစ္စရပ်များအတွက် သနန္တနဓမ္မပါလကအဖွဲ့.နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပရေးဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ရာ၊ မိမိအား ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် ကမ်းလှမ်းကြပါသည်။ ဤတာဝန်ကို လက်ခံသင့် မခံသင့်ကို ချင့်ချိန်နေခဲ့ရာ နောက်ဆုံးတွင် တာဝန်ယူလိုက်ရပါသည်။

ဆံယအဖွဲ့လုပ်ငန်းဆောင်ရွက်ရာတွင် အလုပ်တစ်ခုကို အောင်မြင်ပြည့်စုံသည့်တိုင်အောင် ဆောင်ရွက်ခြင်းထက် ထိုအလုပ်နှင့် စပ်လျဉ်းသော ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ ကြံစည်ပုံ၊ စုပေါင်းဆောင်ရွက်ပုံတို့ကို အဓိကထားကြသည့် အစဉ်အလာရှိသည်နှင့်အညီ ဤကျင်းပပွဲနှင့် ပတ်သက်၍ ကျရာတာဝန်ကို ကြိုးစားဆောင်ရွက်နိုင်မှုရှိမည်ဟု ယုံကြည်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆံယအဖွဲ့.လုပ်ငန်းတွင် ရှာခါးများမှတစ်ဆင့် အစဉ်မပြတ်ဆက်သွယ်မှုရှိနေပြီး အစီအစဉ်များ တစ်ခုပြီးတစ်ခုဆောင်ရွက်နေရသောကြောင့် သက်ဆိုင်သော ကာရ်ယကရ်သာ (တာဝန်ခံ) များ ၎င်းတို့တာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် သင်တန်းများရရှိ၍ ကျွမ်းကျင်ပြီးသားဖြစ်လို့သာဖြစ်ရပါကြောင်းပင် ဖြစ်သည်။

ထို့ကြောင့် ယခုထိတိုင်ဆောင်ရွက်လာသော အစီအစဉ်များအားလုံးလိုလို လျာထားချက်နှင့်အညီ ပြီးမြောက်အောင်မြင်မှုများကို ရာနှုန်းပြည့် ဖြစ်သည်ဟု ပြောနိုင်ပါသည်။ ရှေ့တွင်ဆောင်ရွက်ရန် ကျန်ရှိနေသေးသော အစီအစဉ်များသည် ယခုပြီးခဲ့သည့် အစီအစဉ်များထက်ပို၍ပင် ခက်ခဲပြီး လွန်စွာအရေးပါသည်ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်များက ဆထက်ထမ်းပိုး ကြိုးစားဆောင်ရွက်ကြပြီး အောင်မြင်မှုအပြည့်အဝကို ရယူကြလိမ့်မည်ဟု မျှော်လင့်ရုံမက ယုံကြည်မှုအပြည့်ရှိကြောင်းကို ဖော်ပြအပ်ပါသည်။

ထိုသို့ဆောင်ရွက်မှုတွေ့ကြောင့် မိမိတို့ ဟိန္နူအဖွဲ့အစည်းတွင် မျှော်လင့်သည်ထက်ပို၍ အကျိုးကျေးဇူးဖြစ်ထွန်းနေမည်မှာမလွဲပေ။

ယခုကျင်းပနေရသော နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ် အစီအစဉ်များ ကျင်းပရာတွင် မြန်မာနိုင်ငံ ဟိန္နူတစ်ရပ်လုံး၏ ပါဝင်ကူညီမှုများဖြင့် ဆောင်ရွက်ရန်ဖြစ်သည့်အလျောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

(ဦးမောင်ရွှေ (ခ) B. L. Goenka)

सनातन धर्म स्वयंसेवक संघ ५० वीं वर्ष गांठ
သနန်တန် ဓမ္မပါလက အပွဲ. နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်
SANATAN DHARMA SWAYAMSEVAK SANGH 50TH ANNIVERSARY
No. 227-229, 37th Street, Yangon, Myanmar. P.O. Box - 1464. Ph: 251486

သနန်တနဓမ္မပါလကအဖွဲ့.
နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်စာစောင်ကော်မတီ ဥက္ကဋ္ဌ၏ အမှာစာ

သနန်တနဓမ္မပါလကအဖွဲ့သည် မြန်မာနိုင်ငံရှိ ဟိန္ဒူများ ဘက်စုံတိုးတက်ရေးကို ရည်ရွယ်ကာ ဗလငါးတန်ဖွဲ့ဖြိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်လာသည်မှာ၊ ယခုအခါ နှစ်ပေါင်းငါးဆယ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အစီအစဉ်များကို ကျင်းပပြုလုပ်ခြင်းဖြင့် နောင်လာနောက်သားများအဖို့ မိမိတို့၏ အမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုအတွက် ဂုဏ်ပြုနည်းယူဖွယ်ဖြစ်သည်ဟု ကျွန်တော် ယူဆပါသည်။

ကျွန်တော်ကိုယ်တိုင် ငယ်ရွယ်စဉ် ကျောင်းသားဘဝကစ၍၊ ဆံယအဖွဲ့ဝင် ဆွယ်စေဝကတစ်ဦးဖြစ်ခြင်းကို ဂုဏ်ယူ ကျေနပ်မိပါသည်။ သို့အတွက်ကြောင့် ယခု နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်အစီအစဉ်များကို တစ်ခုမကျန် အားလုံးအောင်မြင်စွာ ပြီးပြည့်စုံခြင်းငှါ မိမိအနေဖြင့် ရရာတာဝန်များကို အားပါးတရ ထမ်းရွက်ရန် ဝန်မလေးပဲ နှင့် ဝမ်းသာစွာလက်ခံလိုက်ပါသည်။

အထူးအားရမိသည်မှာ မိမိနှင့်အတူ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ပေးနေကြသော လုပ်ဖော်ကိုင်ဖက်တို့၏ အားတက်သရော၊ မနားမနေ၊ မည်သည်းမည်မျှပဲ၊ တက်ကြွစွာဖြင့် ပါဝင်ပြီး အားပေးဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ သို့ဖြင့် ဆံယလုပ်ငန်းသည် ဘုရားသခင်လုပ်ငန်းကိစ္စဖြစ်ကြောင်း ယုံကြည်ခြင်းကို ပို၍ပင် ထင်ဟပ်စေပါသည်။

ကျွန်တော့်အနေနှင့် ယူရသည့်တာဝန် (နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်စာစောင်) ထုတ်ဝေရေးဖြစ်ရာ၊ အဆိုပါ တာဝန်ကို ပြီးမြောက်အောင်မြင်စွာ ကျေကျေပြန်ပြန် ထမ်းဆောင်ရာတွင် ကိုယ်အား၊ ဉာဏ်အား၊ ငွေအားပါမကျန် အဘက်ဘက်မှ ကူညီပံ့ပိုးကြသော မိတ်ဆွေသင်္ဃအပေါင်းတို့အား မနည်းသော ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

(ဗကျရာန်းဂ်လားလ်ရွားမား (ခ) ဦးမောင်မောင်)

ဂုဏ်ပြု ကျေးဇူးစကား

❖❖❖❖

သနန္တန ဓမ္မပါလကအဖွဲ့ကို လွန်ခဲ့သော နှစ်ငါးဆယ်ကတည်းက မြန်မာနိုင်ငံတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ သနန္တနဓမ္မ-ရွေးရိုးရာ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အမျိုး၊ ဘာသာ၊ သာသနာ ပြန့်ပွားရေးတို့ကို ဆောင်ရွက်ပေးရေးပင် ဖြစ်ပါသည်။ အထက်ပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်၊ လူငယ်လူရွယ်များတွင် ဗလငါးတန် ဖွံ့ဖြိုးရေး၊ စည်းကမ်းလိုက်နာ ဆောင်ရွက်တတ်ရေး၊ အချင်းချင်း ညီအစ်ကိုရင်းပမာ ချစ်ခင်ရင်းနှီးစွာ စုပေါင်းဆောင်ရွက်တတ်စေရေးတို့ကို လေ့ကျင့်ပျိုးထောင်ပေးကာ၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် ဂုဏ်ယူအားထားနိုင်စွမ်းရှိသူများ ပေါ်ပေါက်လာစေခြင်းတို့ကို အခြေခံထား၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

သက္ကရာဇ်(၂၀၀၀)ပြည့် ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ကျရောက်သည့် မကရဆံကရန္တိ ပွဲတော်နေ့သည် သနန္တနဓမ္မပါလကအဖွဲ့ နှစ် (၅၀) ပြည့် မင်္ဂလာနေ့ရက် ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ငါးဆယ်တာ ကာလပတ်လုံး သနန္တနဓမ္မပါလကအဖွဲ့မှ ဆောင်ရွက်ခဲ့သော အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာ အကျိုးပြုလုပ်ငန်းများ ရည်ရွယ်ချက်နှင့်အညီ တိုးတက်အောင်မြင်စေရန်၊ ကိုယ်ကျိုးမဖက် အများအကျိုးသက်သက်၊ အဖက်ဖက်မှ ကိုယ်အား၊ စိတ်အား၊ ဉာဏ်အား၊ ဓနအားတို့ဖြင့် ကူညီပံ့ပိုးခဲ့ကြသော ရဟန်းရှင် လူပုဂ္ဂိုလ်အများအပြားနှင့် ဆက်သွယ်မှု ရရှိခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးမှ အမှူးပြု၍ တိုင်းနှင့်ပြည်နယ်မြို့နယ်အသီးသီးရှိ သြဝါဒစရိယ ဆရာတော်ဘုရားကြီးများ၊ သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးများ၏ သြဝါဒနှင့် နိုင်ငံတော်အကြီးအကဲများ၊ အဆင့်ဆင့်သော ဒေသအုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲများ၊ ဘုရား၊ ပုထိုး၊ စေတီတော်မြတ် ဘုန်းတော်ကြီးကျောင်းတော်များမှ ဂေါပကအဖွဲ့ဝင် လူကြီးများ၊ မြို့မိ မြို့ဖ ဓမ္မမိတ်ဆွေများအား လုံး၏ ကူညီပံ့ပိုးချီးမြှင့် အားပေးမှုဖြင့် ၁၉၅၆ ခုနှစ်မှ ၁၉၈၈ ခုနှစ် တိုင်အောင် မြန်မာနိုင်ငံ တဝှမ်းလုံး တိုင်း၊ ပြည်နယ်၊ မြို့နယ် အသီးသီးများတွင် သနန္တနဓမ္မပါလက အဖွဲ့မှ ဦးစီး၍ ပုဒ္ဒဝင်ပြပွဲများကို ခမ်းနားကြီးကျယ်စွာ ပြသနိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့ အကျိုးအတွက် တစ်ဘက်တစ်လမ်းမှ အုဋ္ဌတစ်ချပ် သဲတစ်ပွင့်အဖြစ် ဖြည့်စွက်ဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းကြောင့် ရဟန်းရှင်လူ ပုဂ္ဂိုလ်များ၏ ကျေးဇူးတရားများ အဖွဲ့ဝင်အားလုံး၏စိတ်ဝယ် ယနေ့တိုင် ကိန်းအောင်းလျက်ရှိပါသည်။ ထို့အတူ နေ့စဉ်ရှာခါးများ ပြုလုပ်ခြင်းနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗလငါးတန် ဖွံ့ဖြိုးရေးသင်တန်းများ ကျင်းပရာတွင်လည်းကောင်း၊ ဟိန္ဒူ ဓမ္မသင်ကြား ပို့ချရေးလုပ်ငန်းများ ဆောင်ရွက်ရေးတွင်လည်းကောင်း၊ ကျောက်တံခါးမြို့နယ်ရှိ သနန္တန ဓမ္မရိပ်သာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်းကောင်း၊ သစ္စာရောင်ခြည် မဂ္ဂဇင်း၊ သနန္တန ဓမ္မပါလက ပြကွဒိန်များ ထုတ်ဝေဖြန့်ချိရာတွင်လည်းကောင်း၊ အခြားအခြားသော လူမှုဝန်ထမ်း လုပ်ငန်းများ စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်ရာတွင် တည်ဆောက်ရေးလုပ်အားပေးခြင်း၊ သွေးလှူဒါန်းခြင်း အစရှိသည်တို့ ဆောင်ရွက်လုပ်ကိုင်ရာတွင် ချီးမြှင့်အားပေးခဲ့ကြသော နိုင်ငံတော်အကြီးအကဲများ၊ မြန်မာနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ကျေးဇူးတရားများသည်လည်း ကြီးမားဂုဏ်ယူဘွယ်ကောင်းလှပါသည်။

ကိုယ်ကျိုးမဖက် အများအကျိုးသက်သက်အတွက်သာ အဖွဲ့၏လုပ်ငန်းများ အရှိန်အဟုန်မပျက် အမြဲတိုးတက်အောင်မြင်စေရန် ဦးဆောင်လမ်းညွှန်မှုပြုခဲ့ကြသော Shri Dr. Mangal Sen Jee, Shri Dina Nath Jee, Sanghchalak Shri R.C. Pandey Jee, Dr. Om Parkash Jee, S. Zora Singhjee, Parcharak Shri Rameswar Prasad Jee, Shri B.Bapniya Jee, Shri Ram Charam Jee, Shri Shadilal Gurwara Jee, Shri Ramdev Verma Jee, ဆရာကြီး ဦးမာယ၊ ဆရာကြီး ဦးဆန်းထွန်း၊ ဆရာကြီး ဦးသော်ဇင်နှင့်

အချို့သောပုဂ္ဂိုလ်တို့သည် ယနေ့ ကျွန်တော်တို့နှင့်အတူ အသက်ထင်ရှားမရှိကြသော်လည်း ထိုပုဂ္ဂိုလ်များ၏ ကျေးဇူးသည် အဖွဲ့ကို နှစ် (၅၀) တိုင် ခိုင်ခိုင်မာမာ တည်တံ့နိုင်ရေးအတွက် အထူး အရေးပါခဲ့ပါသည်။

ထိုမျှမက အဖွဲ့၏ ရည်ရွယ်ချက်လုပ်ငန်းများ ဆထက်ထမ်းပိုး အောင်မြင်ရန်နှင့် မြန်မာနိုင်ငံ အနှံ့အပြား ပျံ့နှံ့အောင် မိမိတို့၏ ဘဝနှင့်တန်ဖိုး မဖြတ်နိုင်သော အချိန်များကို ပဓာနမထားဘဲ အားကြိုးမာန်တက် နှစ်အပိုင်းအခြားအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော အချိန်ပိုင်း သာသနာပြုပုဂ္ဂိုလ်များ၊ အဖွဲ့ စတင် တည်ထောင်စဉ်မှ ယနေ့ထိ အချိန်ပြည့် သာသနာပြုနေသော သာသနာပြုပုဂ္ဂိုလ်များ၏ ကျေးဇူးတရားသည် လည်း အဖွဲ့အတွက် တန်ဖိုးမဖော်ပြနိုင်အောင်ပင် ကြီးမားလှပါသည်။

အထက်တွင် ဖော်ပြခဲ့သော ကျေးဇူးရှိခဲ့သူများ၏ ကျေးဇူးတရားတော်များကို ပြန်လည် သတိရနေရန်နှင့် အဖွဲ့၏ ရှေ့လုပ်ငန်းများ တိုးတက်ကောင်မွန်ရေးအတွက် သင်ခန်းစာများယူရန် တာဝန်ရှိသည်နှင့်အညီ ရှေးရိုးစဉ်လာအရ သနန္တန ဓမ္မပါလကအဖွဲ့၏ နှစ် (၅၀) ပြည့်အထိမ်းအမှတ်အဖြစ် သင်္ကြာဇ် (၂၀၀၀)ပြည့် ဇန္နဝါရီလ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နေ့များတွင် အစီအစဉ်များ ချမှတ်၍ ရန်ကုန်မြို့တွင် တခန်းတနား ကျင်းပရန် စီစဉ်ရခြင်း ဖြစ်ပါသည်။

သနန္တန ဓမ္မပါလကအဖွဲ့ နှစ် (၅၀) ပြည့် အထိမ်းအမှတ် လုပ်ငန်းစဉ်များအဖြစ်

(၁) ယခင်က နေ့စဉ် ဗလငါးတန် ဖွဲ့ဖြိုးရေး လေ့ကျင့်ခြင်းလုပ်ငန်း (ရှာခါး) ရှိခဲ့ပြီး၊ အကြောင်း ကြောင်းကြောင့် ပိတ်နေသော ရှာခါးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊

(၂) ယခင် ရှာခါးလုံးဝ မရှိသေးသော နေရာဒေသများတွင် ရှာခါးများ ပေါ်ပေါက်လာရေး၊

(၃) ရှာခါးများတွင် မြို့နယ် ဇုံ ဗဟိုအဆင့်ထိ အဆင့်ဆင့် ကာယပိုင်းဆိုင်ရာ ပြိုင်ပွဲများ၊ ရိုးရာ အားကစားပွဲများ၊ ဉာဏ်ပိုင်းဆိုင်ရာ ပြိုင်ပွဲများ (ဓမ္မတေး၊ ဆဲယဂီတ၊ ကျဘန်းစကားပြိုင်ပွဲ၊ စကားရည်လုပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အန်သာချရီ ခေါ် အုပ်စုလိုက် စုပေါင်းဓမ္မတေးပြိုင်ပွဲ) များ၊ ဟိန္ဒူရိုးရာ ယဉ်ကျေးမှု သီ၊ ဆို၊ က ပြိုင်ပွဲများ ကျင်းပပြီး အနိုင်ရရှိသူများအား ဆုချီးမြှင့်ပေးရေး၊

(၄) သနန္တန ဓမ္မပါလကအဖွဲ့၏ နှစ်ငါးဆယ်ခရီးဆောင်ရွက်ခဲ့ပြီးသော အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍများအလိုက် ဓါတ်ပုံပြပွဲ ခင်းကျင်းပြသရေး၊

(၅) ဟိန္ဒူများအတွင်း လူမှုဝန်ထမ်းစိတ် ပိုမိုရင့်ကျက်လာစေရန် ဟိန္ဒူများအား လုံး သွေးလှူဒါန်းရေးနှင့် အမြဲတန်း သွေးလှူရှင်များ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ရေး၊

(၆) နှစ် (၅၀) အတွင်း သနန္တန ဓမ္မပါလကအဖွဲ့မှ ဦးဆောင်၍ ပြုလုပ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ မှတ်တမ်းမှတ်ရာများကို နောင်လာနောက်သားတို့ လေ့လာမှတ်သားနိုင်ဘွယ် ရေးသား၍ မှတ်တမ်းတင် ဓါတ်ပုံများဖြင့် ဝေဝေဆာဆာ နှစ် (၅၀) ပြည့် အထိမ်းအမှတ် စာစောင်ပြုစု ထုတ်ဝေရေးတို့ပင် ဖြစ်ပါသည်။

အထူးဝမ်းမြောက်စွာတင်ပြလိုသည်မှာ အထက်ဖော်ပြပါ အစီအစဉ်များအား လုံး ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ တိုင်းရင်းသား ဓမ္မမိတ်ဆွေများ၊ ဟိန္ဒူဓမ္မမိတ်ဆွေများ၏ စေတနာ၊ မေတ္တာ အပြည့်အဝတို့ဖြင့် အားပေးကူညီမှုများ ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ် (၅၀) ပြည့် အထိမ်းအမှတ် အစီအစဉ်များအား လုံး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အဖွဲ့၏ မေတ္တာရပ်ခံ တောင်းပန်လျှောက်ထားချက်အရ ဩဝါဒကထာ ပေးပို့ခဲ့ကြသော၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော် ပရိယတ္တိသံဃ တက္ကသိုလ် နာယကချုပ် ဆရာတော်ဘုရားကြီးတို့အား အထူးကျေးဇူးတင် ပူဇော်ကန်တော့အပ် ပါသည်။

အဖွဲ့၏ မွန်မြတ်သော လုပ်ငန်းများ ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ရန် မေတ္တာစေတနာ ရှေ့ထား၍ ဩဝါဒအမှာစကား ပေးပို့ခဲ့သော မြန်မာနိုင်ငံအစိုးရ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်အား အထူးကျေးဇူး ဥပကာရတင်ရှိပါသည်။ အမှာစာရေးသားပေးပို့ခဲ့သော သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ရှရီ အက်စ်၊အန်၊ ဂိုအင်ကာ(ဂုရုဂျီ)တို့အား လည်း အထူးကျေးဇူးတင်ရှိပါသည်။ အလားတူ အမှာစာများပေးပို့ခဲ့ကြသော၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. SHRI SHYAM SARAN JEE, မြန်မာနိုင်ငံဆိုင်ရာ တော်ဝင်နီပေါနိုင်ငံ သံအမတ်ကြီး H.E. SHRI SHATCHIT SHAMSHER J.B. RANA JEE, မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူ သာသနာရေး ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ SHRI G.S. SHARMA JEE, နှင့် ပြည်တွင်းပြည်ပမှ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား လည်းကောင်း၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဟင်ဒီဘာသာတို့ဖြင့် ဆောင်းပါးများ ရေးသားပြုစုပေးခဲ့ကြသော မြန်မာ တိုင်းရင်းသား စာပေရှင်ကြီးများ၊ ဟိန္ဒူစာပေရှင်ကြီးများ အား လုံးအား အထူးကျေးဇူးတင်ရှိပါသည်။ နှစ် (၅၀) ပြည့် အထိမ်းအမှတ် အစီအစဉ်များ အား လုံး ခန်းနားထည်ဝါစွာကျင်းပနိုင်ရေးအတွက် အထိမ်းအမှတ်စာစောင်တွင် စီးပွားရေးကြော်ငြာများ ထည့်သွင်း၍ ပါဝင်ကူညီအားပေးခဲ့ကြသော တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိန္ဒူဘာသာဝင် စီးပွားရေး လုပ်ငန်းရှင်ကြီးများ ငွေအား လူအား အကြံဉာဏ်အား နေရာထိုင်ခင်းများဖြင့် အမြဲတန်းကူညီပေးခဲ့ကြသော ရှရီရှရီ ကာလီမယ်တော် ဘုရားကျောင်း ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ရှရီ လက္ခမီနာရာရန် ဓမ္မသာလာ ဂေါပကအဖွဲ့ဝင် လူကြီးများ၊ ဟိန္ဒူ ဓမ္မသာလာဂေါပကအဖွဲ့ဝင်များ SATSANG ဂေါပကအဖွဲ့ဝင်များ၊ နာတူးကိုတိုက် ချစ်တီးယားမတ်(ထ်) ဘုရားကျောင်း ဂေါပကအဖွဲ့ဝင်များ၊ ရှရီ ဒွဲရ်ဂါဘာရီ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ရာမာကရစ်ရှနား ဘုရားဝတ်ပြု ကျောင်း ဂေါပကအဖွဲ့ဝင်များနှင့် ရန်ကုန်မြို့ပေါ်ရှိ ဟိန္ဒူဘုရားကျောင်းအသီးသီးမှ ဂေါပကအဖွဲ့ဝင်များအား လုံးတို့အား အထူး ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

နှစ် (၅၀) ပြည့် ပြက္ခဒိန်ထုတ်ဝေ ဖြန့်ချိရေးနှင့် နှစ် (၅၀) ပြည့် အထိမ်းအမှတ်စာစောင် ထုတ်ဝေဖြန့်ချိနိုင်ရေးတို့အတွက် အဖက်ဖက်မှ ကူညီထောက်ပံ့မှုပေးခဲ့ကြသော သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ စာပေစီစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်လူကြီးများအား လည်း အထူးကျေးဇူးတင် ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

အခန်းအနားများ ကျင်းပနိုင်ရေးအတွက် ကျင်းပခွင့်ပြုခဲ့ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား လုံးတို့အား ကျေးဇူးတင်ရှိပါသည်။ ထို့အတူ အခန်းအနားကျင်းပနိုင်ရန် နေရာထိုင်ခင်းခွင့်ပြုခဲ့ကြသော ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်အားလုံးတို့နှင့် အဖက်ဖက်မှ ကိုယ်အား၊ ဉာဏ်အား၊ ဓနအား တို့ဖြင့် ဝိုင်းဝန်း ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူမှန်သမျှ အားလုံးတို့အား အထူး ဝမ်းမြောက်ဝမ်းသာ ကျေးဇူးဥပကာရ တင်ရပါကြောင်း ဖော်ပြအပ်ပါသည်။

(ဘီမဆင်မနီချာ (ခ) ဦးကြည်မင်း)

ဒုတိယ ဥက္ကဋ္ဌ
သနန္တနဓမ္မပါလကအဖွဲ့

အမှုဆောင်ဥက္ကဋ္ဌ
နှစ် (၅၀)ပြည့် အထိမ်းအမှတ်ကျင်းပရေးဗဟိုကော်မတီ

သန္တာန ဓမ္မပါလကအဖွဲ့

မြန်မာနိုင်ငံတွင် ဟိန္ဒူတို့၏ "ဆံဃ" အဖွဲ့တစ်ဖွဲ့ရှိသည်ကို နိုင်ငံတော် အနှံ့အပြား သိကြသောသူများ ရှိကြသော်လည်း သူတို့သိကြသော အဖွဲ့၏ နာမည်အမှန်၊ လိပ်စာအမှန်နှင့် လုပ်ဆောင်သည့် လုပ်ငန်းများနှင့် ပတ်သက်၍မူ ကောင်းစွာ၊ မှန်ကန်တိကျစွာ မသိကြပေ။ ဤသို့ ဖြစ်ရခြင်း အကြောင်းရင်းကို ရှာရလျှင် "ဆံဃ" အဖွဲ့မှာ ဤကိစ္စကို အရေးမပေးဘဲ လုပ်ငန်းဆောင်ရွက်ခြင်းကိုသာ အဓိကထားခြင်းကြောင့် ဖြစ်သည်ဟုဆိုရမည်။ သို့ဖြစ်၍ ယခုဆံဃအဖွဲ့စတင်ဖွဲ့စည်းနေဆဲနှစ်တွင် အဖွဲ့အကြောင်းကို စုံလင်စွာဖော်ပြရန် လိုအပ်သည်ဟု ထင်ပါသည်။ သို့မှသာလျှင် အဖွဲ့အကြောင်းကို မှန်ကန်စွာ ကြိုတင် သိနားလည်ကြပြီး ရှေ့တွင် အဖွဲ့လုပ်ငန်းဆောင်ရွက်ရန် လူအများအပြား ယုံကြည် အားထားမှု၊ ယိုင်းပင်းကူညီမှုများ၊ ပံ့ပိုးမှုများ တိုးပွားလာဦးမည်ဖြစ်သည် ဟုထင်၍ ဤနေရာတွင် အနည်းငယ်ဖော်ပြရခြင်း ဖြစ်သည်။

အဖွဲ့စတင်သည့် အရင်က မြန်မာနိုင်ငံရှိ ဟိန္ဒူတို့၏ အခြေအနေ၊

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး မရခင်က ဟိန္ဒူများ နိုင်ငံတော်အနှံ့အပြားတွင် လုပ်ငန်းအမျိုးစုံ လုပ်ကိုင်၍ နေထိုင်ခဲ့ကြသည်။ မိမိတို့ ရိုးရာဘာသာ ယဉ်ကျေးမှုဓလေ့များကို ကျင့်ဆောင်ကြလျက် အများနှင့်အတူ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကိုပါ ချစ်မြတ်နိုးစွာ ထိန်းသိမ်း စောင့်ရှောက်ကြသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် အုပ်ချုပ်ရေးအခြေအနေ ပြောင်းလာသည်နှင့်အညီ လူမှုရေး၊ ဘာသာရေး စသည့်ဘက်တွင်လည်း ဖြစ်ပေါ်ပြောင်းလဲမှုများ တွေ့ရလေသည်။ ထိုအချိန်က အခြေအနေကို လေ့လာလျှင် ဟိန္ဒူတို့တွင် ကိုးကွယ်သည့်ဘာသာရေး အယူအဆ၊ ဂိုဏ်းအသီးသီး၊ ဝါဒဘာသာ စာပေစကားအသီးသီး တို့အလိုက် ဖွဲ့စည်းတည်ထောင်ထားသော ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များ ရှိကြသည်။ ဘာသာရေး အယူအဆအလိုက် ဘုရားကျောင်းများ ရှိကြသည်။ စာသင်ကျောင်းများ၊ ကုသိုလ်ဖြစ်ဆေးရုံများ၊ ဆေးပေးခန်း များ စသည့် လူမှုရေးနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များလည်း ရှိကြသည်။ သို့သော် ဟိန္ဒူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် မည်သည့်အသင်းအဖွဲ့မှမှ မရှိခဲ့။

ဟိန္ဒူတို့၏ မည်သည့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းမဆို လက်ရှိအိန္ဒိယနိုင်ငံခေါ် ဘာရတမြေပေါ်မှ စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုလျှင် မမှားပါ။ လွန်ခဲ့သော နှစ်ဆယ်ရာစုအစပိုင်းတွင် ထိုဘာရတမြေပေါ်တွင် RASTRIYA SWAYAMSEVAK SANGH အမည်ရှိ အဖွဲ့တစ်ဖွဲ့ကို ၁၉၂၅ ခုနှစ်တွင် ဒေါက်တာဟေဒ်ဂေးဝါ၏ အမည်ရှိ ပုဂ္ဂိုလ်တစ်ဦးက စတင်တည်ထောင်ခဲ့လေသည်။ ၎င်းအဖွဲ့သည် မွန်မြတ်သော ရည်ရွယ်ချက်များထားရှိကာ အမျိုးဘာသာ၊ သာသနာအကျိုး ဆောင်ရွက်ပေးကြသည့် လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေး၍ တစ်နေ့ တစ်ခြား တိုးတက်လျက်ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ပွဲကြီး ဖြစ်ခိုက်တွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ရွှေ့ပြောင်းသွားသော ဗိသားစုများမှ ကလေးသူငယ်များတစ်ချို့ RASTRIYA SWAYAMSEVAK SANGH ၏ လုပ်ငန်းနှင့် ဆက်သွယ်မိကြသည်။ စစ်ပြီးသွားပြီး ဗိသားစုနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လာသော အခါ ထိုသူငယ်များသည် ရန်ကုန်မြို့တွင် SANGH SHAKHA ကစားနည်းများအတိုင်း ပြုလုပ်ကြသည်ကို အပေါင်းအဖော် လူငယ်လူရွယ် ကလေးသူငယ်များ အားတက်သရော ပါဝင်လာကြသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ဆံဃအဖွဲ့မျိုးစေ့များ ရောက်ရှိကာ တဖြည်းဖြည်းအမြစ်တွယ် လာလေသည်။ ထိုစဉ် ဤရှာခါးကစားနည်းများကို ရှရိပရိဘုလာလ်၊ ရှရိဘရိန္နာဗန်၊ ရှိရိပရေမ်ကန္ဒစသည့် လူငယ်များ ဦးစီးပေးကြသည်။ ရှားခါးများတွင် ရိုးရာကစားနည်းများ ကစားခြင်း၊ လူကောင်းလူမွန်များ၏ ဘဝဖြစ်စဉ်များကို ပြောပြခြင်း၊ ယဉ်ကျေးမှု ရှိခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ စာရိတ္တမြင့်မားခြင်း၊ ရာမာယဏ - မဟာဘာရတကျမ်းများမှ ပုံပြင်များပြောခြင်း၊ အမျိုးဘာသာ သာသနာအကျိုးဆောင်စိတ်ဖြစ်ပေါ်စေသော သီချင်းများဆိုခြင်းတို့ကြောင့် ကလေးများ အလွန်သဘောကျကြလေသည်။ ဤအချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၄၇-၄၈ ခုနှစ်လောက်က ဖြစ်လေသည်။

ဆံဃလုပ်ငန်း စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ ကလေးသူငယ်များ ကစားခြင်းမျှသာ ရှိလေသည်။ ဤသို့ဖြင့် ရန်ကုန်မြို့အလယ် နှစ်နေရာ သုံးနေရာ၌သာ ပြုလုပ်နိုင်ခဲ့သည်။ ရှရိပရိဘုလာလ်ကြီးမှ ဤကလေးသူငယ်များကို ဦးစီးကာ တစ်ခါတစ်ရံ စည်းဝေးစေ၍ ရက္ခာ ဗန္ဓန၊ ဝိဇယဒသမီး စသည်ပွဲတော် အခါတော်နေ့ကျင်းပပေးလေ့ရှိသည်။ ဤသို့ ပွဲများကျင်းပသောအခါ ကလေးတို့၏ မိဖဆွေမျိုးများကို ဖိတ်ခေါ်သည်ရှိ၍ ထိုမိဖများက မိမိတို့ကလေးသူငယ်များ စည်းကမ်းရှိရှိ၊ စနစ်တကျ ဆောင်ရွက်နေခြင်းကိုကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ အားပေးလာကြသည်။ ထိုစဉ် ဟိန္ဒူလူကြီးများအဖြစ် လူမှုရေး၊ ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များကိုပါ တစ်ခါတစ်ရံ ဖိတ်ခေါ်၍ ကလေးများအား ဆုံးမစကား ပြောဆိုစေလေ့ရှိသည်။ ရှာခါးနည်းစနစ်အတိုင်း နေ့စဉ်မှန်မှန် ပြုလုပ်ဆောင်ရွက် လာနေပြီးဖြစ်သော်လည်း အဖွဲ့နာမည်မှတ်၍ စနစ်တကျ ဖွဲ့စည်းပေးခြင်း မရှိသေးပါ။

၁၉၄၉ ခုနှစ် နိုဝင်ဘာလတွင် ရှိရိမန်ဂလ်ဆင်းကျိး အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ မိဘများနှင့်တွေ့ဆုံရန် ရောက်လာသည်။ သူသည် မြန်မာနိုင်ငံဖွားမန္တလေးမြို့သားတစ်ဦး ဖြစ်ပြီး သူများနည်းတူ စစ်ဖြစ်ခိုန်၌ မိဘစုနှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားခဲ့သည်။ အိန္ဒိယတွင် ကျောင်းပညာသင်ကြားနေခိုန် RASTRIYA SWAYAMSEVAK SANGH အဖွဲ့နှင့် ဆက်သွယ်မိခဲ့သည်။ သူသည် အဖွဲ့လုပ်ငန်းကို လုပ်နေရင်း မိမိဘဝကို အမျိုး ဘာသာ ယဉ်ကျေးမှုအတွက် ပရဟိတ အကျိုးဆောင်ရွက်သွားရန် ဆုံးဖြတ်ထားသူ ဖြစ်လေသည်။ သူသည် မိမိဘဝကို အများအကျိုးအတွက် ဆောင်ရွက်ပေးနိုင်ရန် အရည်အချင်းကောင်းများဖြင့် ဖြည့်ဆည်း၍ အဖွဲ့လုပ်ငန်းများအား ပန်ဂျပ်ပြည်နယ်တွင် ဆောင်ရွက်နေခဲ့လေသည်။

ရန်ကုန်မြို့တွင် ရှာခါးလုပ်ငန်းစ၍ လုပ်နေကြသည်ကို မန်ဂလ်ဆင်းကျိး သိသောအခါ ချက်ချင်းဆက်သွယ်လာသည်။ ကလေးသူငယ်များ သူနှင့်တွေ့၍ လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ရန်ကုန်မြို့ရှိ ထိုရှာခါးများ အားသစ်မွေးလာကာ စနစ်တကျ ကစားခြင်း၊ ပတ္ထနာ ပြုလုပ်ခြင်း၊ သီချင်းသီဆိုခြင်းများ ပြုလုပ်လာတတ် ကြသည်။ ထို့ပြင် ရှာခါးမှန်မှန် တက်လာကြသူဦးရေ တစ်စတစ်စ တိုးပွားလာခဲ့သည်။

ရှာရိမန်ဂလ်ဆင်းသည် ထိုအချိန်က လူကြီးများနှင့် ဆက်သွယ်ရပြီးဖြစ်၍ ၎င်းတို့နှင့် ဆွေးနွေးပြီး ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ၌ ကျရောက်သည့် မကရဆံကရန်သီပွဲတော် မဂ်လာနေ့ရက်တွင် ရန်ကုန်မြို့ရှိ သျှရီဗသျန္ဒားဘရီ ဘုရားကျောင်းတွင် ဖိတ်ခေါ်၍ မကရဆံကရန်သီ ပွဲတော်ကျင်းပလေသည်။ ထို အစီအစဉ်၌ ရန်ကုန်မြို့တွင် BHARTIYA SWAYAMSEVAK SANGH အဖွဲ့ဟု အမည်မှည့်၍ ရှာခါးများကို စနစ်တကျ ပြုလုပ်ဆောင်ရွက် စေခဲ့လေသည်။ များမကြာမီ ရန်ကုန်မြို့တွင် ဖွင့်လိုက်သော SANGH အဖွဲ့အကြောင်း ပျံ့နှံ့သွားလေသည်။ ရှာခါးများတွင်မူ အားသစ်လောင်းလိုက်သည့်အလား ဖြစ်လေသည်။

ဤသို့ဖြင့် ရန်ကုန်မြို့တွင် ဆံဃအဖွဲ့ကို တရားဝင်ဖွင့်လှစ်ပြီး ရှာခါးများ စနစ်တကျပြုလုပ် ဆောင်ရွက်လာသော်လည်း အဖွဲ့ရုံးခန်း မထားနိုင်ခဲ့ဘဲ ဆွယ်စေဝကတစ်ယောက် SHRI KISHORI LAL JI ၏ နေအိမ်တွင် အခန်းတစ်ခန်း ပေးထား၍ ထိုအခန်းကိုပင် ဆံဃအဖွဲ့၏ ရုံးခန်းဟု သတ်မှတ်ကာ ဆွယ်စေဝကများ စုဝေးကာ၊ အစည်းအဝေးများ ပြုလုပ်ရန်နေရာ ဖြစ်လေသည်။ SHRI KISHORI LAL JI မိသားစုသည် ဆွယ်စေဝက မိသားစုဖြစ်လေသည်။ SHRI MANGAL SEN JI ကမူ အာရိယဆမာဂျ် ဘုရားကျောင်းတွင် တည်းခိုနေလေသည်။

ရန်ကုန်မြို့တွင် BHARJIYA SWAYAMSEVAK SANGH အဖွဲ့ ဖွဲ့စည်းပြီးနောက် ရှရိမန်ဂလ်ဆင်းကျိးသည် မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီးစသည့်

မြို့များတွင်လည်း ရွာခေါင်းများဖွင့်လှစ်၍ ဆယ်အလုပ် စတင်လုပ်ကိုင်စေခဲ့ပါသည်။ ရွှရီမန်ဂလ်ဆင်းကျိး ရန်ကုန်မြို့တွင် မရှိခဲ့်နှင့်တွင် နယ်ကရွာခေါင်းများနှင့်မှန်မှန် ဆက်သွယ်ထားရခြင်းကိစ္စကို ရွှရီပရဘုလားလ်ကျိးက ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့အလယ် ရွာခေါင်းသုံးခုအပြင် သယ်နှုန်းကျွန်းမြို့နယ်တွင်လည်း ရွာခေါင်းဖြစ်နေခဲ့လေသည်။ ဆွယ်စေဝက ဦးရေမှာ တစ်စတစ်စတိုးပွား လာခဲ့သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ဆယလုပ်ငန်း စတင်ခဲ့ခြင်းဖြစ်လေသည်။ တစ်နှစ်တစ်နှစ်ခွဲတာမျှကြာသော ကာလအတွင်းမှာပင် ရန်ကုန်မြို့တွင် ဆယအဖွဲ့ သည် စည်းကမ်းရှိပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သောအဖွဲ့အဖြစ် နာမည်ကျော်ကြားလာခဲ့သည်။ ဆယအဖွဲ့မှ ရက္ခာဝန်ဒန်း၊ ဝိဂျယဒသမိ၊ ဂုရုပူရိကိမာ စသည့်ပွဲတော်များ တခမ်းတနား ကျင်းပလာခဲ့သည်။ ဆွယ်စေဝကများ၏ မိသားစုများတွင်လည်း အဖွဲ့နှင့်ပတ်သက်၍ စိတ်ဝင်စားလာကြသည်။ အားပေးကူညီမှုများလည်း ပေးကြသည်။

မြန်မာနိုင်ငံတွင် ဆယလုပ်ငန်းစတင်၍ ကောင်းစွာအမြစ်တွယ်ပြီး ခိုင်မာမှုမရှိသေးခင်မှာပင် ရွှရီမန်ဂလ်ဆင်းကျိး အိန္ဒိယသို့ ပြန်ရလေသည်။ သူသည် Stay Permit နှင့် နေထိုင်ရသည်ဖြစ်ရာ Permit ကုန်နေပြီဖြစ်၍ ဆက်နေ၍မဖြစ်တော့ဘဲ ဖြစ်သွားလေသည်။ ဤသို့ ဖြစ်ရခြင်းကြောင့် မွဲ့စည်းသည့်ကာလသက်တမ်းနှုသေးသော မြန်မာနိုင်ငံ ဆယလုပ်ငန်းအတွက် အခက်အခဲကြီး တစ်ခုပင်ဖြစ်လေသည်။ သို့သော် ဆွယ်စေဝက အမှုဆောင်များမှာမူ စိတ်ဓာတ်မကျဘဲ ရွာခေါင်းလုပ်ငန်းကို အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ကြလေသည်။ နယ်တွင် ဖွင့်လှစ်ထားသော ရွာခေါင်းများတွင် လူကိုယ်တိုင်သွားရောက်၍ ကြည့်ရှုအားပေးခြင်း မပြုနိုင်သော်လည်း ရွှရီပရဘုလားလ်ကျိးမှ အမြဲတမ်းစာဖြင့်အဆက်အသွယ်ထားကာ အကျိုးအကြောင်း မေးမြန်းခဲ့ပါသည်။ နယ်မှ ရန်ကုန် မြို့သို့ ကိုယ်ပိုင်အလုပ်ကိစ္စနှင့် ရောက်လာလေ့ရှိသော ဆွယ်စေဝကများအား တွေ့ဖြစ်အောင်တွေ့၍ ရန်ကုန်မြို့ပေါ်က ရွာခေါင်းသို့ခေါ်သည်။ ကိုယ်ပိုင် သို့မဟုတ် ရွာခေါင်းဆိုင်ရာ အခက်အခဲများရှိလျှင်လည်း လိုအပ်သ၍ ဖြေရှင်းကူညီဆောင်ရွက်ပေးသည်။ ဤသို့ ပြုလုပ်ခြင်းကြောင့် နယ်မှလာသော ဆွယ်စေဝက ညီနောင်များလည်း ရွှရီပရဘုလားလ်ကျိးနှင့် တွေ့ဖြစ်အောင်တွေ့၍ ရွာခေါင်းကိစ္စအတွက် သော်လည်းကောင်း၊ မိမိကိုယ်ပိုင် ကိစ္စအတွက်သော်လည်းကောင်း လိုအပ်သည့် လမ်းညွှန်မှုများ ရရှိကြသည်။ ဤသို့ဖြင့် ရွာခေါင်းများ မြန်မာနိုင်ငံတွင် ဆက်လက် မှန်မှန်တိုးတက်လာခဲ့သည်။

ထိုအချိန်အထိ ရွာခေါင်းမှန်မှန်တက်ကြသော ရန်ကုန်မြို့ အလယ်ကရွာခေါင်းမှ ရွှရီဘင်ဒရားဘန်းကျိး၊ ရွှရီမွန်နားလားကျိး၊ ရွှရီပရေး(မ်) ကျန်းကျိးစသည့် ဆွယ်စေဝကတို့သည် ရွှရီပရဘုလားလ်ကျိးနှင့်အတူ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်၍ ရွာခေါင်းလုပ်ငန်းအတွက် တာဝန်သိ ကာရယကရသာအဖြစ် ဆောင်ရွက်ပေးကြလေသည်။ မကရဆဲကရန်သိနေ့ကို ဆယအဖွဲ့ စတင်ဖွဲ့စည်းသည့်နေ့အဖြစ် လည်းကောင်း၊ ဂုရုပူရိ ကိမာ၊ ရက္ခာဝန်ဒန်း၊ ဝိဇယဒသမိပွဲတော်များကို တခမ်းတနား ကျင်းပလေ့ရှိကြသည်။ နယ်က ရွာခေါင်းများတွင်လည်း ကျင်းပရန်တိုက်တွန်းကြသည်။ ဤသို့ဖြင့် ရွှရီမန်ဂလ်ဆင်းကျိး ပြန်သွားပြီးနောက် တာဝန်သိ ကာရယကရသား ဆွယ်စေဝကများ၏ ကြိုးစားအားထုတ်မှုကြောင့် ဆယလုပ်ငန်း ရပ်တန့်မသွားဘဲ ဆက်လက်ဆောင်ရွက်နေသည်။ သို့သော်လည်း အချိန်ပြည့် ပရကျာရ(က်) တစ်ဦးမရှိရခြင်း ဝေဒနာကိုမူ အားလုံးခံနေကြရခြင်းသာ ဖြစ်သည်။ တစ်ခါတစ်ရံ အိန္ဒိယမှ မန်ဂလ်ဆင်းကျိး ရောပို့သောစာကိုဖတ်ရ၍ အားရဝမ်းသာ ဖြစ်ကြသည်။

၁၉၅၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ Dr. SHYAMA PRASAD MUKHAR JI အမည်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဦးမှ မြတ်စွာဘုရား၏ လက္ခာရဲ့ နှင့် လက်ဝဲရဲ့ ဖြစ်တော်မူကြသော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလန် မထေရ်မြတ်တို့၏ ဓါတ်တော်များ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ အပူဇော်ခံနိုင်ရန်၊ ကိန်းဝပ်တော်မူရာ စံချီစေတော်မှ မြန်မာနိုင်ငံသို့ ပင့်ဆောင်လာသည်။ ဒေါက်တာမူကာရ်ဂျီးသည် အိန္ဒိယပြည် RASTRIYA SWAYAMSEVAK SANGH အဖွဲ့လူကြီးများနှင့်လည်း အနီးကပ်ဆက်ဆံသော ပုဂ္ဂိုလ်ဖြစ်လေသည်။ သူအား ဂုဏ်ပြုရန် အစီအစဉ်တစ်ခုကို ရန်ကုန်ရွာခေါင်းက ဆွယ်စေဝကများမှပြုလုပ်ခဲ့သည်။ ဒေါက်တာ မူကာရ်ဂျီး အိန္ဒိယနိုင်ငံသို့ ပြန်သွားသောအခါ ဆယပုဂ္ဂိုလ်များထံသို့ မြန်မာနိုင်ငံ ဆယအကြောင်း အခြေအနေများ ပြောပြသည်။

အားသစ်မွေးလာခြင်း

၁၉၅၆ ခုနှစ်တွင် ရွှရီဂုရုကြီး၏ (၅၁) နှစ်မြောက် မွေးနေ့အခမ်းအနားကို အိန္ဒိယနိုင်ငံ တစ်ဝန်းရွာခေါင်းများမှ ကျင်းပဆင်နွှဲရန် အစီအစဉ် များ ပြုလုပ်ကြသည်။ ထိုအချိန်ထိ ဆယလုပ်ငန်းကို အိန္ဒိယနိုင်ငံမှအပ တောင်အာဖရိက၊ ကင်ညာနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ဓတင်လုပ်ကိုင် ကြသည်ဖြစ်ရာ အိန္ဒိယ၌ ကျင်းပသကဲ့သို့ပင် သူတို့လည်းကျင်းပရန် လုပ်ဆောင်ကြလေသည်။ ထိုအချိန် မြန်မာနိုင်ငံ မုံရွာမြို့ဇာတိဖြစ်သော ရွှရီရားမ်ပရကာရ်ှမီးရ်ကြီး အိန္ဒိယမှ မြန်မာနိုင်ငံသို့ ပြန်လာရန်ပြင်ဆင်နေချိန် ဖြစ်သည်။ ရွှရီရားမ်ပရကာရ်ှမီးရ်ကြီးလည်း မန်ဂလ်ဆင်းကျိးကဲ့သို့ပင် ဒုတိယကမ္ဘာစစ်ဖြစ်စဉ်က မိဘများနှင့်အတူ အိန္ဒိယပြည်သို့ ရွှေ့ပြောင်းသွားခဲ့လေသည်။ သူသည်လည်း တက္ကသိုလ်ကျောင်းသားဘဝမှ ပန်ကျပ်ပြည်နယ်က ရွာခေါင်းနှင့်ဆက်သွယ်မိ၍ မိမိဘဝတစ်ခုလုံးကို အမျိုး ဘာသာ သာသနာအတွက် မြှပ်နှံထားလေသည်။ ရွှရီရားမ်ပရကာရ်ှ မီးရ်ကျိးသည် မြန်မာနိုင်ငံတွင် ဆယလုပ်ငန်းစတင်နေကြောင်းကို ရွှရီမန်ဂလ်ဆင်းကြီးမှတစ်ဆင့် ကြိုတင်သိထားလေသည်။

ရွှရီရားမ်ပရကာရ်ှမီးရ်ကျိးသည် မြန်မာနိုင်ငံသို့ ၁၉၅၆ ခုနှစ်တွင် ရောက်လာကာ မုံရွာမြို့တွင် မိဘဆွေမျိုးများအကြား ရက်အနည်းငယ် နေထိုင်၍ ဆယလုပ်ငန်းကို ရန်ကုန်မြို့မှနေ၍ ဆက်လက်ဆောင်ရွက်လေသည်။ ယခင် KISHORI LAL JI အိမ်မှာ အဖွဲ့ရုံးခန်းဖွင့်ထားခဲ့သော်လည်း သူတို့မိသားစုတစ်ခြားမြို့သို့ ပြောင်းရွှေ့နေကြရသဖြင့် ရုံးခန်းမရှိခဲ့။ ရွှရီရားမ်ပရကာရ်ှမီးရ်ကျိးသည် ရန်ကုန်မြို့၊ ၃၇ လမ်းနှင့် ဝိုလ်ချုပ်လမ်းထောင့်ရှိ မော်လမြိုင်ကျောင်းတိုက်ဆရာတော်ကြီးအား လျှောက်တင်၍ ယာယီနေထိုင်ခွင့်ပြုပေးသည်။ ရွှရီရားမ်ပရကာရ်ှမီးရ်ကျိးသည် ထိုနှစ်တွင်ရွှရီဂုရုကြီး၏(၅၁)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ရန်ကုန်မြို့ တွင် ကျင်းပ၍ ရရှိခဲ့သော ပူဇော်ငွေ ၁၀၀၀၀/ ဖြင့် ထိုအချိန် တည်ဆောက်နေဆဲ ယခု သနန္တန ဓမ္မပါလက အဖွဲ့ချုပ်တည်ရာ အခန်း (၂) ခန်းကို စပေါ်ငွေပေးကာ ငှားလိုက်ကြသည်။ ဤသို့ တစ်နှစ်တိတိ မိမိကျောင်းတော်၌ နေထိုင်ခွင့်ပြုလေသော မော်လမြိုင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်မှာ မနည်းလှဘိတကား။

ရွှရီရားမ်ပရကာရ်ှမီးရ်ကျိးသည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် အခြေချ၍ မြန်မာနိုင်ငံတစ်ဝန်း ဆယရွာခေါင်းများ ဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်များ ပြုလုပ်ပေးသည်။ ဤအတွက် ရန်ကုန်မြို့သည် အဖွဲ့၏ ဗဟိုဌာနဖြစ်သည့်အလျောက် အားကောင်းစေရမည့်အချက်ကို အလေးဂရု ပြုကာ ဦးစွာပထမ ရန်ကုန်မြို့က ရွာခေါင်းများခိုင်မာတောင့်တင်းလာစေရန် ကြိုးစားခဲ့လေသည်။ ယခင် ကာရ်ယကရ်တာများလည်း စိတ်ဓာတ် တက်ကြွစွာ ရွာခေါင်းလုပ်ငန်းအတွက် မနားမနေဆောင်ရွက်လာခဲ့ရာ အဖက်ဖက်မှ အဖွဲ့အခြေအနေ ကောင်းမွန်လာလေသည်။

ဗုဒ္ဓဝင်ပြပွဲပြသခြင်း

၁၉၅၆ ခုနှစ် မေလ၌ ကမ္ဘာအေးဘုရားကြီးတွင် ၂၅၀၀ နှစ်မြောက် ဗုဒ္ဓဇယန္တီ ပွဲတော်ကြီးကျင်းပရန် အစီအစဉ်ရှိခဲ့လေသည်။ ကမ္ဘာကျော် ဆဋ္ဌသံယာယနတင်ပွဲ ပြီးမြောက်အောင်မြင်သည့် အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပနေခြင်းဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်ကြီးများ ကြွရောက်လာကြပြီး ဤပွဲတော်ကို နိုင်ငံတော်မှ အမှုဆောင်ပြု၍ ကျင်းပနေခြင်းဖြစ်လေသည်။

ဤပွဲတော်၌ အစီအစဉ်အမျိုးမျိုးများအကြားတွင် ဟိန္ဒူများဘက်မှ ဗုဒ္ဓဝင်ပြပွဲ တစ်ရပ်ကိုခင်းကျင်းပြသခွင့်ရ၍ ထိုပြပွဲကြီးကို အဆင့် အတန်းမီအောင် ပြင်ဆင်ပြသရန် တာဝန်ကို ရွှရီရားမ်ပရကာရ်ှမီးရ်ကျိးမှ သူ၏ ဆွယ်စေဝကများဖြင့် အောင်မြင်စွာခင်းကျင်းပြသပေးရန် တာဝန်ယူရလေသည်။

ဤ ဗုဒ္ဓဝင်ပြပွဲသည် မြန်မာနိုင်ငံတွင် ဤကဲ့သို့သော ပထမအကြိမ်ပြသသော ပွဲကြီးဖြစ်ရာ ရွှရီရားမ်ပရကာရ်ှမီးရ်ကျိးလည်း နေ့ည မပြတ် ဆွယ်စေဝကများနှင့်အတူ ပြခန်းပြင်ဆင်မှုများကို အချိန်ပို မရပ်မနား ဆောင်ရွက်ရလေသည်။ ဤမျှ ကြိုးစားဆောင်ရွက်မှုများ အဘယ်မှာ မအောင်မြင်ဘဲ

ဖြစ်အံ့နည်း။ မျော်မှန်းထားသည်ထက်ပင် ပိုမိုအောင်မြင်လာ၍ မြန်မာနိုင်ငံအနှံ့အပြားတွင်သာမက ကမ္ဘာအနှံ့မှ ဤပွဲတော်ကြီး သို့ ရောက်ရှိကြသော ရဟန်းရှင်လူအပြောက်အများပင် ဤပြပွဲကို အထပ်ထပ်အခါခါ ကြည့်ရှုလေ့လာကြလေသည်။ ပြပွဲပြသခြင်း၏ ရလာဒ်အဖြစ် ဤအဖွဲ့ကို လူအများသိရှိလာကြပြီး ယုံကြည်အားထားလာခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရပ်ရပ်မှ ဤကဲ့သို့ ပြပွဲလာရောက်ပြသပေးရန် ဖိတ်ခေါ်ကြပါသည်။

ဆံယဇ္ဈာခါးများ တိုးချဲ့ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတွင် ဆံယအဖွဲ့ကို စတင်ဖွဲ့စည်းပြီး ၁၉၅၀ မှ ၁၉၅၆ ခုအထိ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီးမြို့များအပြင် တစ်ခြားမည်သည့်နေရာ၌ ရှာခါးမဖွင့်ရသေးဘဲဖြစ်နေသည်။ ရှရီရာမ်ပရကာရှ်မိဇ်ရ်ကျီးသည် ၁၉၅၃ ခုနှစ် ဧပြီလ ကျောင်းပိတ်ရက်တွင် အဖွဲ့၏ ပထမအကြိမ် တစ်နိုင်ငံလုံးဆိုင်ရာ သင်တန်းကို မန္တလေးမြို့ ရှရီဂုဂျရာသီကျောင်းတွင် ပြုလုပ်ရာ မန္တလေး၊ ရန်ကုန်၊ မုံရွာ၊ ရွှေဘို၊ ပြင်ဦးလွင်၊ တောင်ကြီး၊ ဇေယျဝတီမြို့များမှ ဆွယ်စေဝကများ ၁၅၀ ကျော် တစ်ပတ်သင်တန်းကို တက်ရောက်ကြလေသည်။ သင်တန်းမှာ ဗလငါးတန်ဖွဲ့ဖြိုးရေး သင်တန်းဖြစ်ပြီး မြန်မာနိုင်ငံ ဟိန္နူဆမာဂျ်တွင် ပထမဦးဆုံးအကြိမ် ဤကဲ့သို့သော သင်တန်းပေးခြင်း ဖြစ်လေသည်။ ထိုနှစ်မှစ၍ ယနေ့တိုင် ဤဗလငါးတန် ဖွဲ့ဖြိုးရေးသင်တန်းကို မြန်မာနိုင်ငံ အနှံ့အပြားတွင် နှစ်စဉ်ဖွင့်လှစ်၍ မပျက်မကွက် ဆောင်ရွက်လာ ပါသည်။

သင်တန်းပြီးသည့်နောက် များမကြာမီ ရှရီရာမ်ပရကာရှ်မိဇ်ရ်ကျီး သင်တန်းတက်ရန် ရောက်လာခဲ့ကြသည်။ ဆွယ်စေဝကများ၏ နေရာဌာနသို့ ကိုယ်တိုင် အရောက်သွား၍ ၎င်းတို့အား ရှာခါးလုပ်ငန်းများစကြရန်နှင့် အရံရှာခါးများဖွင့်ကာ ဆွယ်စေဝကဦးရေ များစေရန် တိုက်တွန်းခဲ့လေသည်။ ဤသို့ရှာခါးရှိရာ နေရာများသို့ တစ်နှစ် (၂) ကြိမ်ခန့် ဆရာကြီးကိုယ်တိုင် အရောက်သွားခဲ့သ[illegible] ဤတွင် ရှာခါးအသစ် ကိုလည်း ဖွင့်ပေးလေ့ရှိရာ တစ်နှစ်ထက်တစ်နှစ် အခြေအနေမတူဘဲ ပိုမိုတိုးတက် လာခဲ့သည်။ ဤသို့ဖြင့် ၁၉၆၃ ခုနှစ်အထိ မြန်မာနိုင်ငံရှိ မြို့နယ် (၃၅) မြို့နယ်များတွင် ဥပရှာခါး (၁၀၀) ကျော်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ် ရန်ကုန်မြို့တော်ရှိ မြို့မကျောင်းကြီးတွင် ဖွင့်လှစ်သည့် နွေရာသီ ဗလငါးတန်ဖွဲ့ဖြိုးရေး သင်တန်း၌ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဖွင့်သောသင်တန်းများအနက် အကြီးဆုံးဖြစ်ပြီး ဆွယ်စေဝက ဦးရေ (၃၀၀) ဝတ်စုံပြည့်ဖြင့် သင်တန်းတက်ကြပါသည်။ ဤအချိန်အထိ ဆံယအဖွဲ့သည် မြန်မာနိုင်ငံတွင် ဟိန္နူတို့၏ ဘာသာရေး၊ လူမှု[illegible]လုပ်ငန်းများအတွက် အားကိုးလောက်သော အဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်လွင်လာပါသည်။ ဆံယလုပ်ငန်းကို အချိန်ပြည့်တာဝန်ယူ ဆောင်ရွက်ရန် ပရကျာရ်(က်)၊ ဝိ(စ်)သာရက်များလည်း ပေါ်ထွက်လာကြသည်။ ၁၉၆၃ ခုနှစ်၌ပင် ရွှေဘိမြို့၌ သနန္တန ဓမ္မ ကလေးသူငယ်များစောင့်ရှောက် ရေးစခန်းအမည်ဖြင့် တိုင်းရင်းသားလူမျိုးများအတွင်း ဆံယအဖွဲ့လုပ်ငန်း ဆောင်ရွက်ရန်ကြိုးပမ်းလာသည်။ သစ္စာရောင်ခြည် မဂ္ဂဇင်းကို မြန်မာဘာသာ၊ ဟိန္ဒီဘာသာဖြင့် စတင်ထုတ်ဝေကြသည်။ ပြက္ခဒိန်ကိုလည်း ထိုအချိန်မှစ၍ နှစ်စဉ်ထုတ်ဝေလေသည်။ အဖွဲ့အမည်ကိုလည်း ယခင် BHARTIYA SWAYAMSEVAK SANGH အစား SANATAN DHARMA SWAYAMSEVAK SANGH ဟု အမည်ပြောင်းလိုက်သည်။ ရှာခါးများတွင် နေ့စဉ်ပြုအပ်သော ပတ္ထနာနှင့် သစ္စာအဓိဋ္ဌာန် စာတမ်းကိုပါပြောင်းလိုက်သည်။

ဤသို့ ဆံယအဖွဲ့ တိုးတက်ရေးအတွက် အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နေချိန်တွင် ၁၉၆၄ ခုနှစ်မှစ၍ ၁၉၇၂ အတွင်း ဆံယ အဖွဲ့ဝင် အများအပြား နိုင်ငံခြားသို့ ရွှေ့ပြောင်းသွားရပါသဖြင့် ရှာခါးများ ပြန်၍တစ်ကြိမ် ပိတ်သွားခဲ့ရပါသည်။

ဟိန္နူဓမ္မသင်ကြားပို့ချရေး

၁၉၇၀ ပြည့်နှစ်အထိ ဆံယအဖွဲ့လုပ်ငန်းဖြစ်သော ရှာခါးကို ရန်ကုန်၊ ကျောက်တံခါး၊ ဇေယျဝတီ၊ မန္တလေး စသည့်နေရာများ၌သာ ဆောင်ရွက်ရပါသည်။ အခြားအခြားသော နေရာများ၌ လူတို့သည် ဘာသာရေး၊ လူမှုရေးကိစ္စများကို အကြောင်းပြလာကာ ဥပေက္ခာပြုလုပ် လာကြသည်။ ကလေးသူငယ်များတို့တွင် မိမိတို့ ဘာသာယဉ်ကျေးမှုဆိုင်ရာ အသိပညာတစ်စတစ်စ ခေါင်းပါးလာသည်။ လူတို့စိတ်ဓာတ်ကျပြီး မည်သို့မျှမပြုလုပ်ချင်ကြပေ။ ထို့ကြောင့် ၁၉၇၁ ခုနှစ်မှစ၍ ဟိန္နူဓမ္မ အခြေခံသင်တန်းကလေးများ ဖွင့်၍ ဟိန္ဒီ၊ မြန်မာ၊ တမိလ်၊ တေလုဂူ၊ နေပါလီ ဘာသာတို့ဖြင့် အခြေပြု ဟိန္နူဓမ္မ အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃) သင်တန်းစာအုပ်များ ပြုစုထုတ်ဝေကာ စေတနာဆရာများဖြင့် အခမဲ့ သင်ကြားပို့ချပေးပါသည်။ ဤသင်တန်းသား/သူများအတွက် နှစ်စဉ်ဝါဆိုလပြည့်နေ့၌ ဘာသာရေးစာမေးပွဲများ ကျင်းပကာ အောင်မြင် ကြသော ကျောင်းသား/သူများအား အောင်လက်မှတ်နှင့် ပထမ၊ ဒုတိယ၊ တတိယ အဆင့်မှ အောင်မြင်သော သူတို့အား ထိုက်တန်သော ဆုတံဆိပ်များ ခီးမြှင့်ပေးပါသည်။ ဤကိစ္စများကို အများကူညီမှုဖြင့် ဖြစ်စေလိုကာ တိုက်တွန်းနှိုးဆော်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ကျောင်းသား/သူ (၇၀၀) မှ (၁၀၀၀) အထိ ဓမ္မစာမေးပွဲများကို ဖြေဆိုလာကြသည်။

သနန္တနဓမ္မရိပ်သာ

၁၉၇၂ ခုနှစ်တွင် သနန္တနဓမ္မရိပ်သာကို ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝှမ်း ဟိန္နူ ကလေးသူငယ်များအား မိမိတို့ဘာသာရေး၊ ယဉ်ကျေးမှုသင်တန်းများ၊ သက္ကတဘာသာ စာသင်ကျောင်းများ ဖွင့်ပြီး ရိုးရာစာပေများ သင်ကြားခြင်း ကို ဆောင်ရွက်လာခဲ့ပါသည်။ အများ၏ ကူညီမှုဒါနဖြင့် သူရဿတီ မယ်တော်ကျောင်းတော်ကြီး တည်ထားကာ နေ့စဉ်ဘုရားဝတ်ပြု ပူဇော်ခြင်းများ ဆောင်ရွက်လာပါသည်။

ဗုဒ္ဓဝင်ပြပွဲများပြသခြင်း

သနန္တနဓမ္မ ပါလကအဖွဲ့မှ ပြသပေးသော ဗုဒ္ဓဝင်ပြပွဲကို မြန်မာနိုင်ငံအနှံ့အပြား မြို့ပေါင်း (၆၄) မြို့နယ်များတွင် (၆၉) ကြိမ်တိုင်တိုင် ခင်းကျင်းပြသခဲ့ပြီး ဖြစ်ပါသည်။ ၁၉၅၆ ခုနှစ်က စတင်ပြသခဲ့သော ဗုဒ္ဓဝင်ပြပွဲကို ထိုအချိန်ကစ၍ ၁၉၇၂ ခုနှစ်အထိ မန္တလေးမြို့ အိမ်တော်ရာ ဘုရားတွင်လည်းကောင်း၊ မုံရွာ[illegible] ဇရပ်ဝိုင်ဓမ္မာရုံတွင်လည်းကောင်း၊ ပြင်ဦးလွင်မြို့ နှစ် (၁၀၀) ပြည့်ပွဲတော်တွင် လည်းကောင်း၊ ရွှေဘိမြို့ မြို့တောင့်စေတီတော်ပွဲကြီးတွင်လည်းကောင်း ပြသခဲ့ပါသည်။ ထိုမှတစ်ဖန် ၁၉၇၄ ခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီး ဘုရားပွဲတော်တွင် တစ်ခမ်းတစ်နားခင်းကျင်းပြသခဲ့ရာ အောင်မြင်စွာပြသပေးခဲ့ပါသည်။ ထို့အပြင် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများတွင်လည်း အကြိမ်ကြိမ် သွားရောက်၍ ခင်းကျင်းပြသခဲ့ပါသည်။

ဘာသာရေးနှင့် ယဉ်ကျေးမှု စာပေပြုစုထုတ်ဝေခြင်း

သနန္တနဓမ္မ ပါလကအဖွဲ့သည် ဟိန္နူဘာသာယဉ်ကျေးမှု အနှစ်သာရများ မပျောက်မပျက်စေဘဲ အဓွန့်ရှည်စွာ တည်တံ့နိုင်စေခြင်း အတွက် ဟိန္နူဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စာပေ၊ စာအုပ်၊ စာတမ်း၊ စာစောင်၊ မဂ္ဂဇင်းတို့ကို အခါအားလျော်စွာ ထုတ်ဝေဖြန့်ချိခြင်းတို့ကိုလည်း စွမ်းဆောင်လျက် ရှိပါသည်။ သစ္စာရောင်ခြည် မဂ္ဂဇင်းကို လစဉ်ထုတ်ဝေ၍ မြန်မာနိုင်ငံမှ ဘာသာရေးနှင့် ယဉ်ကျေးမှု၊ သမိုင်း ဆိုင်ရာစာပေများ ရေးသား ပြုစုပေးသော စာရေးဆရာကြီးများ၏ ရေးသားချက်များဖြင့် ၁၉၈၃ ခုနှစ်ကတည်းက ထုတ်ဝေလာခဲ့ပါသည်။ အလားတူ ဟိန္နူဘာသာရေးစာပေများကို မိခင်ဘာသာစာပေသင်ကြား ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါသည်။

ဤသို့ဖြင့် သနန္တနဓမ္မပါလကအဖွဲ့သည် ဟိန္နူဘာသာယဉ်ကျေးမှုနှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို မြန်မာနိုင်ငံတွင် အရှိန်အဟုန်မြင့်၍ အောင်မြင်စွာ ဆောင်ရွက် လျက်ရှိရာ နှစ် (၅၀) ပြီးမြောက်လာပြီဖြစ်၍ နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ်ပွဲကို ကာယ၊ ဉာဏနှင့် ယဉ်ကျေးမှု ဆိုင်ရာ အစီအစဉ်အမျိုးမျိုးဖြင့် အထိမ်းအမှတ်ပွဲများ ကျင်းပလျက်ရှိပါသည်။

နှစ်ပေါင်းငါးဆယ်

ဦးသန်းထွန်း (ရွှေဘို)

မြန်မာနိုင်ငံလုံးဆိုင်ရာ သနန္တရဓမ္မပါလက အဖွဲ့ကြီး၏ သက်တမ်း နှစ်(၅၀)ပြည့်ပြီဖြစ်၍ ရွှေရတုသဘင် ကျင်းပတော့မည်။ ထိုရွှေရတုအမိ ရွှေရတုစာစောင်ကိုလည်း ထုတ်မည်။ စာမူရေးပေးပါဟု ဦးယာဒဝက ပန်ကြားခဲ့သည်။ ကျွန်တော် ရေးမပို့ဖြစ်သေးသဖြင့် ဦးယာဒဝက ထပ်၍သတိပေးပြန်သည်။ ထိုအခါကျမှ ဤစာကို ရေးဖြစ်တော့သည်။

အဖွဲ့အစည်း၊ ဌာန၊ ကျောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လူပုဂ္ဂိုလ် စသည်တို့၏ သက်တမ်းအလိုက် အထိမ်းအမှတ်များ သတ်မှတ်ထားကြသည်။ ဤသတ်မှတ်ချက်မှာ မူလက လက်ထပ်မင်္ဂလာ နှစ်လည်ပွဲများအတွက်ဖြစ်သော်လည်း ယခုသော်ကား တစ်စုံတစ်ခုသော အမှတ်တရအဖြစ်အပျက်ကို ရည်ညွှန်းသုံးစွဲနေကြလေပြီ။ ထိုအထိမ်းအမှတ်များအနက် အနှစ် (၂၅)နှစ် ငွေရတု၊ (၃၀)နှစ် ပုလဲရတု၊ (၃၅)နှစ် ကျောက်စိမ်း၊ သန္တာရတု၊ (၄၀)နှစ် ပတ္တမြားရတု၊ (၅၀)နှစ် ရွှေရတု၊ (၆၀)နှစ် စိန်ရတု တို့လောက်ကိုသာ အလေးထား ကျင်းပလေ့ရှိကြသည်။

ထိုကဲ့သို့ကျင်းပခြင်းနှင့်အတူ အထိမ်းအမှတ် ပြက္ခဒိန်၊ ကဒ်ပြား၊ ခေါက်စာ၊ ကြော်ငြာ၊ စာရွက်စာတမ်း၊ စာအုပ်၊ မဂ္ဂဇင်း၊ ကျမ်းစာ စသည်များကိုလည်း အမှတ်တရထုတ်ဝေလေ့ရှိကြ၏။ ထိုရေးသားထုတ်ဝေမှုများတွင် သက်ဆိုင်ရာဌာန သို့မဟုတ် လူ၊ ပုဂ္ဂိုလ်၏ ထိုသက်တမ်းအတွင်း ဆောင်ရွက်အော်ဒြင်မြင်မှုများကို ချီးကျူးထောပနာပြု၍ ရေးသားဂုဏ်ပြုကြသည်။

ဤအလေ့အထမှာ ဗုဒ္ဓမြတ်စွာဘုရား၏ သင်ကြားချက်နှင့် ကိုက်ညီသော အလွန်ကောင်းမွန်သည့် လုပ်ရပ်ပင်။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားက တစ်စုံတစ်ဦး ကြီးပွား ချမ်းသာနေလျှင်၊ အောင်မြင်နေလျှင်၊ တိုးတက်နေလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ရမည်ဟု ဆုံးမတော်မူသည်။ ၎င်းကို မုဒိတာတရားဟုခေါ်လေသည်။ အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး၏ အောင်မြင်မှုကို ဂုဏ်ပြုခြင်းသည် မုဒိတာဖြစ်ခြင်းပင်။ သို့အတွက် ဤအထိမ်းအမှတ်စာစောင်ကို မုဒိတာစာစောင်ဟု ခေါ်ဆိုသင့်ပေသည်။

ဤစာကိုရေးနေစဉ် ကျွန်တော်၏စားပွဲပေါ်တွင် သနန္တရဓမ္မပါလကအဖွဲ့နှင့်ပတ်သက်သော စာအုပ်စာတမ်းတွေ ရှိနေလေသည်။ ထိုအထဲတွင်- B.S.S., Burma, Rangoon ဆိုသော စာစောင်ကလေးမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သဖြင့် အရောင်ပင် ဝါကျန်နေပြီး ဆွေးလုမတတ်ဖြစ်နေလေပြီ။ ထိုစာစောင်ကလေးကို ၁၉၆၀ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ရာ နှစ် (၄၀)ခန့် ကြာမြင့်ခဲ့လေပြီ။ စာစောင်ကို အင်္ဂလိပ်၊ မြန်မာ၊ ဟိန္ဒီသုံးဘာသာဖြင့် ရေးသားထားသည်။

စာစောင်၏အဖုံး အတွင်းဘက်တွင် ဒေါက်တာဟက်ဂိဝါး၏ ပုံကိုလည်းကောင်း၊ ထိုပုံနှင့်ယှဉ်လျက် လက်ယာဘက်တွင် ရှရီဂုရုဂျီး၏ပုံကိုလည်းကောင်း၊ ဦးစွာဖော်ပြထား၏။ ထိုအထဲတွင် ပါဝင်သော အခြားဓါတ်ပုံများကား-

(၁) မုံရွာမြို့တွင် ကျင်းပသော ဗုဒ္ဓဝင်ပြပွဲတွင် ဗုဒ္ဓသာသနာတော် ကမ္ဘာပေါ်သို့ ပြန့်ပွားသွားခြင်းအကြောင်း၊ ရှရီရာမ်းပရ ကါရ်ဓီးရ် (ခေါ်) ဆရာကြီး ဦးစိန်တင်က ရှင်းလင်းတင်ပြနေပုံ (စာမျက်နှာ - ၃)

(၂) ဗုဒ္ဓသာသနာ ၂၅၀၀ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီတွင်ပြသသော ဗုဒ္ဓဝင်ပြပွဲပုံကြီး (စာမျက်နှာ - ၃)

(၃) ၁၉၅၇ ခုနှစ်၊ ဧပြီလတွင် မန္တလေးမြို့၌ဖွင့်လှစ်သော ပထမအကြိမ် သင်တန်းစခန်းတွင် အဝတာရ်ဆင်းကျိုးမိန့်ခွန်းပြောနေပုံ (စာ-၆)

(၄) ၁၉၅၈ တွင် ရန်ကုန်မြို့၊ အောင်ဆန်းကွင်း၌ ကျင်းပသော သင်တန်းမှ သရုပ်ပြကွက်တစ်ခု (စာ-၈)

(၅) ရန်ကုန်မြို့၊ လူထုပညာရေးဌာနတွင် ကျင်းပသော ဒုတိယ အကြိမ် သင်တန်း (စာ-၈)

(၆) အိန္ဒိယသံအမတ်ကြီး(ငြိမ်း) အဖွဲ့၏ အခမ်းအနားတွင် စကားပြောနေပုံ (စာ-၁၄)

(၇) ယဉ်ကျေးမှုဝန်ကြီး ဦးချစ်သောင်းအား ဒေါက်တာ မဟာဗီးရ်နှင့် ဆရာကြီးဦးစိန်တင်တို့နှင့်တွေ့ရပုံ (စာ-၁၄) စသည်တို့ဖြစ်သည်။

ထို စာစောင်ကလေးထဲတွင် ဌာနအကြီးအကဲများ၊ ခေါင်းဆောင်များ၊ ကျောင်းအုပ်ကြီးများ၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကိုလည်း တွေ့ရှိရသည်။ သနန္တနဓမ္မပါလက အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်း ဖော်ပြထား သည်။

ကျွန်တော့်ရှေ့မှောက်ရှိ အခြားစာအုပ်များကား ပုဂ္ဂိုလ်ထူး၊ ကျွန်ုပ်တို့၏လုပ်ငန်းနှင့်တာဝန်များ၊ ဗုဒ္ဓဝင်သမိုင်းအကျဉ်း၊ သနန္တနဓမ္မပါလကအဖွဲ့၊ ဗုဒ္ဓဝင် ဦးစိန်တင်နှင့် ကျွန်တော့် စာအုပ်များပင်။ ၎င်းတို့မှာကား ဆရာကြီး ဦးစိန်တင်နှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့ပြီးနောက် သနန္တနဓမ္မပါလက အဖွဲ့အကြောင်းကို လေ့လာသိရှိရပြီး ကျွန်တော်ရေးသားခဲ့သော စာအုပ်များပင် ဖြစ်ပါသည်။

၎င်းတို့အပြင် ကျွန်တော်၏ရှေ့တွင် သနန္တနဓမ္မပါလကအဖွဲ့ အကြောင်းကိုလည်းကောင်း၊ ဗုဒ္ဓဝင်ပြပွဲအကြောင်းကိုလည်း ကောင်း၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူများ၊ စာရေး ဆရာများ၊ လူမျိုးစုများ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ ရေးသားမှတ်တမ်းတင်ခဲ့ကြသော ဆောင်းပါးများ နှင့် ထင်မြင်ချက်မှတ်တမ်းများလည်း ရှိနေပါသည်။ ဗုဒ္ဓဝင် ပြပွဲကိုကြည့်ရှုပြီးနောက် မိမိတို့၏စိတ်ထဲတွင် ဖြစ်ပေါ်လာသော ခံစားချက်၊ ယူဆချက်၊ ထင်မြင်ချက်၊ ဝေဖန်ချက်များ ရေးသား ထားကြသည်မှာ အုပ်တွဲပေါင်းများစွာပင်ရှိပြီး ဖတ်၍မငြီးအောင် ပင် ရှိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သနန္တနဓမ္မပါလကအဖွဲ့၏ ရည်ရွယ် ချက်နှင့် လုပ်ငန်းစဉ်များအကြောင်းကို ကျွန်တော်သည် အထက် ဖော်ပြပါ စာအုပ်စာတမ်းများတွင် ရေးသားခဲ့ပြီးဖြစ်ပါ၍ ဤတွင် ထပ်မံမရေးလိုတော့ပါ။ အထက်တွင် ကျွန်တော်ပြောခဲ့သော စာစောင်ကလေးနှင့်ဓာတ်ပုံတွေကို ပြန်ကြည့်လိုက်တော့ ဇာတိ၊ ဇရာ၏သဘောကို ပိုမိုလေးနက် လေ့လာမိပါသည်။ ထိုစဉ်က ငယ်ရွယ်နုပျိုခဲ့ကြသော ကျွန်တော်တို့တတွေသည် ယခု အသက် အရွယ်တွေ ကြီးလာကြပြီ။ ထိုဓာတ်ပုံတွေ၊ ထိုလှုပ်ရှားမှုတွေသည် အတိတ်၏အရိပ်သဖွယ် နောက်မှာကျန်ခဲ့ကြပြီ။

ဆရာကြီး ဦးစိန်တင်သည် အသက်အရွယ်ကြီးလာသော်လည်း ယခုထိ ကျန်းမာရေးကောင်းဆဲ၊ ရွှင်လန်းတက်ကြွဆဲ၊ အလုပ်ကို ကြိုးစားဆောင်ရွက်ဆဲပင်၊ ဆရာကြီးသည် ပရဟိတ အများအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့် ပုဂ္ဂလ ဝိသေသတစ်ဦးပင် ဖြစ်ပါသည်။

နှစ်တွေ လတွေ ကြာညောင်းလာ၍ အဟောင်းအဟောင်းတို့ ကြွေပြီး အသစ်အသစ်တွေဝေလာသော်လည်း မှန်ကန် ကောင်း မြတ်သည့် ဗုဒ္ဓတရားတော်ကား ဘယ်အခါမျှအိုမသွား၊ ဟောင်း မသွားပါ။ အစဉ်မှန်ကန်နေပါသည်။ အစဉ်သစ်လွင် နေပါသည်။ တကယ်တော့ အချိန်သည် အမှန်တရား၏ မှတ်ကျောက်ပင်၊ အမှန်တရားသည် အချိန်ကြာမြင့်လာ၍ ပျက်စီးသွားသော သဘောမရှိပါ။ ကြာလေ ကောင်းလေ၊ ဟောင်းလေ သစ်လေပင် ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခဲ့သည်မှာ ယခု နှစ်ပေါင်း (၂၅၄၃)နှစ် ရှိခဲ့ပြီဖြစ်သော်လည်း မြတ်ဗုဒ္ဓ၏ တရားတော်သည် ကမ္ဘာပေါ်မှ ကွယ်ပျောက်သွားခြင်း မရှိခဲ့ပါ။

သနန္တနဓမ္မပါလကအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များတွင် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ပြန့်ပွား ထွန်းကားရေး လုပ်ငန်းစဉ် ပါဝင်နေသဖြင့် အထူးပင် နှစ်ခြိုက်မိပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တည်တံ့ပြန့်ပွားအောင် မိမိတို့ စွမ်းနိုင်သလောက် ကြိုးစားဆောင်ရွက်ကြဖို့ ဗုဒ္ဓဘာသာဝင် အားလုံးတို့တွင် တာဝန်ရှိပါသည်။ ကျယ်ကျယ်ပြန့်ပြန့် မစွမ်း ဆောင်နိုင်သည့်တိုင် မိမိ၏မိသားစုအတွင်း၊ မိမိ၏ ပတ်ဝန်းကျင် အတွင်းမှာ ဗုဒ္ဓအဆုံးအမ တည်နေအောင်တော့ ကြိုးစားသင့်ကြ ပါသည်။

ယနေ့ခေတ် မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ဗုဒ္ဓ သာသနာတော် ထွန်းကားပြန့်ပွားရေးကို အထူးအားပေး ဆောင်ရွက်နေသဖြင့် အားတက်စရာကောင်းလှပါသည်။ ယနေ့ခေတ်တွင် ရန်ကုန်မြို့တော်မှစ၍ ရပ်ကွက်ကျေးရွာများ အထိ ဗုဒ္ဓဘာသာရေးလှုပ်ရှားမှုများ၊ လှူဒါန်းမှုများ၊ ခြိမ့်ခြိမ့် သဲသဲဖြစ်ပေါ်နေပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘာသာသွေးသည် အမြဲ နွေးလျက်ရှိပါသည်။ ဘယ်တုန်းကမျှ သွေးမအေးသွားခဲ့ပါ။ တိုင်းတစ်ပါးလက်အောက် ယာယီ ရောက်ခဲ့ရစဉ်ကလည်း အမျိုး၊ ဘာသာ၊ သာသနာကို အခြေခံ ပြီး စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သနန္တနဓမ္မပါလကအဖွဲ့ကြီးအနေဖြင့်လည်း ငွေရတုမှ သည် ရွှေရတုသို့၊ ရွှေရတုမှသည် စိန်ရတုသို့ စသည်ဖြင့် သက်တမ်းတွေရှည်ကြာသွားသော်လည်း မိမိတို့၏ မူလပဓာန အခြေခံ လုပ်ငန်းစဉ်ဖြစ်သော ဗုဒ္ဓသာသနာတော် ပြန့်ပွား ထွန်းကားရေးနှင့် အမျိုး၊ ဘာသာ၊ သာသနာစည်ပင် တိုးတက် ရေးတို့ကို ဆက်လက်၍ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ကြ ပါစေဟု ဆုမွန်ဆန္ဒပြုလိုက်ပါသည်။

❑ ❑ ❑ ❑ ❑

အဖြတ်ဆိုး အလုပ်

ပါရဂူ

Rashtriya Swayamsevak Sangh (R.S.S) သည် အိန္ဒိယနိုင်ငံ၌ရှိသော ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပတ်သက်သည့် အကြီးမားဆုံးအဖွဲ့အစည်းကြီးတစ်ခု ဖြစ်သည်။ ဒေလီမြို့တွင် ဌာနချုပ်ထားပြီး အိန္ဒိယနိုင်ငံအနှံ့အပြား၌ ဌာနခွဲများရှိရုံမျှမက ကင်ညာ၊ မောရီရှပ်၊ မလေးရှား၊ နီပေါ၊ အင်ဒိုနီးရှား၊ ဒိန်းမတ်၊ အင်္ဂလန်၊ ကနေဒါ၊ အမေရိကန်၊ ပြင်သစ်စသော ပြည်ပနိုင်ငံများ၌လည်း ဌာနခွဲများရှိသည်။ စည်းကမ်းအလွန်တင်းကြပ်သော အဖွဲ့အစည်းကြီးဖြစ်သည်။ အသင်းကြီး၏ "ပရကျာရက်" ခေါ် ကေဒါများသည် အိမ်ထောင်သားမွေးမလုပ်ရဘဲ မိမိတို့၏ဘဝကို အဖွဲ့ကြီးအတွက် မြှုပ်နှံထားရသည်။ ကေဒါများသည် အသင်းတိုက်၌ နေကြရသည်။ အဖွဲ့ကြီးက ကျွေးမွေး ထောက်ပံ့ထားသည်။ စား၌်၊ သောက်၌်၌ စုပေါင်းစားကြရသည်။ ထမင်းစား၌်၌ မိမိတို့ရှေ့မှောက်တွင် ချထားသည့် ပန်းကန်ခွက်ယောက်ထဲတွင် ထမင်း,ဟင်းနှင့် ရိုတီများကို လာထည့်ပေးသည်။ မစား၌င်တစ်မိနစ်၊ နှစ်မိနစ်လောက် ဆောင်ပုဒ်တစ်ခုကို ရွတ်ဆိုပြီးမှ စားရသည်။ ယင်းမှာ မပျက်မကွက်ဆောင်ရွက်ရသော နေ့စဉ်အလုပ်ဖြစ်သည်။

အဖွဲ့ကြီးသည် နိုင်ငံရေးအဖွဲ့အစည်း မဟုတ်ပေ။ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအဖွဲ့အစည်းဖြစ်သည်။

အဖွဲ့ကြီးကို စတင်တည်ထောင်သော ပထမဦးဆုံးဥက္ကဋ္ဌမှာ ဒေါက်တာကေရှဂဗလိ ရာမဟေ ဒဂေဝါ ဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့က အဖွဲ့ကြီး၏ ပထမဦးဆုံးဥက္ကဋ္ဌဖြစ်သူအား ဂုဏ်ပြုလေးစားသောအထိမ်းအမှတ်ဖြင့် အိန္ဒိယနိုင်ငံအစိုးရက ဥက္ကဋ္ဌကြီး၏ရုပ်ပုံရိုက်နှိပ်ထားသော တံဆိပ်ခေါင်းကို ထုတ်ဝေ ဖြန့်ချိလိုက်လေသည်။ အဖွဲ့ကြီး၏ ဒုတိယအကြိမ် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောပုဂ္ဂိုလ်မှာ မာဓဝ ဆဒါ ရှိဝ ဂိလ ဝလကာရ ဖြစ်သည်။ နံပါတ်နှစ် ဥက္ကဋ္ဌကို ဂုရုဂျီဟူ၍လည်း ခေါ်ကြသည်။

အိန္ဒိယသို့ ပဋ္ဌမအကြိမ်သွားစဉ် ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလောက်က ဦးစိန်တင်ကိုအကြောင်းပြုလျှက် ဒေလီအာအက်စ်အက်စ်ဌာနချုပ်အသင်းတိုက်ကြီးတွင် နှစ်ရက်၊ သုံးရက်လောက် တည်းခိုနေထိုင်ဖူးသည်။ ထိုအချိန်တွင် အာအက်စ်အက်စ်ခေါင်းဆောင်ကြီးများနှင့် တွေ့ရသည်။ အာအက်စ်အက်စ် ခေါင်းဆောင်များသည် မိမိတို့၏ယုံကြည်ချက်အတွက် ဘဝမြှုပ်နှံထားကြသူများ ဖြစ်သည်။ ထိုရက်အတွင်း အာအက်စ်အက်စ်၏ အာဘော်သဖွယ်ဖြစ်သော "ပန်ကျဂျနယ" ဟိန္ဒီဘာသာ အပတ်စဉ်ဂျာနယ်က မြန်မာစာပေနှင့်ပတ်သက်၍ မိဓိကို အင်တာဗျူးလုပ်သည်။ "ပန်ကျဂျနယ"ဂျာနယ်သည် စောင်ရေသိန်းချီထုတ်ဝေရ သော ဂျာနယ်ဖြစ်သည်။

အာအက်စ်အက်စ်သည် ဟိန္ဒူဘာသာ ပြန့်ပွားထွန်းကားရေးကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းကြီးဖြစ်သည်။ မိမိအနေနှင့် အာအက်စ်အက်စ်၏ နိုင်ငံရေးနှင့် ဘာသာရေးသဘောထားကို ထူးထူးခြားခြား စိတ်ဝင်စားခြင်းမရှိသော်လည်း လူမှုရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များကိုမူ အထူးစိတ်ဝင်စားသည်။ အာအက်စ်အက်စ်သည်လူမှုဝန်ထမ်းလုပ်ငန်းများကိုလည်းအားကြိုးမာန်တက် ဆောင်ရွက်သည်။

အသင်းဌာနချုပ်၏အနီး၌ အသင်းကြီး၏ ပညာရေးကော်မတီမှ ကြီးမှူး၍ အထက်တန်းကျောင်းကြီးတစ်ကျောင်း ဖွင့်ထားသည်။ အန္ဒိယတစ်နိုင်ငံလုံး၌ အသင်းကြီးမှ ဖွင့်ထားသော ကျောင်းများမှာ မူလတန်းကျောင်းမှ ကောလိပ်ကျောင်းထိ ငါးထောင်လောက်ရှိသည်။ ဆရာအတတ်သင် ကောလိပ်ကျောင်း ပေါင်း (၁၀)ကျောင်းလောက် ရှိသည်။

အသင်းကြီး၏ကျေးလက်လူမှုဝန်ထမ်းလုပ်ငန်းကို "ဆေဝါဘာရတီ"ဟု အမည်ပေးထားသည် ယင်းစိမ်ကိန်းအရ အဖွဲ့ဝင်လူကြီးများသည် ကျေးရွာလူထု၏ပညာရေးနှင့် ကျန်းမာရေး

အတွက် မကြာခဏ ကျေးရွာများသို့ ကွင်းဆင်းလေ့ရှိကြသည်။ တစ်နေ့တွင် ကျေးရွာလူထု၏ပညာရေးနှင့် ကျန်းမာရေးအတွက် ကွင်းဆင်းသည့်အဖွဲ့နှင့် ကြုံကြိုက်သောကြောင့် လိုက်ပါသွားသည်။ ဒေလီ၏အစွန်အဖျား ဆင်းရဲသားရပ်ကွက်များသို့ ရောက်သွားကြသည်။

မိမိလိုက်ပါသွားသောကားမှာ ကျန်းမာရေးကား ဖြစ်သည်။ ကားထဲတွင် ဆရာဝန်တစ်ယောက်နှင့် ဆေးများ ပါလာသည်။ ကျေးရွာဆင်းရဲသားရပ်ကွက်များသို့ ရောက်သွားသောအခါ တစ်နေရာ၌ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးချပြီး ဆရာဝန်က ဆင်းရဲသားကျေးရွာသူကျေးရွာသားများအား စစ်ဆေးမေးမြန်းပြီး ဆေးပေးသည်။ ထိုနေ့ ထိုရက် ထိုအချိန်၌ အဖွဲ့၏ ကျန်းမာရေးကား ရောက်လာမည်ဆိုသည်ကို ကြိုတင်သိထားကြသောကြောင့် ဆင်းရဲသားကျေးရွာလူထုသည် ဆရာဝန်ထံ အစုလိုက်အပြုံလိုက် ချဉ်းကပ်လာကြပြီး အခမဲ့ပေးသောဆေးများကို တောင်းယူကြသည်။

ဆင်းရဲသားကျေးရွာများမှ ကလေးသူငယ်များအတွက် ပညာရေးကိုလည်း စိမ်ပေးထားသည်။ အဖွဲ့ကြီးကစိမ်ပေးထားသော မူလတန်းအဆင့် ကျောင်းတစ်ကျောင်းသို့ ရောက်သွားသည်။ ထိုကျောင်းတွင် ကျေးရွာကလေးသူငယ်များ စာသင်နေကြသည်ကိုတွေ့ရသည်။ အလယ်တန်းအဆင့်ကျောင်း တစ်ကျောင်းသို့လည်း ရောက်သွားသည်။ ထိုကျောင်း၌ ကျောင်းတက်နေကြသော ကျောင်းသူကျောင်းသားများမှာမူ အလယ်တန်းအဆင့် အရွယ် ကျောင်းသားများဖြစ်သည်။ ကျောင်းသူကျောင်းသားများကို ဆရာမများ စာသင်ပေးသည့်အတန်းများကို ကြည့်ခဲ့ရသည်။ ဆရာမလေးများမှာ အသက် ၂၀ ကျော်ကျော်လောက်သာ ရှိကြသေးသည် အားလုံးလိုလိုပင် ဘွဲ့ရပြီးသားများဖြစ်ကြသည်။ ဆရာမလေးများသည် အသပြာဆရာမများမဟုတ်ဘဲ စေတနာဆရာမများဖြစ်ကြသည်ကို တွေ့ခဲ့ရသည်။

ကျေးရွာလူထု၏ စီးပွားရေးအတွက် စီစဉ်ပေးထားသော နေရာတစ်နေရာသို့လည်း ရောက်သွားသည်။ ထိုနေရာရှိ မြေစိုက်အဆောက်အအုံကြီးတစ်ခုထဲတွင် မိန်းကလေးများ စက်ချုပ်နေကြသည်ကို တွေ့ရသည်။ ထိုနေရာသည် ကျေးရွာလူထု၏ စီးပွားရေးအတွက် အဖွဲ့ကြီးက စီမံပေးထားသောနေရာများထဲက တစ်နေရာဖြစ်သည်။

လူလူချင်း ရိုင်းပင်းကူညီရသည်မှာ လူ၏ မဟာတာဝန်ဝတ္တရားဖြစ်သည်။ လူ့လောကရှိ ဆင်းရဲသူဆင်းရဲသားများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အကူအညီပေးခြင်းသည် အလွန်တရာမြင့်မြတ်သော အလုပ်ဖြစ်သည်။ လူသားချင်းစာနာထောက်ထားခြင်းသည် လူသားစိတ်ရှိသူတိုင်း၏ အလုပ်ဖြစ်သည်။ ကိုယ်ကျိုးမကြည့်ဘဲ ဝါဒဖြန့်ခြင်းသဘောမပါဘဲ သန့်စင်သောစေတနာဖြင့် လူမှုရေးဝန်ထမ်းလုပ်ခြင်းသည် သူတစ်ပါးအကျိုးဆောင်ရွက်ခြင်းသည် ပရဟိတအလုပ် လုပ်ခြင်းသည် လောက၌ အမွန်မြတ်ဆုံးအလုပ်ဖြစ်သည်။ အာအက်စ်အက်စ်သည် ယင်းအလုပ်ကို လုပ်ကိုင် ဆောင်ရွက်နေသည်။

ဓမ္မပဒမှ ကောက်နုတ်ချက်များ

၁။ နေမင်းသည် နေ့၌သာလျှင် တောက်ပသည်။
လသည် ညဉ့်၌သာလျှင် တောက်ပသည်။
မင်းသည် ချပ်ဝတ်တန်ဆာ ဆင်ယင်မှသာလျှင်တောက်ပ၏။
ဗြဟ္မဏသည် စျာန်၌ ဝင်စားမှသာလျှင် တောက်ပသည်။
ဝုဒ္ဓကိုယ်တော်တိုင်ကား အလုံးစုံသော နေ့ညဉ့်ကာလပတ်လုံး တန်ခိုးတော်ဖြင့် တောက်ပ၏။

၂။ အိပ်၍မပျော်သော သူအား ညဉ့်တာသည် ရှည်၏။
ခရီးပန်းသူအား တယူဇနာခရီးသည် ဝေး၏။
သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်၏။

၃။ အမိုးမလုံသောအိမ်တွင်းသို့ မိုးယိုဘိသကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းမရှိသော သူ၏ စိတ်တွင်းသို့ ကိလေသာ ရာဂသည် ယိုကျ၏။
ကောင်းစွာ မိုးထားသော အိမ်တွင်းသို့မိုးမယိုဘိသကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းသော သူ၏စိတ်တွင်းသို့ ကိလေသာရာဂသည် ယိုမကျနိုင်ချေ။

၄။ ရေမှဆယ်ကာ ကုန်းပေါ်သို့ ပစ်တင်လိုက်သောငါးသည် ဆွေ့ဆွေ့ခုန်ဘိသကဲ့သို့ စိတ်ကို ကာမဂုဏ်အာရုံမှ ထုတ်၍ ကမ္မဋ္ဌာန်းဘာဝနာသို့ တင်ပို့လိုက်သောအခါ စိတ်သည် တုန်လှုပ်နေတတ်လေ၏။

၅။ အကယ်၍ လက်၌ အနာမရှိလျှင် လက်ဖြင့်အဆိပ်ကို ကိုင်နိုင်၏။
အနာမရှိသော လက်သို့ အဆိပ်မတက်နိုင်ချေ။ ထို့အတူ မကောင်းမှုမပြုသူအား မကောင်းမှု မရှိပေ။

၆။ လောက၌ ရန်တုံ့မှုခြင်းဖြင့် ရန်တို့သည် တရံတဆစ်မျှ မပြေပျောက်ကုန်။
ရန်ကို ရန်ချင်း မတုံ့ပြန်ခြင်းဖြင့်သာလျှင် ရန်တို့သည် ပပျောက်ငြိမ်းကုန်၏။
ဤသို့ ရန်မလိုမှ ရန်ပြုခြင်းသည် ရွေးရွေးမှုဖြစ်သော သဘော တံထွာဓမ္မတာပင်တည်း။

၇။ သူတပါးတို့၏ မလျော်သောအမှုကို မရှုရာ။
သူတပါးတို့၏ ကောင်းမှု မကောင်းမှုကို မရှုရာ။
မိမိ၏ ကောင်းမှု မကောင်းမှုကိုသာ ရှုရာ၏။

ကျွန်တော်နှင့် သန္တာန်စမ္မပါလကအဖွဲ့

ဦးဟန်ဌေး (သုတေသန)

မြန်မာနိုင်ငံတော် ဟိန္ဒူအမျိုးသားများက ဖွဲ့စည်းခဲ့သော သန္တာန်စမ္မပါလကအဖွဲ့ကြီးသည် အနှစ် (၅၀)ပြည့်ပေတော့မည်။ ဤအနှစ်ငါးဆယ်ခရီးကြီးတွင် ကျွန်တော်သည် ဘေးမှနေ၍ တစ်ခါတစ်ရံ ဝင်ရောက်ကူညီခဲ့ရပုံ၊ ဤအဖွဲ့ကြီး၏စေတနာနှင့် အောင်မြင်မှုများပေါ်ပေါက်ပုံကို အရိပ်တစ်ရိပ် ပြန်လည်စိစစ်စဉ်းစားမိပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် ဘာသာရေးအသင်းအဖွဲ့တစ်ခုဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်စေ၊ အနှစ်ငါးဆယ်နှင့် ငါးဆယ်ကျော်အထိ ဆက်လက်တည်တံ့ရုံမက ရှင်သန်လှုပ်ရှားနေရန်ကိစ္စမှာ လွယ်ကူသောကိစ္စ မဟုတ်သောကြောင့်ပင်ဖြစ်ပါသည်။ ခေါင်းဆောင်များက အရည်အချင်းနှင့် အတူ အရည်အသွေးပါရှိ၍ ညီညွတ်မှုရှိခြင်း၊ အသင်းဝင်များ ကလည်း တက်တက်ကြွကြွစိတ်ဝင်စားခြင်း၊ လူတိုင်း ကျရာတာဝန်နှင့်ဝတ္တရားကို မခိုမကပ်ဘဲ ကျေပွန်စွာထမ်းဆောင်ခြင်း ဟူသော အင်္ဂါရုပ်များ တည်ရှိမှသာ အသင်းအဖွဲ့တစ်ခုသည် ကြာရှည်တည်ရှိပြီး ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ကျေပွန်စွာ ထမ်းရွက်နိုင်ကြောင်း စိစစ် တွေ့ရှိ ရပါသည်။

ဤဆောင်းပါးတွင် အထူးတင်ပြလိုသော အဓိက သိရှိ နားလည်ချက်အချို့ကိုသာ ဖော်ပြပါမည်။ အခြားအသင်းအဖွဲ့များ၊ အထူးသဖြင့် ဘာသာရေးကိစ္စလုပ်ဆောင်နေကြသော အသင်းအဖွဲ့များကလည်း စိတ်အားတက်ကြွနိုးကြားလာရန်၊ အတုယူသင့်ကလည်း လိုက်နာအတုယူရန် အဓိကပမာနအချက်တို့ကိုသာ ဖော်ပြပါမည်။ အသင်းအဖွဲ့ကိစ္စဟူသည် စိတ်ဝမ်းကွဲပြားမှု ညီညွတ်မှုပြိုကွဲမှု၊ နာမည်၊ ရာထူး၊ ငွေ၊ အခွင့်အရေး၊ သြဇာအာဏာတို့ကြောင့် ပြိုကွဲသွားရမှု၊ နာမည်ပျက်ရမှုတို့လည်း မနည်းလှသောကြောင့် အောင်မြင်မှုရသောအသင်း သို့မဟုတ် အဖွဲ့တစ်ခုခုအကြောင်းများကို စုံစမ်းလေ့လာရန်လိုအပ်လှသောကြောင့် ဝမ်းသာကြည်နူးစွာဖြင့် ဤအသင်းအဖွဲ့တစ်ခုကို နားလည် ထိတွေ့ရသလောက် ဖော်ပြပါမည်။

ပထမအချက်မှာ စတင်တည်ထောင်သော ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက် နေ့ကပင် ထိုစဉ်က ခေါင်းဆောင်များသည် သူတို့၏အခြေခံဟိန္ဒူဘာသာကြီးကို ကြည်လင်စွာ ခံယူလိုက်နာပြီးမှသာ အဖွဲ့ကို တည်ထောင်လိုက်နာနေခြင်းပင်ဖြစ်သည်။ ရည်ရွယ်ချက်များကို သာမန်ကိစ္စ အများသိကိစ္စဟုသာ သဘောမထားကြဘဲ အလွန်လေးလေးစားစား ဆင်ခြင်စဉ်းစား၍ လေးနက်စွာ နားလည်ကြသူများဖြစ်ကြသည်။ ခေါင်းဆောင်တို့ကိုယ်တိုင် အကျင့်သိက္ခာ ဂုဏ်သိက္ခာကို အလွန် ဂရုစိုက်ထိန်းသိမ်းနိုင်ခဲ့၍သာ ယနေ့တိုင် "သန္တာန်စမ္မပါလကအဖွဲ့" ဟု ထင်ပေါ်ကျော်ကြားနေခြင်းဖြစ်သည်။ ဘာသာရေးယဉ်ကျေးမှုကို ဦးထိပ်ပန်ဆင်ထားသောကြောင့် ကိုယ်ရေးကိုယ်တာကိစ္စကို မငဲ့ကွက် ဦးစားမပေးကြဘဲ အသင်း၏ တူညီသောပန်းတိုင်၊ တူညီသောလုပ်ဆောင်ချက်၊ တူညီသောလုပ်အားပေးမှု၊ တူညီသော မေတ္တာစေတနာခံယူချက်ဟူသော "တူညီမှုလေးပါး" ကို လက်ကိုင်ထားကြပေသည်။

ဒုတိယအချက်အနေဖြင့် သတိပြုမိသည်မှာ မြန်မာနိုင်ငံမြို့အတော်များများမှာ လိုက်လံ၍ "ဗုဒ္ဓဝင်ပြပွဲများ"ကို အပင်ပန်းခံ၍ ဖွင့်လှစ်ပြသပေးနိုင်သော လုပ်ဆောင်ချက်ကြီးပင် ဖြစ်ပါသည်။ ၁၉၅၆ ခု၊ ဗုဒ္ဓ ဇယန္တီသာသနာ ၂၅၀၀ ပြည့်ပွဲသာသနာတင်ပွဲကြီး စတင်ချိန် ကမ္ဘာအေးမှာ ဤဗုဒ္ဓဝင်ပြပွဲကို စတင်ဖွင့်လှစ်ပြသခဲ့ပါသည်။ ပြည်သူလူထုက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သောကြောင့် ပြည်သူ့ဆန္ဒနှင့်အညီ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ရေနံချောင်း၊ **ပြင်ဦးလွင်မြို့**၊ တောင်ကြီး၊ မကွေး၊ ရန်ကုန်၊ ပြည် စသည်မြို့ပေါင်း လေးဆယ်ကျော်တွင် ဘုရားပွဲတော်များနှင့်ဆက်စပ်၍ ဤဗုဒ္ဓဝင်ပြပွဲပြခန်းကြီးများကို ဖွင့်လှစ်ခဲ့ရာ လူငယ်လူရွယ်များသာမက သက်ကြီးရွယ်အို့တို့ပင် ဘာသာရေး၊ သာသနာရေး၊ သာသနာပြန့်ပွားပုံသမိုင်းဆိုင်ရာမှာ အလွန် ဗဟုသုတကြွယ်ဝလာကြသလို "သာသနာစိတ်ဓါတ်" တက်ကြွထက်သန်ခဲ့ကြပါသည်။ ရောက်ရှိရာမြို့များက အသိပညာ အတတ်ပညာရှင်များ၊ ဂေါပကအဖွဲ့များက လှိုက်လဲစွာ ကူညီအားပေးကြပုံကို ပြန်လည်သတိရမိပါသည်။ ဗုဒ္ဓဝင်ပြပွဲကို ယခုခေတ်လူငယ်များ သိမြင်နားလည်ရန် ဆက်လက် ပြသသင့်ပါကြောင်း လူအများကပြောဆိုသံကိုလည်း ကြားနေရပါသည်။

အမြို့မြို့အရွာရွာမှာ ခမ်းနားစုံလင်လှသော ပန်းချီကား၊ ပန်းပုများ၊ ဆင်းတုများ။ မြေပုံရုပ်ကြွများ၊ မုဒြာပုံစံများ၊ သာသနာပြန့်ပွားပုံ ရုပ်လုံးဖော်၍ ဆလိုက်မီးနှင့် တိတိကျကျ ဇာတ်ပြ

ရှင်းလင်းပေးပုံများမှာ အဖိုးတန်လှပါသည်။ ဤတွင် တာဝန်ကျသူများသည် ထိုခေတ်ထိုအခါက သွားရေးလာရေး ဆင်းရဲပင်ပန်းမှု၊ သယ်ယူပို့ဆောင်ရေးခက်ခဲမှု၊ ရာသီဥတုဒဏ်ခံရမှု၊ နေထိုင်ရေးကိစ္စခက်ခဲမှု စသည်တို့ကို ဂရုမပြုဘဲ အဆင်းရဲမျိုးစုံခံပြီး လိုက်လံပြသသော ပန်းချီဆရာများ၊ ကြိုးကြပ်သူများ၊ ပြင်ဆင်ဖွင့်လှစ်ပေးသူများ၏ ဇွဲသတ္တိကို ချီးကျူးမိပါသည်။ သူတို့သည် ကိုယ်ကျိုးမကြည့်ဘဲ စေတနာသန့်သန့်ဖြင့်ပင် ရရှိသော အလှူငွေများကို ပြန်လည်လှူဒါန်းခဲ့သည်ချည်း ဖြစ်ကြသည်။ ထိုခေတ်ကို "ဗုဒ္ဓဝင်ပြပွဲတော်" သို့မဟုတ် "နယ်လှည့် ဗုဒ္ဓဝင်ပြခန်းများ"ဟု သမိုင်းမှတ်တမ်းတင်ရပါသည်။ လူထုကြီး၏ မှတ်ချက်စာအုပ်ကြီးလည်း တည်ရှိဆဲဖြစ်ပါသည်။

တတိယအဓိကပြုချက်မှာ ဤအဖွဲ့သည် နွေရာသီရောက်တိုင်း ကျောင်းပိတ်ချိန်ရက်ကြာကြာရတိုင်း သင်တန်းမျိုးစုံ ဖွင့်လှစ်သင်ကြားပြသလေ့ကျင့်ပေးနိုင်သော စွမ်းဆောင်ချက်ကြီးပင် ဖြစ်သည်။ ဤအဖွဲ့.ကြီး၏မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်လျာထားချက်အရ ကလေးသူငယ်များ၊ လူလတ်ပိုင်း၊ လူရွယ်များကို ဘာသာရေးစာပေပို့ချမှုအပြင် ကျန်းမာရေးအားကစားမှုကိစ္စ၊ ဂီတ၊ ပြဇာတ်၊ အကပဒေသာကိစ္စ၊ အားကစားယှဉ်ပြိုင်မှုကိစ္စအထိ စုံလင်အောင် သင်ကြားပို့ချပေးနိုင်ပေသည်။ အချို့နိုင်ငံများတွင်လည်း လူငယ်ပိုင်း၊ လူလတ်ပိုင်းအရွယ်များ စိတ်မလေလွင့် အကျင့်စာရိတ္တမပျက်စီးရန် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သစ္စာကို စောင့်ထိန်းရန်၊ နွေရာသီစခန်းများ မျိုးစုံ ဖွင့်လှစ်သင်ကြားပေးနေကြပါသည်။ "Summer Camps", Vacation Training", "Good Time for Students" စသည်ဖြင့် ခေါ်ဝေါ်ကြပြီး ပန်းချီပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ ဆို-က-ရေး-တီးပြိုင်ပွဲ၊ တောင်တက်ခြင်း၊ ရေကူးခြင်းပြိုင်ပွဲ စသည်တို့ကို ပျော်ပျော်ရွှင်ရွှင် ကျင်းပပေးနေကြပါသည်။ ဤအဖွဲ့.ကလည်း ဘာသာရေးအဖွဲ့.ဖြစ်သော်လည်း ဘာသာယဉ်ကျေးမှုကို ဦးထိပ်ပန်ဆင်၍ ကာယ-ဉာဏ-စာရိတ္တ ဟူသော "တိုးတက်မှု(၃)ပါး" ကို ပူးတွဲ ဆောင်ရွက် လေ့ရှိပါသည်။ ယခင်ခေတ်က အာရှလူငယ်အစည်းအရုံးမှာ ဗလငါးတန် စုံညီမျှတ တိုးတက်ရေးဆောင်ရွက်ချက်များကို ပြန်လည်သတိရမိသေးသည်။ "ဗလငါးတန်"ဆိုသည်မှာ (၁) ကာယဗလ - ကျန်းမာရေးကိစ္စ၊ (၂) ဉာဏဗလ - အသိပညာ၊ အတတ်ပညာ ရရှိထွန်းကားမှုကိစ္စ၊ (၃) မိတ္တ ဗလ - လူငယ်-လူလတ်ပိုင်းများ အချင်းချင်း ကူညီစောင့်ရှောက်မှုနှင့် လူငယ်လူလတ်များနှင့် လူကြီးများထိတွေ့ဆက်ဆံတတ်မှု၊ (၄) စာရိတ္တဗလ - အကျင့်သိက္ခာ စာရိတ္တ နားလည်ပြီး လေ့ကျင့်ရေးကိစ္စ၊ (၅) ဘောဂ ဗလ - မိမိအကျိုးနှင့် နိုင်ငံတော်အကျိုးနှစ်ခု ဆက်စပ်၍ ကြွယ်ဝချမ်းသာရေးတို့ပင် ဖြစ်ပါသည်။ "ဗလငါးတန်" ဖွံ့ဖြိုးနိုင်ပါစေဟု ဆုတောင်းပါသည်။

စဟုတ္ထအချက်အနေဖြင့် ဤအဖွဲ့.ကြီးအကြောင်း စိစစ်သုံးသပ် ဆင်ခြင်မိသည်မှာ "သစ္စာရောင်ခြည်မဂ္ဂဇင်းကြီး"ကို နှစ်ပေါင်းကြာကြာထုတ်ကာ ဖြန့်ချိ၍ အောင်မြင်မှုရရှိသည်ဟူသော အချက်ပင်ဖြစ်ပါသည်။ "သစ္စာရောင်ခြည်"သည် အမြတ်အစွန်းကို ပဓာနမထားပါ။ နယ်ကျဉ်းသောအမြင်ခံယူချက်လည်းမရှိပါ။ ထိုသက်တမ်းတစ်လျှောက်ရှိ "သစ္စာရောင်ခြည်" သည် ကုန်သွယ်ရေး၊ စီးပွားရေးသဘောကို မခံယူဘဲ ဘာသာရေး၊ ယဉ်ကျေးမှု၊ စာရိတ္တရေးသာဖြစ်၍ မည်သို့အခြေအနေဆိုက်စေကာမူ လူအတော်များများ၏မျက်စိကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ဘာသာအားလုံးကို သစ္စာအလင်းဖြင့် တတပ်တအား ကူညီခဲ့ပါသည်။ ထို "သစ္စာရောင်ခြည်" ရှိထွန်းလင်းချက်ကလေးများသည် ယခုအခါ ပို၍အရေးပါအရာရောက်နေ၍ အုတ်တစ်ချပ်သဲတစ်ပွင့်မျှသာဟု ပြောနိုင်သော်လည်း "အောင်မြင်ချက်"ဟူ၍ တတ်-သိ-နားလည်သူလူနည်းစုက မှတ်ချက်ချနေကြပါသည်။

ပဉ္စမအချက်ကိုဖော်ပြလိုသည်မှာ ဤအဖွဲ့.သည် နိုင်ငံရေး၊ ပါတီရေး၊ ရာထူးလုရေးမှာ မည်သည့်အခါ၊ မည်သည့်ခေတ်မှာမှ မပါဝင်ခဲ့။ မရောယှက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤအဖွဲ့.သည် အားလုံးနှင့်ဆိုင်သော "နိုင်ငံတော်နှင့်လူမျိုးအကျိုး" သယ်ပိုးရန်သာ သတ်မှတ်ထားသည်။ ဂိုဏ်းဂဏဖွဲ့.ခြင်း၊ ရာထူးလုခြင်းကို ရှောင်ကြဉ်ကြသည်။ လက်တွေ့.အားဖြင့်လည်း "ရိုးရိုးကျင့် မြင့်မြင့်ကြဲ၊ မှန်မှန်ပြော သဘောထားမှန်စေ" ဟူသော ပန်းတိုင်လေးခုကို လေ့ကျင့်အကောင်အထည်ဖော်နေကြသည်။ ဤလေ့ကျင့်မှုလေးခုမှာ "Universal Truths" ကမ္ဘာ့ကျင့်ဝတ်၊ နိစ္စအမှန်ကြီးလေးခုသာဖြစ်၍ လူတိုင်း ဘာသာမရွေး၊ လူမျိုးမရွေး၊ နိုင်ငံမရွေး၊ ကျား-မ မရွေး၊ အသက်အရွယ်မရွေး၊ လိုက်နာရမည့် စာရိတ္တ ဝါရိတ္တကျင့်ဝတ်ကြီး လေးခုသာဖြစ်ပါသည်။ ကမ္ဘာ့ဘာသာကြီးများကလည်း Simple Living, High Thinking, Plain Speaking, Service Giving လုပ်ဆောင်ကြဖို့ ထောက်ခံထားကြပါသည်။ ထို့ကြောင့် ဟိန္ဒူ အဖွဲ့. သက်သက်မဟုတ်၊ Timeless conduct of Ethical Behavior အကျင့်သိက္ခာကိစ္စဟု ဆိုချင်ပါတော့သည်။

နောက်အနှစ်များစွာ ချီတက်နိုင်ပါစေ။ ❑❑

ကျွန်တော်ပါဝင်ခဲ့သော မော်လမြိုင် "ဆံဃ" အဖွဲ့၏ ဆောင်ရွက်မှုပုံရိပ်

အက်စ်အက်စ်ကျော်ဝင်း (မော်လမြိုင်)

သနန္တနဓမ္မပါလကအဖွဲ့ကြီးသည် ယခုအခါ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကြီး ကျင်းပတော့မည်ဖြစ်ကြောင်း၊ နှစ် (၅၀)ပြည့် အထိမ်းအမှတ်အဖြစ် အဖွဲ့လုပ်ငန်းစဉ်များ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လျှက်ရှိကြောင်းနှင့် ဤထူးမြတ်သည့်အခါသမယ၌ အထိမ်းအမှတ်စာစောင် ထုတ်ဝေမည်ဖြစ်ကြောင်း၊ နောင်တော်ကြီး ဦးကြည်မင်းက ဖုန်းဆက်အကြောင်းကြားသောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် စာမူအမြန်ဆုံးပို့ပေးမည်ဖြစ်ကြောင်း နှုတ်ကတိပေးမိပါသည်။

ရန်ကုန်မှ တာဝန်ခံ (ဒေါက်တာ) ရမ်နိုဝါစ်ကိုး ကြွရောက်လာသောအခါ စာမူအဆင်သင့်မဖြစ်သေးသဖြင့် အလွန်အားနာမိပါသည်။

ကျွန်တော်ကိုယ်တိုင် ငယ်စဉ်ကပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့မှုများကို စုစည်းရေးသားရာတွင် လွန်ခဲ့သော ၄၀-နှစ်ကျော် အတိတ်ဆီသို့ အာရုံများရောက်သွားပြီး မှတ်မိသမျှ သတိရသမျှ စဉ်းစားမိ သမျှကို ရေးသောအခါ အချို့ပုဂ္ဂိုလ်များ၏အမည်များ၊ အချို့ ဆောင်ရွက်မှုများ ကျန်သွားနိုင်ပါသည်။ တမင်တကာ ချန်လှပ်ထားခြင်းမဟုတ်ပါကြောင်း နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကျွန်တော်တို့ငယ်စဉ် ၁၉၆၀ ခုနှစ် မတိုင်မီကတည်းက မော်လမြိုင်တွင် ဆံဃလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆရာကြီး ဦးရာမာ (ကွယ်လွန်)၊ ဒေါက်တာ မာလယားကိုး၊ ကျွန်တော့်ဖခင် ရှရီဆရ်ဒါရ်ဆင်း၊ ဂန္ဒီကိုးတို့က ရှာခါးလုပ်ငန်းများ လုပ်ဆောင်နေပြီးဖြစ်ပါသည်။ ဤအချိန်က ဂူဂျရာတီဘုရားကျောင်းတွင် ညနေတိုင်း ရှာခါးရှိပါသည်။ ကျွန်တော်တို့ကို ကာယသင်တန်းပို့ချသူများတွင် တစ်ဦးမှာ ဂူဂျရာတီ အထည်ကုန်သည်ဖြစ်ကြောင်း မှတ်မိပါသည်။ မကြာမီ Swayam Sevaks (ဆွယံ စေဝက) ဦးရေများလာသဖြင့် ရှာခါးသုံးခုခွဲပြီး ကျွန်တော်တို့တက်ရောက်သော ရှာခါးအမည်မှာ "ဝန္ဒလ" ရှာခါးဖြစ်ပြီး၊ ကျွန်တော်မှတ်မိသလောက် ထိုရှာခါးတွင် ရှရီရာဂျီး (ဦးစိုးကြည်-ကွယ်လွန်)၊ ရှရီ ကရစ္စနာဂျီး၊ ရှရီဂိုးပီဂျီး (ယခု မထသ၊ မော်လမြိုင်)၊ ရှရီစီတာရမ်ဂျီး၊ ရှရီ မူရ်သီးဂျီး၊ ရှရီမန်းနိုးဂျီး စသည့် Swayam Sevaks များ ပါဝင်ခဲ့ပါသည်။ ယခုဆောက်လုပ်ရေးရုံးနောက်ဘက်မြေကွက်လပ်တွင် စုဝေးကြပါသည်။

အချိန်ပြည့် Pracharak အဖြစ် Sri Rameshwar Jee (ကွယ်လွန်)က၊ မော်လမြိုင် ဆစ်(ခ်)ဘုရားကျောင်းဝင်းတွင် နေထိုင်ပြီး ရှာခါးလုပ်ငန်းများကို ကြီးကြပ်ပါသည်။ နေ့စဉ် ဘဂဝါအလံအား ဦးညွတ်ခြင်း ပတ္ထနာဆိုခြင်း၊ ကစားနည်းတစ်မျိုးမျိုးကစားခြင်း၊ ကာယလေ့ကျင့်ခန်းလုပ်ခြင်းတို့ကို ဆောက်ရွက်ပါသည်။ မကြာခဏ စုပေါင်းရှာခါးပြုလုပ်ပြီး ရန်ကုန်မှပေးပို့သော ဉာဏ်စာစောင်ကိုဖတ်ပြီး ဆွေးနွေးကြပါသည်။ ထိုအုပ်စုတွင် ကျွန်တော် အသက်အငယ်ဆုံး ဖြစ်ခဲ့ပေမယ့် မည်သူတစ်ဦးတစ်ယောက်မျှ "ဟေ့ကောင်"၊ "ဟေ့ချာတိတ်" ဟု ခေါ်ဆိုခြင်းမပြုဘဲ ကျွန်တော့်အမည်ရှေ့တွင် ရှရီ နောက်တွင် ဂျီးတပ်ပြီး အခေါ်ခံရသဖြင့် Swayam Sevaks တစ်ဦးအဖြစ် ဂုဏ်ယူမဆုံး ဝမ်းသာပီတိ ကြည်နူးမိခဲ့ပါသည်။

၁၉၆၇-၆၈ ခုနှစ်ခန့်က အောက်မြန်မာပြည်၊ နွေရာသီ Camp ကို မော်လမြိုင်တွင် ပြုလုပ်ခဲ့ပါသည်။ လှိုင်မင်းရပ်၊ စန္ဒမာလာလမ်းရှိ စူဠာမဏီ(ချစ်တီး)ဘုရားကျောင်းတွင် (၇)ရက် Camp တက်ကြရပါသည်။ မြို့မိမြို့ဖအားလုံး တာဝန်တစ်ခုစီယူကြပါသည်။ ကျွန်တော့်ဖခင်က ချက်ပြုတ်ရေးတာဝန်ခံဖြစ်ခဲ့ပါသည်။ သင်တန်းဆင်းပွဲတွင် တနင်္သာရီတိုင်း သာသနာရေးမှူးကိုယ်တိုင် သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့ပေါ်ရှိ ဌာနအသီးသီးမှ အရာရှိကြီးများ၊ မြို့မိမြို့ဖများ စုံစုံညီညီ

အောင်လက်မှတ်ချီးမြှင့်ပွဲတွင် ရန်ကုန်မြို့မှ သျှရီဆုဘရာမဏီ ယန်ဂျီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

၁၉၇၈ ခုနှစ်၊ ဓမ္မစကြာနေ့မတိုင်မီ ရက်လေးဆယ်အလိုတွင် ဟိန္ဒူဓမ္မသင်ကြားပို့ချမှုကော်မတီ မော်လမြိုင်ကို Sri Shri Bhagwan Jee လာရောက်ဖွဲ့စည်းပေးပါသည်။ ဒေါက်တာ လွမ်းသာ (ကွယ်လွန်) က ဥက္ကဋ္ဌဖြစ်ပြီး၊ ကိုသောင်းစိန်က အတွင်းရေးမှူး၊ ကိုစိုးမြင့်နှင့်ကျွန်တော်က တွဲဘက်အတွင်းရေးမှူး ဖြစ်ကြပါသည်။ ဆံယအဖွဲ့မှ တာဝန်ခံများဖြစ်ကြသော ဒေါက်တာမောင်မောင်စိုး၊ သျှီရီ R.B. Challam Jee၊ Sri B.Bapinia Jee၊ Dr. Malia Jee၊ Sri Sardar Singh Gandhi Jee တို့က နာယကကြီးများအဖြစ် ဆောင်ရွက်ကြပါသည်။ ရပ်ကွက်အလိုက် ဓမ္မစာပေများ သင်ကြားရေးဆရာ၊ ဆရာမများအဖြစ် Sri R.B. Challam ၏သားကြီး Ravi Jee၊ ဒေါက်တာမောင်မောင်စိုး၏ညီမ Mithila Kumari ကျွန်တော့် အိမ်သူ သက်ထား Anzela နှင့် ကိုစိုးမြင့်တို့ လုပ်အားပေးကြပါသည်။ အောင်စာရင်းများထွက်သောအခါ ကြီးကျယ်ခမ်းနားစွာ ဆုပေးပွဲကို ကျင်းပပါသည်။ မကြာမီ မော်လမြိုင်အဖွဲ့ကို ပြည်နယ်အဆင့်ထိ တိုးချဲ့ဖွဲ့စည်းပြီး ရွှေတောင်ရပ်၊ သျှရီနာဂရသန္ဓာယုသ်ပါကီ ချစ်တီးဘုရားကျောင်းတွင် ရုံးခန်းသစ်ဖွင့်လှစ်ပြီး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားတွင် ရန်ကုန်မြို့မှ Sri R.C. Panday Jee (ကွယ်လွန်)၊ Sri Dev Muni Jee တို့ လာရောက် ချီးမြှင့်ကြပါသည်။

ရုံးခန်းဖွင့်ပြီးနောက် ရံပုံငွေရှာဖွေရေးအတွက် ညှိနှိုင်းသော အခါ ထိုအချိန်က ဒိုဒိယိုများ ပေါ်ကာစဖြစ်သဖြင့် ဘာသာရေးဇာတ်ကားများ ဒီပါဝလီနေ့မတိုင်မီ သုံးရက်၊ တစ်နေ့သုံးပွဲပြသပြီး ရှာဖွေခဲ့ပါသည်။ ဦး A.Krishna ၊ ဦး T.Sululu ၊ ဦးထွန်းလှ၊ ဦး M. Raju၊ ဦး Shanker ၊ ဦးကျော်လွင်၊ ဦး Raja Babu ၊ Sri Bala Babu ၊ Sri Nattu Babu ၊ Sri Brij Lall Babu နှင့် အမှုဆောင်အားလုံးတို့၏ကြိုးပမ်းမှုကြောင့် နှစ်စဉ် ရံပုံငွေ ရှာဖွေစုဆောင်းနိုင်ခဲ့ပါသည်။ ယနေ့တိုင် ထိုအချိန်ကရှာဖွေသော ရံပုံငွေများမှာ စနစ်တကျ ထိန်းသိမ်းထားရာ လက်ကျန်ငွေများ ရှိနေသေးပါသည်။

စည်းရုံးရေးအထူးကောင်းမွန်သဖြင့် နှစ်စဉ် ဟိန္ဒူဘုရား ကျောင်းများ၊ ဒီပါဝလီအကြို ဆေးသုတ်၊ ထုံးသုတ်ပြီးစီး အလှထွန်းညှိထားခြင်းအတွက် ဆုချီးမြှင့်ခြင်း၊ ယိုယွင်းနေသော ရွှေဟောင်းဘုရားကျောင်းများကို ပြင်ဆင်မွမ်းမံခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါသည်။ စျေးချိုရပ်ရှိ သျှရီ Ganesh Temple

တက်ရောက်ချီးမြှင့်ကြပါသည်။ ရန်ကုန်မြို့မှ ဆရာကြီး ဦးစိန်တင်၊ သျှရီဆူဘတ်ဂျီး၊ သျှရီယာဒဝဂျီးတို့လည်း တက်ရောက်ကြပါသည်။ ထိုအချိန်ကတည်းက ဦးယာဒဝသည် ယခုအခါကဲ့သို့ ခန့်ခန့်ညားညား ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ဖြစ်ပြီး၊ မုတ်ဆိတ်မွေးများ မရိတ်ဘဲ အရှည်ထားပါသည်။ ယခု Pracharak ဖြစ်သော Sri Shri Bhagwan Jee ကို Swayam Sevak တစ်ဦးအဖြစ် ကာကီရောင်ဘောင်းဘီတိုဖြင့် အထူးတက်ကြွ၊ ဖျတ်လတ်တောင့်တင်းကျန်းမာသော လူငယ်တစ်ဦးအဖြစ် လေးစားခဲ့ပါသည်။

၁၉၆၈ ခုနှစ်မှစ၍ Sri Rameshwar Jee က ကျောက်တံခါး ဓမ္မရိပ်သာသို့ ပြောင်းရွှေ့တာဝန်ယူရသဖြင့် Sri Deepak Gosh က အဓိကာရီအဖြစ် ရောက်ရှိလာပါသည်။ နှစ်စဉ် Raksha Bandhan အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ပြီး ဦးသော်ဇင်ရေးသားပြုစုထားသော "မဟာဘာရတနှင့် ဘဂဝါဂီတ" ကျမ်းစာအုပ်မှ သင်ခန်းစာများကို လေ့လာဆည်းပူးကြရပါသည်။ ရန်ကုန်မှ ဆရာကြီးဦးစိန်တင်၊ မန္တလေးမြို့မှ ဒေါက်တာမိုဟန်းဂျီးတို့ ကြွရောက်အားပေးလေ့ရှိပါသည်။

ဒေါက်တာ ဘီဟာရီးလာလ်ဂျီးနှင့် ၎င်း၏ ညီတော်စပ်သူ ရှရီမဂန်လာလ်ဂျီးတို့လည်း ကြွရောက်ပြီး ပုံပြင်များ၊ မှတ်သားဖွယ်ရာဇာတ်လမ်းတိုများကို ပြောကြားပေးသောအခါ ထိုအချိန်က မော်လမြိုင်တစ်ဖက်ကမ်း မုတ္တမတွင်တပ်စွဲထားသော ဂေါ်ရခါးစစ်တပ်မှ တပ်မတော်သားမိသားစုဝင် သားသမီးများအပါတ်စဉ် တနင်္ဂနွေနေ့တိုင်း တက်ရောက်အားပေးလေ့ရှိပါသည်။ ထိုအချိန်က မော်လမြိုင်တွင်တက်ရောက်ခဲ့သော အဓိကာရီတစ်ဦး၊ ယခုအခါ ဟောင်ကောင်တွင်ရှိနေပြီး ရန်ကုန်သို့ ခေတ္တကြွရောက်စဉ် ဦးကြည်မင်း၏နေအိမ်၌ တွေ့ဆုံခဲ့ရပါသည်။

မော်လမြိုင်မြို့တွင် ၁၉၆၄ ခုနှစ် ကတည်းက ဟိန္ဒူဓမ္မစာမေးပွဲများ ကျင်းပနေကြောင်း မှတ်သားမိပါသည်။ ထိုအချိန်ကတည်းက ဆရာကြီး ဦးရာမား၏ ကြီးကြပ်ဦးဆောင်မှုဖြင့် မော်လမြိုင်မှ ဟိန္ဒူကျောင်းသားကြီးများဖြစ်ကြသော ဦးစံမြင့် (ယခုအခြေပြု ဟိန္ဒူဓမ္မစာအုပ်များရေးသားသူ) ဦးခင်မောင်ညွန့်၊ ဦးမောင်သန်း၊ ဦးခင်မောင်၊ ဦးဘမြင့်၊ ဦးတင်မြင့်၊ ဦးအောင်ခင် (အခွန်ရုံး)တို့က အကောင်အထည်ဖော် ဆောင်ရွက်ကြပါသည်။ ၁၉၇၆ ခုနှစ်ခန့်တွင် သနန္တနဓမ္မပါလကအဖွဲ့၊ ဟိန္ဒူဓမ္မသင်ကြားပို့ချမှုကော်မတီ၊ ရန်ကုန်မှ တိုက်ရိုက်မေးခွန်းများပို့ပြီး စာမေးပွဲများဖြေကြရပါသည်။ မော်လမြိုင်မြို့မှ ဒေါက်တာဦးဘသန်းနှင့် သျှရီအာရ်ဂျီ၊ ရောင်း (ကွယ်လွန်)တို့က စည်းရုံးပြီး စာစစ်ဌာနဖွင့်လှစ်လျက် အောင်မြင်စွာကျင်းပပေးပြီး ပထမဦးဆုံးသော

ဘက်စုံပြုပြင်မွမ်းမံပြီး ထီးတော်တင်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ စတုဒိသာကျွေးမွေးပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ယနေ့ထိ ထို Ganesh Temple ကျောင်းအဝင်ဝ၌ အင်္ဂတေစာလုံးကြီးများဖြင့် "ကောင်းမှု" ဆိုသည့်စာတမ်းကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရပါသည်။

၁၉၈၀-၈၁ ခုနှစ်ဝန်းကျင်က ရန်ကုန်မြို့တွင်ကျင်းပသော ဟိန္ဒူဓမ္မသင်ကြားပို့ချရေးကော်မတီ ညီလာခံကြီးသို့ မော်လမြိုင်အဖွဲ့မှ အမှုဆောင်နှစ်ဆယ်ကျော်တက်ရောက်ပြီး တက်တက်ကြွကြွဆွေးနွေးကာ စာတမ်းတင်နိုင်ခဲ့ပါသည်။ မော်လမြိုင်ကော်မတီအတွင်းရေးမှူးအဖြစ် စာရေးသူကိုယ်တိုင် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ရပါသည်။ ထို့အပြင် Deepawali Greeting Cards နှစ်ကြိမ်နှင့် သက်ကြီးပူဇော်ပွဲတစ်ကြိမ် အထိမ်းအမှတ်ပို့စ်ကဒ်များ ထုတ်ဝေဖြန့်ချိခဲ့ရာ သုံးကြိမ်စလုံး စာရေးသူ၏ကဗျာတစ်ပုဒ်စီ ပါဝင်ခဲ့ပါသည်။

၁၉၇၈ ခုနှစ်မှ နောက်ဆုံး ဓမ္မစာမေးပွဲဖြေဆိုချိန် ၁၉၉၄ ခုနှစ်ထိ နှစ်စဉ် ဓမ္မစာမေးပွဲဖြေဆိုပြီးလျှင် ဖြေဆိုသူ ကျောင်းသူ/ကျောင်းသားများ၊ ကြီးကြပ်သူများ၊ အမှုဆောင်များအား လုံးကို ချစ်တီးဘုရားကျောင်း ဂေါပကအဖွဲ့မှ သဒ္ဓါရက်ရောစွာ ချက်ပြုတ်ကျွေးမွေးခဲ့သော ဓလေ့လည်း ရှိခဲ့ဖူးပါသည်။

အခြားမှတ်သားဖွယ်ရာ လုပ်ဆောင်ချက်များကတော့ ၁၉၇၇ ခုနှစ်က ဗုဒ္ဓဝင်ပြပွဲကျင်းပနိုင်ခဲ့ပြီး အထူးအောင်မြင်စည်ကားခဲ့ပါသည်။ မြို့ပေါ်ရှိ မြို့မျက်နှာဖုံးအား လုံးနီးပါး ပါဝင်ခဲ့ကြပါသည်။ ပြပွဲအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးပြီးသော အခါ မြို့နေလူတုက အထူးလိုလားတောင့်တသဖြင့် ဆရာကြီး ဦးစိန်တင်ကိုယ်တိုင် စက်အဖွဲ့၊ ပန်းချီအဖွဲ့၊ လက်သမားအဖွဲ့၊ ပန်းရံအဖွဲ့တို့ဖြင့် အားကြိုးမာန်တက် စတင်ဆောင်ရွက်ခဲ့ရာ မြို့လူထု၏ ရက်ရောလှူဒါန်းမှုဖြင့် ဗုဒ္ဓဝင်ပြပွဲအဆောက်အဦတစ်ခု၊ တောင်ဝိုင်းတွင် တည်ထောင်နိုင်ခဲ့ပါသည်။ အနှစ်နှစ်ဆယ်ကျော်ပြီဖြစ်သော်လည်း ယနေ့တိုင် မရိုးနိုင် ကြည့်မဝနိုင်သော ပြပွဲကြီးတစ်ရပ်အဖြစ် ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူ ဘုရားဖူးများဖြင့် စည်ကားနေပါသည်။

၁၉၆၇-၆၈၊ ၆၉ ခုနှစ် ပညာသင်နှစ်များတွင် အခြေခံပညာအထက်တန်း (ဆယ်တန်း)ဖြေဆိုမည့်ကျောင်းသူ/ကျောင်းသားများကို ဆံယအဖွဲ့ဝင် ဆရာ/ဆရာမများက အနီးကပ်သင်တန်းအခမဲ့ပို့ချခဲ့ကြောင်း မှတ်မိပါသည်။ ၁၉၆၉ ခုနှစ် စာရေးသူတို့ ဆယ်တန်းဖြေဆိုသောအခါ တစ်လအလိုတွင် ရွှေတောင်ရပ်မာရိမာ ဓမ္မာရုံအောက်ထပ်တွင် သီပုံတွဲကို ဆရာဦးကျော်စိန်၊ အင်္ဂလိပ်စာကို ဆရာဂဏပတိ၊ သခ်ၤာကို ဆရာမကြီးဒေါ်သန်းတင် (ယခု သခ်ၤာတွဲဘက်ပါမောက္ခ၊ မော်လမြိုင်တက္ကသိုလ်) တို့က အနီးကပ်ပို့ချပေးရာ အထူးအောင်မြင်မှုရရှိကြောင်း စည်းရုံးမှုရရှိကြောင်း မှတ်မိပါသည်။

၁၉၇၈ ခုနှစ်၊ မော်လမြိုင်ဈေးကြီး မီးလောင်သောအခါ Sri Shri Bhagwan Jee ဦးဆောင်ပြီး Swayam Sevaks များသက်စွန့်ဆံဖျား မီးငြိမ်းသတ်ရာတွင် ပါဝင်ခဲ့ကြောင်း မှတ်သားမိပါသည်။

နောက်ထပ်ထူးခြားမှုတစ်ရပ်ကတော့ အခြားမြို့များတွင် ကြုံဖူး မကြုံဖူးတော့မသိပါ။ မော်လမြိုင်မြို့တွင် ထိုအချိန်က အသက် ၆-နှစ်အရွယ် သူငယ်တန်း၊ ပထမတန်းမှ ကလေးငယ်များပါ ဓမ္မစာမေးပွဲဖြေဆိုမည်ဟု စာရင်းပေးသွင်းခြင်း အတွေ့အကြုံကို နှစ်စဉ် ကြုံခဲ့ရပါသည်။ ထိုကလေးငယ်များကို အားပေးခြီးမြှောက်စေချင်သောကြောင့် ရန်ကုန်အဖွဲ့ထံ အကြောင်းကြားခွင့်တောင်းပြီး နှုတ်ဖြေမေးခွန်းများမေးပြီး ဖြေဆိုစေခဲ့ရဖူးပါသည်။ ယခုအခါ ထိုနှုတ်ဖြေ ဖြေခဲ့ဘူးသော ကျောင်းသားငယ်များမှာ ဘွဲ့ရပညာရှိများအဖြစ် ဓမ္မအကျိုးပြုလုပ်ငန်းများတွင် ပါဝင်နေကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရပါသည်။

၁၉၈၇ ခုနှစ်လောက်၊ တောင်ရိုးတန်းရှိ သျှမ်ဗုဒ္ဓဘာမကို ဘုရားကျောင်းတွင် သုံးရက်သင်တန်းဖွင့်လှစ်ခဲ့ရာ ရန်ကုန်မှ ဦးလှမောင်၊ မော်လမြိုင်မှ ဦးတင်လှ၊ ဦးကျော်မြင့်တို့က ကြီးကြပ်ခဲ့ကြပါသည်။

ယခုအခါ မော်လမြိုင်ဆံယလုပ်ငန်းများ ကို Sri R.B. Challam Jee ၊ Sri Eswar Rao Jee တို့က ဆက်လက်တာဝန်ယူ ဆောင်ရွက်နေကြပါသည်။

သနန္တနဓမ္မပါလကအဖွဲ့ကြီးသည် ဗုဒ္ဓဝင်ပြပွဲ ခင်းကျင်းပြရေး၊ ဟိန္ဒူဓမ္မသင်ကြားပို့ချရေး၊ သင်္ကၠဒေဘာသာသင်ကြားရေး၊ ဘာသာရေး စာအုပ်စာတမ်း၊ မဂ္ဂဇင်းများ ထုတ်ဝေရေး စသည့်လုပ်ငန်းများကို သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်နေသည်မှာ နှစ် (၅၀)ရှေ့ရတုအခါသမယသို့တိုင် ရောက်လေပြီ။ ကျွန်ုပ်တို့ ဖြေဆိုအောင်မြင်ခဲ့သော ဓမ္မစာမေးပွဲများနေရာတွင် ကျွန်ုပ်တို့၏ သားသမီးများက ဖြေဆိုနေကြပါပြီ။ အဖွဲ့ကြီးကတော့ အောင်အောင်မြင်မြင်ရပ်တည်နေရင်း ရွှေရတုမှသည် စိန်ရတု၊ ပတ္တမြားရတုမှသည် အနန္တရတုတိုင် အောင်မြင်မှုများကို ပွေ့ပိုက်ရင်း ခရီတက်နိုင်ပါစေဟု မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ ကျွန်တော် ဆွယ်စေဝကတစ်ဦးက ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

One hour today is worth two tomorrow, and three the day after.

ဗုဒ္ဓဝင်ပြဇဲနှင့် ကျွန်တော်

မောင်ရင့်ကျူး (မြောင်းမြ)

၁၉၈၃ ခုနှစ်အချိန်ကာလ နှစ်အပိုင်းအခြားခန့်ဟု ကျွန်တော် ထင်မှတ်မိပါသည်။ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနမှ လက်ထောက်ကထိက ဦးကျော်ဇောနိုင် (ကျော်ဇောနိုင်) ယခု ဥပဒေဌာန ပါမောက္ခ(ငြိမ်း)နှင့်အတူ သန္တနေမပါလက အဖွဲ့ရုံးခန်းတည်ရှိရာ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇-လမ်း၊ အမှတ် (၂၂၇)သို့ ရောက်ရှိခဲ့ပါသည်။ သန္တနေမပါလက အဖွဲ့ကြီးသည် သစ္စာရောင်ခြည်မဂ္ဂဇင်းကို ထုတ်ဝေ ဖြန့်ချိနေခဲ့ သောအချိန်ဖြစ်ပါသည်။ ထိုစဉ်ကာလကပင် ကျွန်တော်သည် သစ္စာရောင်ခြည်မဂ္ဂဇင်းတွင် ကဗျာများ၊ ဘာသာယဉ်ကျေးမှု ဆောင်းပါးများကို ပါဝင်ရေးသားခဲ့ပါသည်။ အယ်ဒီတာချုပ် ဦးယာဒဝနှင့် ကာလအတန်ကြာလာသောအခါ ရင်းနှီးမှု ပိုမို ရရှိလာပြီး သစ္စာရောင်ခြည်မဂ္ဂဇင်း၏ တိုးတက်ရာတိုးတက် ကြောင်းအကြံအဉာဏ်ပေးခြင်းနှင့် သစ္စာရောင်ခြည် မဂ္ဂဇင်း၏ အတိုင်ပင်ခံ အယ်ဒီတာ (အမည်ဖော်ပြခြင်းမရှိ)အဖြစ် ပါဝင် ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်သည် ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ၁၉၈၅-ခုနှစ်မှစပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းပြ ဆရာတစ်ဦးအနေဖြင့် သင်တန်းပို့ချခဲ့ပါသည်။ ထိုသင်တန်းတွင် လူငယ်လူရွယ်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ နှလုံးသားတွင် ကိန်းဝပ်တည်ရှိစေရန် ရည်ရွယ်ချက်ဖြင့် မင်္ဂလာ တရားတော် ဗုဒ္ဓဝင် စသည်များကို ပို့ချခဲ့ရပါသည်။ ဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓဝင်ဆိုင်ရာကို အသေးစိတ်သိရှိနေသူတစ်ဦးဖြစ်သည်ကို သိနေသော ဆရာကြီး ဦးစိန်တင်သည် ကျွန်တော့်အား သန္တနေ မမွပါလကအဖွဲ့ကြီး၏ သာသနာပြုလုပ်ငန်းတစ်ခုဖြစ်သော ဗုဒ္ဓဝင်ပြပွဲကော်မတီတွင် အတွင်းရေးမှူးတာဝန်ကို စတင်ပေးပါ တော့သည်။

သန္တနေမပါလကအဖွဲ့ကြီး၏ လက်အောက်တွင် သစ္စာ ရောင်ခြည်ယဉ်ကျေးမှုမဂ္ဂဇင်းထုတ်ဝေခြင်း၊ ဟိန္ဒူဓမ္မသင်ကြား ရေး ကော်မတီလူငယ်များ၊ ဗလငါးတန်ဖွဲ့ဖြိုးရေး သင်တန်း ကော်မတီ၊ ဗုဒ္ဓဝင်ပြပွဲကော်မတီ စသော ဘာသာ၊ ကာယ ဉာဏ်ယဉ်ကျေးမှု ပရဟိတကော်မတီအသီးသီးတို့ကို ဖွဲ့စည်း၍ သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။ ထို့အပြင် စာရေးသူသည် နှစ်စဉ် ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ရောက်ရှိတိုင်း သန္တနေမမွပါလက အဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဇယန္တီပွဲတော်အထိမ်းအမှတ် ပွဲတွင် ဗုဒ္ဓဝင်ဆိုင်ရာအကြောင်းအရာများကို နှစ်စဉ်နှစ်တိုင်း ဟောပြောခဲ့ရပါသည်။

သန္တနေမမွပါလကအဖွဲ့ကြီးသည် ကျွန်တော်တို့ ဗုဒ္ဓဝင်ပြပွဲ ကော်မတီတွင် အတွင်းရေးမှူးဖြစ်မလာမီ လွန်ခဲ့သောနှစ်ပေါင်း (၄၄) နှစ်အချိန်ကာလတည်းက ဗုဒ္ဓဝင်ပြပွဲကို စတင်ပြသ လာခဲ့ပါသည်။ ပထမဦးစွာ စတင်ပြသခဲ့သော ဗုဒ္ဓဝင်ပြပွဲမှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပနေချိန် ကမ္ဘာအေးကုန်းမြေ၊ သမိုင်းဝင်သာသနာမြေနေရာတွင် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များစွာရှိသည့်အနက် မည်သည့်အသင်းအဖွဲ့ကမှ ဤကဲ့သို့ ထိရောက်သောသာသနာပြုနည်းဖြစ်သည့် ဗုဒ္ဓဘာသာ ဝင်ပြပွဲကြီးကို ပြသကြရန် စိတ်ကူးစိတ်သန်း မရကြပေ။ သာသနာ့ သမိုင်းတွင် အလွန်ပင်လိုအပ်သော ထိရောက်သည့် သာသနာပြု လုပ်ငန်းကြီးတစ်ခုဖြစ်သည့် မြတ်ဗုဒ္ဓ ၄၅-ဝါ ကာလပတ်လုံး သာသနာပြုခဲ့ပုံ၊ သံဝေဇနီယလေးဌာနအပါအဝင် ဗုဒ္ဓဝင်နေရာ တော်များကို မြေပုံကားချပ်နှင့်အတူ ကိုးတိုင်းကိုးဌာန သာသနာ ပြု သွားကြပုံတို့ကိုပါမကျန် သန္တနေမမွပါလကအဖွဲ့ကြီး ဥက္ကဋ္ဌ ဖြစ်သူ ဆရာကြီးဦးစိန်တင်က ရောင်စုံမီးလုံးများ ထွန်းညှိ ထားသော မြေပုံကြီးတွင် အသေးစိတ်ရှင်း လင်းပြသပါသည်။ လာရောက်ကြည့်ရှုကြသူများ၏ အသဲဘဝင်တွင် စွဲထင်စေရန် ရှင်းလင်းညွှန်ပြကာ ထိရောက်သော သာသနာပြု လုပ်ငန်းကြီးကို စတင်ပြသခဲ့ပေသည်။ ယခုအခါတွင် နှစ်ပေါင်း (၄၀)ကျော် အတွင်း မြန်မာနိုင်ငံ မြို့ကြီးပေါင်း (၄၀)ကျော်တွင် ဗုဒ္ဓဝင်ပြပွဲ အကြိမ်ပေါင်း (၆၀)ကျော်ကို ပြသနိုင်ခဲ့ပေသည်။ ပြသခဲ့သော မြို့ကြီးများတွင် မြို့ခံလူထုကြီး၏ တောင်းဆိုချက်အရ နောက် တစ်ကြိမ် ထပ်မံပြသလိုသည့်ဆန္ဒများဖြစ်ကာ ဗုဒ္ဓဝင်ပြပွဲကို ထပ်မံစီစဉ်ပြသခဲ့ရပါသည်။ ကျွန်တော်၊ ဆရာကြီး ဦးစိန်တင် နှင့်အတူ သန်လျင်၊ ဓနုဖြူ၊ ဝါးခယ်မ၊ မြောင်းမြ စသော မြို့ကြီးများသို့ ဗုဒ္ဓဝင်နှင့် ဗုဒ္ဓသာသနာတော်ပြန့်ပွားပုံ ပြပွဲ အတော်များများသို့ လိုက်ပါပြသခဲ့ရပါသည်။ ဘုရားပွဲများ၊ ပရိ

ယတို့စာသင်တိုက်ကြီးများ၏ ရွှေရတုပွဲတော်နှင့် ရာပြည့်ပွဲတော်များ ကျင်းပခဲ့ရာ မြို့တိုင်းရှိ စေတီပုထိုး၊ ဇရပ်၊ သိမ် စသောနေရာဌာနများ၌ အပင်ပန်း အဆင်းရဲခံ၍ နေထိုင်စားသောက်ကာ ဝုဒ္ဓသာသနာပြန့်ပွားရေးကို ရှေးရှုဆောင်ရွက်ခဲ့ပါသည်။

သနန္တနဓမ္မပါလကအဖွဲ့တည်ရှိရာ (၃၇) လမ်းရုံးချုပ်တွင် သစ္စာရောင်ခြည်မဂ္ဂဇင်း ကိစ္စအဝဝကိုဆောင်ရွက်စဉ်ကလည်း ကျွန်တော်သည် စာရေးဆရာ ပါရဂူနှင့်လည်း စတင်တွေ့ဆုံကာ သိရှိ ခင်မင်ရင်းနှီးခဲ့ရပါသည်။ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာကြီးမာယ၊ ဆရာကြီးဦးသော်ဇင်၊ ဆရာဦးသန်းထွန်း (ရွှေဘို) တို့နှင့် တွေ့ဆုံရင်းနှီးမှု ရရှိခဲ့ရပါသည်။ ထို့အပြင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ဗြိမ်း) ဦးကြည်ညွန့် (စစ်ကိုင်း ကြည်ညွန့်) သနန္တနဓမ္မပါလကအဖွဲ့ကြီး၏ ပြက္ခဒိန်ကိစ္စ၊ မဂ္ဂဇင်းကိစ္စ စသော လုပ်ငန်းဆောင်တာများကို လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။ ကျွန်တော်သည် သနန္တနဓမ္မပါလကအဖွဲ့၏ ဒိပါဝလီနေ့ ဧည့်ခံကျွေးမွေးပွဲတွင်လည်းကောင်း၊ ဦးယာဒဝ၏ ယောဂ (Yoga) လေ့ကျင့်ခန်းပြုလုပ်သည့်အခါတွင် လည်းကောင်း၊ စာပေနယ်မှထင်ရှားသော ပုဂ္ဂိုလ်များနှင့် မကြာခဏ ဆုံဆည်း ကြပါသည်။ ကျောက်တံခါးမြို့တွင် သနန္တနဓမ္မပါလကအဖွဲ့မှ တည်ထောင်ဖွင့်လှစ်ထားသော ဟိန္ဒူလူငယ်သင်တန်းကျောင်းတည်ထောင်စဉ်က စာရေးသူနှင့် အတူ ဆရာကြီး ဦးစိန်တင်၊ ဆရာပါရဂူ၊ ဆရာဦးယာဒဝ၊ ဦးကျော်ဇော်နိုင်တို့အတူ သွားရောက်ကြကာ ကာယအား၊ ဉာဏအား တို့ဖြင့် ကူညီထောက်ပံ့ခဲ့ပါသည်။

သနန္တနဓမ္မပါလကအဖွဲ့ကြီး၏ နာယကဖြစ်သူ ဆရာကြီး ဦးစိန်တင်သည် မြန်မာနိုင်ငံတွင်သာ ဗုဒ္ဓသာသနာတော်ကို ပြန့်ပွားအောင်ဆောင်ရွက်ခဲ့ရုံမျှမက ပြည်ပနိုင်ငံများ၌လည်း ဗုဒ္ဓသာသနာကို ပြန့်ပွာအောင် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဝင်ပြပွဲများကို စဉ်ဆက်မပြတ် ပြသလာခဲ့ရာတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရုပဲခူးမြို့မှ ဆရာတော်ဘုရားကြီးသည် လွန်စွာမှ ဝမ်းမြောက်လှသဖြင့် ပြပွဲမှတ်တမ်းစာအုပ်၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် သြဝါဒကထာ ရေးသားတိုက်တွန်းထားသော မှတ်တမ်းများရှိခဲ့ပါသည်။ ၁၉၇၄-ခုနှစ်တွင်လည်း ရွှေတိဂုံစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်၌ ဗုဒ္ဓဝင်ပြပွဲကြီးကို ခမ်းနားကြီးကျယ် အောင်မြင်စွာပြသနိုင်ခဲ့သဖြင့် သာသနာဦးသျှောင် ဆရာတော်ကြီးများ၊ ထေရ်ကြီးဝါကြီး ဆရာတော် ကြီးများနှင့် လူပုဂ္ဂိုလ် ပညာရှင်အသီးသီးတို့က ချီးကျူးစကားနှင့် အကြံပေးချက်များကို မှတ်တမ်းရေးသားခဲ့ကြပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏ ဗုဒ္ဓဝင်ပြပွဲတွင် တက်ကြွစွာဆောင်ရွက်ကြသူများ အဖြစ် ဓမ္မယောသက ဦးမောင်မောင်၊ ပြပွဲတာဝန်ခံဆရာ ဆရာဦးအုန်းသွင် ကြီး၊ ဦးစံမြင့်၊ ရတနာကုန်သည် ရွှေငါးဦးသိန်းမြင့်၊ ဆရာမာယ၊ ဆရာကြီး ဦးသုခ၊ ဗန္ဓုလ ဦးရွှေ (ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ သား)၊ ဆရာကြီးဦးကြည်မင်း (အာနန္ဒအင်း)၊ ဆရာကြီး တက်တိုး စသောပုဂ္ဂိုလ်ကြီးများကို မှတ်တမ်းများအရ တွေ့မြင်သိရှိခဲ့ရပါသည်။

ထို့အပြင် ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဘုံဘေမြို့နှင့် အခြားမြို့ကြီးများတွင်လည်းကောင်း ဗုဒ္ဓဝင်ပြပွဲကြီးများကို ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ဆရာကြီး ဦးစိန်တင်သည် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မပျက် အားတက်သရော ဆောင်ရွက်လာခဲ့ရာ နှလုံးရောဂါ ခွဲစိတ်ကုသရသည်အထိ ကျန်းမာရေးပါ ထိခိုက်လာခဲ့ရပါသည်။

သို့ရာတွင် မိမိ၏အသက်၊ မိမိ၏ကျန်းမာရေးကို မငဲ့ကွက်ဘဲ မိမိဘဝကို သာသနာပြုလုပ်ငန်းထဲ၌ မြုပ်နှံပြီး ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ ယခုအခါတွင် နှစ်ပေါင်း (၅၀)နီးပါး ရွှေရတုခရီးသို့တိုင်ခဲ့လေသည်။ ဆရာကြီး ဦးစိန်တင်သည် မုံရွာဇာတိ ဟိန္ဒူနွယ်ဖွား မြန်မာနိုင်ငံသားတစ်ဦးဖြစ်ပြီး သာသနာပြုစိတ်ရှိသူတစ်ဦး ဖြစ်ပေသည်။ ဆရာကြီး ဦးစိန်တင်နှင့် ဆရာကြီးဦးယာဒဝဟူသော ပုဂ္ဂိုလ် (၂)ဦးသည် သနန္တနဓမ္မပါလကအဖွဲ့ကြီးကို တည်ထောင်သူများဖြစ်ကြပြီး ကိုယ်ကျိုးစွန့်၍ လူမှုရေး၊ ဘာသာရေးတို့ကို ဆောင်ရွက်ကြသော ပုဂ္ဂိုလ်ထူးများဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်များသည်ကား မြန်မာနိုင်ငံအကျိုးအတွက်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်မြတ်ကြီးထွန်းကားပြန့်ပွားရေးအတွက်လည်းကောင်း၊ အိန္ဒိယမြန်မာဆက်ဆံမှု တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ကြိုးပမ်းအားထုတ် နေကြသော ပုဂ္ဂိုလ်များလည်းဖြစ်ပေသည်။

'သနန္တနဓမ္မ'ဟူသည်ကား မြတ်ဗုဒ္ဓဟောကြားသော ဓမ္မပဒပါဠိတော်အရ ရှေးဟောင်းကျ၍ မှန်ကန်သော တရားတော်များကို 'ပါလက' လိုက်နာထိန်းသိမ်း ကျင့်သုံးစောင့်ရှောက်သောအဖွဲ့ဟု အဓိပ္ပာယ်ရပါသည်။ သနန္တနဓမ္မပါလကအဖွဲ့ကြီးသည်ကား ဗုဒ္ဓတရားဓမ္မများကို လိုက်နာထိန်းသိမ်းကျင့်ဆောင်ရုံမျှမက ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ပြန့်ပွားအောင် ဆောင်ရွက်လာခဲ့ကြသည်မှာ (၁၉၅၀-၂၀၀၀)ပြည့်နှစ်တွင် နှစ် ၅၀ 'ရွှေရတု'ခရီးသို့ တိုင်ခဲ့ပါကော။ သနန္တနဓမ္မပါလကအဖွဲ့ကြီးသည် ရွှေရတု၊ စိန်ရတု၊ ရာပြည့်ခရီးမှ သာသနာပြုခရီး နှစ်ပေါင်း ၅၀၀၀ တိုင်အောင် အမျိုးဘာသာ သာသနာနှင့် ယဉ်ကျေးမှု အစဉ်အလာကို ဆောင်ရွက်နိုင်ပါစေသတည်း။

ဗိသနိုးသို့ရှေ့.ရှုလျက်

ဦးစံမြင့် B.A (History), R.L

ဒဏ္ဍာရီဆန်ခါ၊ နှောင်းအတိတ်က
ညို့ရွာတဲ့ပန်ထွာဧကရီစံရာ
ဟောင်းဗိသနိုးစီက၊
သောင်းဟိတ်တန်ခိုး၊ ဝေသမို့လျှမ်းခဲ့သည်။

ဤစာကဗျာကို မည်သူရေးဖွဲ့.ခဲ့သည်တော့ မမှတ်မိပါ။ ကျွန်တော် ၁၀-တန်း ကျောင်းသားဘဝက တွေ့မြင်ရ၍ ကူးထားခဲ့ပါသည်။ ဗိသနိုး (Vishnu) ကို ကျွန်တော်သိပါသည်။ ဗိသနိုးသည် ဘုရားရှင်တစ်ပါးဖြစ်ကြောင်းကို မိခင်၏ရင်ခွင်တွင်းအရွယ်ကပင် ကြားဘူးထားခြင်းကြောင့်ပင်။ ပန်ထွာဧကရီ စိုးစံခဲ့ဘူးသည်ဆိုသော ထိုဗိသနိုး အမည်နာမခံအရပ်ဒေသသို့ ရောက်လိုစိတ် ထိုစဉ်ကပင် ဖြစ်ပေါ်ခဲ့ပါသည်။

၁၉၇၅- ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်တော်သည် သနန္တနဓမ္မပါလကအဖွဲ့၏ ဗုဒ္ဓဝင်ပြပွဲကော်မတီ အတွင်းရေးမှူးအဖြစ် မကွေးမြို့သို့ ဆရာကြီးဦးစိန်တင် (ရှရီရှားမ် ပရ်ကားရှ်မီးရ်ကျိုး)နှင့်အတူ ရောက်ရှိနေပါသည်။ မြသလွန်ဘုရားပွဲတော်၌ ဗုဒ္ဓဝင်ပြပွဲ ပြသရန်အတွက်ဖြစ်သည်။ ပြပွဲဖွင့်လှစ်နိုင်ပြီးနောက် (၁၆. ၁၀. ၇၅) နေ့တွင် ကားတစ်စီးဖြင့် ကျွန်တော်နှင့် ဦးအုန်းသွင်ကြီး (ဗုဒ္ဓဝင်ပန်းချီ)တို့သည် မကွေးမြို့မှ နံနက်စောစောပင်ထွက်ခဲ့ကြခါ ဦးစွာ တောင်တွင်းကြီးမြို့သို့ ဝင်ရောက်ပြီး တောင်တွင်းကြီးပြတိုက် (တောင်တွင်းကြီးမြို့ ထိုစဉ် မီးကြိုးမသင့်သေး) ကို လေ့လာကြည့်ရှုကြပါသည်။ ပြတိုက်မှူးမှာ ဦးတင်အောင်ဖြစ်ပြီး စိတ်ရှည်လှစွာဖြင့် လိုက်လံ ရှင်းလင်းပြောပြပါသည်။ ဗိသနိုးမြို့တူးဖော်ရာမှရရှိသော ပစ္စည်းအချို့ကိုလည်း မြင်တွေ့.ခဲ့ရပါသည်။ ထို့အပြင် အခြားသော ရှေးဟောင်းပစ္စည်းများနှင့်အတူ ဟာနုမန်ရုပ်ပါသော ဒင်္ဂါး၊ ခက်ရင်း သုံးခွ(တြိစူလ်)နှင့် တက်သစ်စနေဝန်းပုံပါရှိသည့် ဒင်္ဂါးများကိုလည်း အထူးစိတ်ဝင်စားဖွယ် တွေ့.ရှိခဲ့ပါသည်။ ဧည့်သည်များ မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီးနောက် တောင်တွင်းကြီးမြို့မှ ၁၁ မိုင်ခန့်ဝေးသော ကုက္ကိုခွရွာသို့ လာခဲ့ကြပါသည်။ ရှေးဟောင်းဗိသနိုးမြို့တော်သို့ လမ်းညွှန်ထားသည့်ဆိုင်းဘုတ်ကို ကားလမ်းဘေးတွင်ပင်တွေ့.ရပြီး ဝင်ခဲ့ရာ ရောက်သည့်ဒေသတွင် စိတ်ကူးထဲမှဗိသနိုးမြို့ကြီးမှာမူ မရှိတော့ဘဲ ကုန်းမို့မို့များနှင့် ရှေးဟောင်းသုတေသနဌာနမှ တူးဖော်ထားသည့်အကွက်နေရာများကိုသာ လွမ်းဆွတ်ဖွယ် မြင်တွေ့.နေရပါသည်။

ဘဝဟောင်းတစ်ခုတွင် နှမတော်ဖြစ်ခဲ့သည့် ပန်ထွာမင်းသမီးအား ဗိသနိုး (God Vishnu) က သာယာကြွယ်ဝသည့် မြို့.တော်ဖန်ဆင်းပြီး ပေးအပ်ခဲ့ကြောင်း၊ သို့ကြောင့် ဗိသနိုးမြို့. (သို့မဟုတ်) ပန်ထွာမြို့.ဟုတွင်ခဲ့ကြောင်း၊ သရေခေတ္တရာမှ ဒွတ္တဘောင်မင်းကြီးတိုက်ခိုက်၍ နောက်ဆုံးတွင် ပျက်စီးခဲ့ကြောင်းနှင့် ဤအဖြစ်အပျက်များသည် ခရစ်တော်မပေါ်မီ (၅)ရာစုခန့်လောက်ကဖြစ်ကြောင်းဖြင့် အစဉ်အလာအရ မှတ်သားကြသည်။ ယခုမရှိတော့ပြီဖြစ်သည့် ဤမြို့.တော်တွင်နေထိုင်ခဲ့ကြဘူးသည့် အကျွန်ုပ်တို့၏ ရှေးဘိုးဘီဘင်များအားလည်း တမ်းတမိပါသည်။

ဤမြေအရပ်တွင် ပန်ထွာဧကရီ စိုးစံခဲ့ဘူးသည်။ ရန်သူကို အောင်နိုင်စေသော စည်ကြိုးကို သိကြားမင်း (INDRA) က ပေးထားခဲ့သည်။ စည်ကြိုးကိုတီးခတ်လိုက်ပါက ရန်ပယ်ချောင်းမှ ရေများ လှုံ့တက်လာပြီး ရန်သူများ မျောပါပျက်စီးသွားကြရသည်။ ဒွတ္တဘောင်မင်းက စည်ကြိုးတန်ခိုးကင်းမဲ့အောင်ပြုပြီးမှ မြို့.ကို တိုက်ခိုက်ပြီး ပန်ထွာမင်းသမီးကို သိမ်းပိုက်သည်ဟူသော ကြားဘူးသည့်စကားများ ရင်ထဲတွင် မြည်ဟီး ကြားယောင်လာပါသည်။ ရောက်ရခြင်းအတွက် ကြည်နူးမှုလည်း ဖြစ်ရပါသည်။

ဗိသနိုးမြို့.တော် တည်ရှိခဲ့ခြင်းနှင့် စပ်လျဉ်းပြီး

'တရုတ်နှင့်အိန္ဒိယကို ဆက်သွယ်ပေးထားသော ကုန်သည်ကုန်လမ်းမကြီးတွင် ဧရာဝတီမြစ်ကိုဖြတ်သည့်နေရာမှ ဧရာဝတီမြစ်ကိုလိုက်သည့် တောင်ဘက်လမ်းခွဲတစ်ခုရှိခဲ့သည်။ ယင်းလမ်းခွဲအတိုင်းလိုက်သော် တကောင်းနှင့် ဗိသနိုးတို့ကို ဖြတ်၍ ပင်လယ်ကမ်းသို့ရောက်နိုင်၏။ -ယင်းမှတဆင့် အိန္ဒိယနိုင်ငံ တောင်ပိုင်းသို့ ဆက်လက်သွားနိုင်သည်။ အိန္ဒိယနိုင်ငံ တောင်ပိုင်းမှ ကုန်သည်တို့သည် ဤတောင်ဘက်လမ်းခုလတ် ပျူတို့၏ ဒေသဖြစ်သော ဗိသနိုးတွင် ကုန်သည်စခန်းဖွင့်ခဲ့ဟန်တူ၏။ ဤမြို့.ဟောင်းတွင်တွေ့.ရသော ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားတို့မှာ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် ဆက်သွယ်နေသည်ကို တွေ့.ရ၏။ သရေခေတ္တရာယဉ်ကျေးမှုလက္ခဏာများကိုလည်း ဗိသနိုးတွင် တွေ့.ရ၏။ အေဒီ ၂-ရာစုက အိန္ဒိယတောင်ပိုင်းတွင် အသုံးပြုခဲ့သည့် ငြဟ္မီအက္ခရာနှင့် ရိုက်နှိပ်ထားသော မြေတံဆိပ်တစ်ခုကိုလည်းတွေ့.ရသဖြင့် ထိုခေတ်ကပင် အက္ခရာနှင့် စာရေးသားမှုအတတ် ရောက်ခဲ့ပြီဟုဆိုနိုင်၏။

'ဤနိုင်ငံငယ်မှာ အေဒီ ၁-ရာစုခန့်တွင် ရှေးဦးပျူတို့တည်ထောင်ခဲ့သော အိန္ဒိယအသွင်ကိုဆောင်သည့် နိုင်ငံငယ်

ဖြစ်၏။ နှစ်ရှည်လျားနေထိုင်ခဲ့ပြီးနောက် မြို့သည် တစ်ကြိမ် ပျက်ခဲ့ရသည်။ တဖန် ပြန်လည်တည်ထောင်၍ နေထိုင်လာခဲ့ကြရာ အေဒီ ၅-ရာစုလောက်တွင် သရေခေတ္တရာပျူတို့နှင့် စစ်မက်ဖြစ်၍ ပျက်သုဉ်းခဲ့ရပေသည်။'

ဟု သမိုင်းကော်မရှင်ဥက္ကဋ္ဌ၊ ဗိုလ်မှူး ဘရှင်မှ 'အနော်ရထာ အရင်ကမြန်မာနိုင်ငံ' စာအုပ်တွင် ဖော်ပြခဲ့သည်။

ဆရာကြီး မောင်သော်ကလည်း သူ၏ အိန္ဒိယမြန်မာ ဆက်ဆံရေးမှတ်တမ်းတွင်-

'အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အဆက်အသွယ်မှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော် ခရစ်နှစ်မစမီလောက်တွင် ဖြစ်ဖွယ်ရှိလေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၉၀၀ ကျော် လောက်က ပျက်စီးသွားသည်ဟုယူဆရသော ဗိဿနိုးမြို့ဟောင်းကို တူးဖော်ရာတွင် မြေအိုးအမျိုးမျိုးကို တွေ့ရှိရသည်။ အချို့သောမြေအိုးတို့တွင် ဘီးလုံး၌ အရုပ်ထုလုပ်၍ ထိုဘီးကို ရွံ့ပျော့တွင်လိုမ့်လျက် အရုပ်တန်းဖော်ယူထားသည့် အိုးများကိုတွေ့ရှိရသည်။ ယင်းအိုးများမှာ အိန္ဒိယပြည် အရိကမေဒု အရပ်တွင် တွေ့ရသော အိုးများနှင့်တူနေသည်။ သို့ဖြင့် ထိုအချိန်လောက်ကပင် အိန္ဒိယပြည်နှင့်မြန်မာပြည်တို့ တစ်နည်း အဆက်အသွယ်ရှိနေပြီဟု ယူဆရန်ရှိပေသည်'ဟု သုံးသပ်ခဲ့ခြင်းကိုလည်း တွေးမိပါသည်။

ဗိဿနိုးအရှင်သည် ရှေးမြန်မာနိုင်ငံတော်ကြီးတွင် အရေးပါထင်ရှားခဲ့ပြီး ဗိဿနိုးကိုးကွယ်သော ဟိန္ဒူအများအပြားလည်း အနှံ့ရှိခဲ့ကြောင်းကို ရှေးဟောင်းအထောက်အထားများအရ သိရှိနိုင်ပါသည်။ ဗိဿနိုးအား အမွန်အမြတ်လည်း ထားခဲ့ကြပါသည်။

ဤဘူမိမြေဒေသတွင် အချိန်အတန်ကြာ နေလိုသေးသော်လည်း ညနေတွင် ပြည်မြို့ ဗုဒ္ဓဝင်ပြပွဲပြသရေးအတွက် ညှိနှိုင်းအစည်းအဝေးချိန်းဆိုထားသည့်ကိစ္စက ရှိနေသေး၍ မိုးမချုပ်မီ ပြည်မြို့သို့အရောက် ခရီးဆက်ရန်ဖြစ်ပေရာ ဗိဿနိုးမြို့တော်ဟောင်းကြီးကို မျက်စေ့အဆုံးအဝကြည့်ပြီး ကျွန်တော်တို့ လှည့်ပြန်ခဲ့ကြပါသည်။

ပြည်မြို့ဒေသသည်လည်း ဗိဿနိုးနှင့် ပတ်သက်မှုရှိသော နေရာမြတ်ဌာန ဖြစ်ပါ သည်။ ပြည်ဒေသသည် ရှေးပျူနိုင်ငံတော် သီရိခေတ္တရာ (ဂြိကွေတြ) သရေခေတ္တရာ ဖြစ်ခဲ့ပါသည်။ သရေခေတ္တရာ (SRI KSHETRA = City of Prosperity (or) Field of Glory) ဟု အနက်အဓိပ္ပါယ်ရှိကြောင်း သက္ကဋ္ဌ အဘိဓါန်တွင် ဖွင့်ဆိုသည်။ ဤတွင် ဗိဿနိုးအရှင်သည် သရေခေတ္တရာပြည်အား တည်ထောင်သူဝန်ဦးအဖြစ် ပါဝင်လျက်ရှိနေပြန်ပါသည်။

အရှင်မဟာသီလဝံသ(ခရစ်နှစ် ၁၄၅၃- ၁၅၂၀)စီရင်သည့် ရာဇဝင်ကျော်၌ သရေ ခေတ္တရာပြည်ကို တည်ထောင်ရာတွင် သိကြားမင်းနှင့်အတူ ဂဝံပတိရဟန္တာ၊ နဂါးမင်းကြီး၊ ဗစ်ရှနူး ရသေ့ကြီး၊ ဗစ်ရှနူး၏ စီးတော်ယာဉ် ဂဠုန်ငှက်မင်းကြီး၊ ပရမေသွာရနတ်မင်းကြီးနှင့် စန္ဒီနတ်သမီးတို့ ပါဝင်ကြသည်။ ပရမေသွာရနတ်မင်းကြီးကို သီဝဟုလည်း ခေါ်ကြသည်။ စန္ဒီကို ကာလီဟုလည်းခေါ်သည်ဟု ဖော်ပြခဲ့သည်။

ဗိဿနိုးနှင့်စပ်လျဉ်းသည့် အမှတ်လက္ခဏာပစ္စည်းများအား သရေခေတ္တရာမြို့ဟောင်းမှ တွေ့ရှိခဲ့ခြင်းကို

'သရေခေတ္တရာ မြို့ဟောင်းတွင်းမှ တူးဖော်ရရှိသော ကျောက်ဆစ်လက်ရာများတွင် ဟိန္ဒူဘာသာနှင့်စပ်ဆိုင်သော ရုပ်တုများကိုလည်း တွေ့ရသည်။ ယင်းဟိန္ဒူနတ်ရုပ်များကို အထောက်အထားပြု၍ သရေခေတ္တရာတွင် ထွန်းကားခဲ့သော ဟိန္ဒူဘာသာသည် ဗိဿနိုးနတ်မင်းကြီးကိုးကွယ်ဆည်းကပ်သော ဂိုဏ်းဖြစ်ကြောင်း နားလည်ရသည်။ သရေခေတ္တရာမြို့ဟောင်း အတွင်း၌တွေ့ရှိသော ကျောက်ချပ်တစ်ချပ်ကို လေ့လာလျှင် ဘေးချင်းယှဉ်ရပ်နေသော ရုပ်ကြွန့်စရုပ်ကို တွေ့နိုင်သည်။ ညာဘက်တွင်ရှိသောရုပ်ကြွမှာ ဗိဿနိုးနတ်မင်းကြီးသည် အမြီးနှင့်တောင်ပံကိုဖြန့်ထားသော စီးတော်ယာဉ် ဂဠုန်ငှက်ပေါ်တွင် မတ်တပ်ရပ်နေသည်။ ဂဠုန်ရုပ်၏ ဦးခေါင်းနှင့်လည်ပင်းတို့ကို မတွေ့နိုင်တော့သော်လည်း ကြွင်းကျန်ရစ်သော အစိတ်အပိုင်းများကို လေ့လာခြင်းဖြင့် ဂဠုန်ငှက်ဖြစ်ကြောင်း သိနိုင်ပါသည်။ ဘယ်ဘက်တွင်မူ ကြာပွင့်ပေါ်တွင်မတ်တပ်ရပ်နေသော လက္ခမိနတ်သမီးကို တွေ့နိုင်သည်'ဟု ရှေးဟောင်းပညာရှင် RAY (နီဟရန်ဂျန်ရေး)၏ အစီရင်ခံစာ၌ ဖော်ပြထားကြောင်းကို ရှေးဟောင်းသုတေသနဌာနခွဲမှ ရှေးဟောင်းသုတေသနဝန်ထောက် ဦးစိန်မောင်ဦးက သရေခေတ္တရာမြို့ဟောင်း (တက္ကသိုလ်ပညာ ပဒေသာစာစောင်၊ အတွဲ-၃၊ အပိုင်း-၁၊ ၁၉၆၈)တွင် ထုတ်နှုတ်ဖော်ပြခဲ့ပါသည်။

မြန်မာ့ဦးစွန်း ရှေးဟောင်းနိုင်ငံတော်ဖြစ်သည့် ပုဂံနိုင်ငံတော်တွင်လည်း ဗိဿနိုးအား ကိုးကွယ်ဆည်းကပ်မှုများရှိခဲ့ပါသည်။

'သဗ္ဗညုဘုရားကြီး အနောက်ဘက်အနီးမှ ဤအဆောက်အအုံအတွင်းရှိ ပဓါနဖြစ်သော နတ်ရုပ်သည် လျောင်းနေသော ပုံဖြစ်၏။ နတ်လဲလျောင်းနေပုံရှိသောကျောင်း 'နတ်လျောင်းကျောင်း'ဟု ရှေးကခေါ်တွင်ကြ၏။ နောင်တွင် ထိုနတ်ရုပ် ပျက်စီးသွားပြီးနောက် အနော်ရထာမင်းကြီး နတ်တို့ကို လှောင်ထားဟန် တူသည်ဟူသော ထင်မြင်မှုဖြင့် ဤအဆောက်အအုံကို နတ်လှောင်ကျောင်းဟု ခေါ်တွင်နေကြခြင်းဖြစ်ဟန် ရှိလေသည်။ စင်စစ်သော်ကား ဤအဆောက်အအုံမှာ ဗြဟ္မဏဘာသာဝင်

တို့၏ ကိုးကွယ်ရာ ဗိဿနိုးနတ်ဗိမာန်အဆောက်အအုံဖြစ်လေသည်။ ယခုတိုင် အပြင်ပတ်လည်တွင် ချိုင့်များအတွင်းတွင် ရုပ်ပုံအကြွင်းအကျန်များကို တွေ့ရသေးသည်။ ယင်းတို့မှာ ဗိဿနိုးနတ်၏ ဝင်စားဖြစ်ပေါ်ခဲ့သော ဆယ်ဘဝဆိုင်ရာ (အဝတာရ) အရုပ်များဖြစ်လေသည်။ အတွင်းအဆောင်တွင် အနန္တနဂါးပေါ်၌ ဗိဿနိုးနတ် လဲလျောင်းစက်၍ အိပ်နေဟန်၊ ချက်မှ ကြာရိုးထွက်၍ ကြာပွင့်များပေါ်တွင် ပြဟ္မာဘာသာ နတ်များတည်နေဟန် စသော ပဓာနရုပ်ပုံများ တည်ရှိခဲ့၏။ အလယ်တည့်တည့်တွင် ဌာပနာဖောက်သူတို့လက် ချက်ဖြင့် ပျက်စီးခဲ့ပြီးဖြစ်သော်လည်း အကြွင်းအကျန်များ ကျန်ရှိသေးသည်။ ထို အတွင်းဆောင်အပြင်ဘက်တွင် မတ်ရပ် ဗိဿနိုးနတ်ရုပ်များမှ အကြွင်းအကျန်များလည်းရှိသည်။'

'ပုဂံခေတ် ထီးလှိုင်ရှင်ကျန်စစ်မင်းကြီးလက်ထက်တွင် ပြဟ္မာဘာသာကိုးကွယ်သော လူစုများသည် ပုဂံတွင် အများအပြားရှိပြီး၊ ကျန်စစ်မင်းကြီးကိုယ်တိုင်ပင် ဗိဿနိုး ဘဝမှ လာကြောင်း ကြေညာထားသူဖြစ်ခြင်းကြောင့် ဤအဆောက်အအုံမှာ ထိုခေတ်အခါလောက်ကပင် တည်ရှိနေပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။ ဗိဿနိုးသည်ပင် ဗုဒ္ဓအဖြစ်ပွင့်လာကြောင်း အယူအဆကလည်း ရှိပြန်သဖြင့် ဤဗိဿနိုးနတ်ဆိုင်ရာ အဆောက်အအုံသည် အခြားဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံကြီးများအကြား၌ တည်ရှိနေမှုမှာ ပုဂံခေတ်၌ ဗိဿနိုးနတ် ကိုးကွယ်မှုထွန်းကားခြင်းကိုလည်း ပြသနေခြင်းဖြစ်လေသည်။ ကျန်စစ်မင်းကြီး နန်းတော်ဆောက်လုပ်ခြင်း မှတ်တမ်းကျောက်စာများတွင် နာရာယဏား(ဗိဿနိုး) နတ်ကို အကြိမ်ကြိမ်ပူဇော်ပသထားခြင်း အခမ်းအနားကို အထပ်ထပ် အခါခါ ဖော်ပြထားလေသည်။'ဟု ပုဂံရွှေဟောင်းသုတေသနဌာနစုမှာ အရာရှိဦးဝိုကေက 'ပုဂံ သုတေသနလမ်းညွှန်'စာအုပ်တွင် ရေးသားထားပါသည်။

'ပုဂံစေတီများအမည်ရှိ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာတမ်းငယ်တွင် ကျောက်စာဝန် သီရိပျံချီဦးလူဖေဝင်း (မဟာဝိဇ္ဇာ)က နတ်လျောင်းကျောင်းအကြောင်းကို စာကြောင်းရေ ၁၃-ကြောင်းမျှဖြင့် ဖော်ပြရာ၌ 'ခရစ် ၉၃၁ ခုနှစ်တွင် တောင်သူကြီးမင်း တည်ဆောက်ကြောင်း ထင်မြင်ယူဆကြသည်'ဟု ဖော်ပြထားသည်ကို ကျွန်ုပ်တို့ ဖတ်ရှုရသည်။ ကံကောင်းထောက်မ၍ မြင်းပုဂံအရပ်၌ တမယ် (တမီလ်) ဘာသာ အက္ခရာရေးကျောက်စာတစ်ချပ်ကို တွေ့ရသည်တွင် နတ်လျောင်းကျောင်းနှင့်ပတ်သက်သော အချက်အလက်များပါပါရှိသဖြင့် အကြောင်းမှန်ကို နီးနီးစပ်စပ် ဆင်ခြင်ယူနိုင်ခွင့်ရလာပြန်ပါသည်။

ကျောက်စာသက်တမ်းတို့ကို ခန့်မှန်း တွက်ချက်ယူနိုင်သော ပညာရပ်အရ အဆိုပါကျောက်စာသည် ၁၃-ရာစုနှစ်က ရေးထိုးစိုက်ထူခဲ့သော ကျောက်စာဖြစ်ကြောင်း HULTZSCH အမည်ရှိ ပညာရှိကြီးက ခရစ် ၁၉၀၂-၀၃ ခုနှစ်ထုတ် မြန်မာပြည် ကမ္ဘည်းကျောက်စာဆိုင်ရာ အစီရင်ခံစာတွင် ယူဆခဲ့သည်။

ထိုတမယ်ဘာသာ (တမိလ်ဘာသာ) ကျောက်စာအဆို သဘောမှာ 'စရိကူလ ဆေခရမ်၏တပည့် မလိမန်ဒလန်နယ်မ ဂေါဒယာပတ္တနမ်မြို့နေ အိုင်ရာယိရန်ဝီရိယန်အမည်ရှိသော ဗိဿနိုးကိုးကွယ်သူ သူတော်စင်တစ်ဦးသည် အရိဗတ္တနပူရမ်ခေါ်ပူကမ်မြို့၌ နာနာဒေစိဗင်နာဂရအလဝါ ဘုရားကျောင်းတွင် မဒန်ပတစ်ခု တည်ဆောက်၍ တံခါးတစ်ပေါက်လှူကြောင်းပင်ဖြစ်သည်။ အရိဗတ္တနပူရမ်သည် အရိမဒ္ဒနပူရပင်ဖြစ်သည်မှာ အထူးရှင်းလင်းရေးသားနေဖွယ်ရာ လိုအံ့မထင်ချေ။ အထက်အဆိုပါ ပညာရှိက နာနာဒေစိဗင်နာဂရအလဝါဆိုသည်မှာ နိုင်ငံအမျိုးမျိုးမှ လာကြသူတို့၏ ဗိဿနိုးနတ်ဘုရားကျောင်းဟု အဓိပ္ပာယ်ဖွင့်ပြလေရာ နတ်လျောင်ကျောင်းသည် အိန္ဒိယကျွန်းဆွယ်ကြီးရှိ ဒေသအသီးသီးမှ ပုဂံပြည်ကြီးတွင် လာရောက်နေထိုင်ကြကုန်သော ဗိဿနိုးကိုးကွယ်သူတို့၏ ဆည်းကပ်ရာဌာနဖြစ်ကြောင်း ထင်ရှားလှပေတော့သည်'ဟု ထင်ရှားသော သတင်းစာဆရာကြီး ဦးသိမ်းမောင်က သူ၏ 'ပုဂံယဉ်ကျေးမှု' စာအုပ်တွင် မှတ်တမ်းတင်ခဲ့ပါသည်။

ပုဂံတွင် နတ်လျောင်ကျောင်းသာမကပါ နန်းဘုရားနှင့် ဂူပြောက်ကြီးဘုရားတို့တွင်လည်း ဟိန္ဒူအမှတ်လက္ခဏာများ ပြည့်ဝစွာ ရှိနေသည်ကို ရောက်ဖူးကြသူများ သိရှိကြပါသည်။

ဗိဿနိုးရုပ်တု၊ ဘုရားကျောင်းတို့ကို နိုင်ငံ၏အထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင်သာမက မြန်မာပြည်အောက်ပိုင်းတွင်လည်း ဖူးတွေ့နိုင်ပါသေးသည်။

အကောင်းဆုံးဖူးတွေ့နိုင်သောနေရာမှာ ကရင်ပြည်နယ်၊ ဘားအံခရိုင်ရှိ ရွှေဟောင်းကော့ဂွမ်းဂူတွင် ဖြစ်သည်။ ဂူအတွင်း၌ တတိယကျောက်ဆစ်ရုပ်ကို-

'မြင်ရသည်ကား မြွေနဂါးကြီး၏ပါးပျဉ်းပေါ်တွင် ပက်လက်မှီလျောင်းနေသော ဗိဿနိုးနတ်ရုပ်ကြီးသည် သူ၏ချက်မကြီးမှ အထက်သို့ထိုးထွက်နေသည့် ကြာပန်းကြီးသုံးပွင့်ပေါ်တွင် ဟိန္ဒူဘုရားသုံးပါး တင်ပျဉ်ခွေထိုင်နေဟန် တွေ့ရ၏။ ဗိဿနိုးရုပ်အောက်တွင် အခြံအရံဟုယူဆရသော နတ်ရုပ်ငယ်များကို တွေ့သေးသည်။ မြွေနဂါးကြီးသည် ဦးခေါင်းငါးလုံးရှိဟန်တူပြီး ရေပေါ်တွင် မျောလျှက်ရှိသည်ဟု ယူဆရ၏။ ဤကျောက်ရုပ်တုပန်းပုလက်ရာသည် ဗုဒ္ဓဘာသာရုပ်တုမဟုတ်ဘဲ ဟိန္ဒူဘုရားရုပ်တုတော်တစ်ခုဖြစ်ပြီး ရွေးကျလှပေသည်။ ဤ ဗိဿနိုး

ပေါ်တွင် မွန်ရွေးဟောင်းကမ္ဘည်းစာပါရှိသဖြင့် အံ့ဖွယ်တစ်ရပ် ဖြစ်သည်။

'ဤဟိန္ဒူရုပ်တုတော်နှင့် အလွန်တူညီသော ဟိန္ဒူရုပ်တုတော် နှစ်ခုကို မွန်မြို့တော် ဟောင်း သထုံမြို့၌တွေ့ရှိခဲ့သည်ဟု မေဂျာ တမ်ပယ်လ်က ဓါတ်ပုံနှင့်တကွ (၁၈၉၄) ခုနှစ် မှတ်တမ်းတွင် ဖော်ပြခဲ့သည်' ဟု ပါမောက္ခနိုင်ပန်းလှက သူ၏ သုတေသန စာပေများစာအုပ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဟိန္ဒူများသည် အစောပိုင်း ခေတ်ကာလကတည်းကရောက်ရှိပြီး ကျန်တိုင်းရင်းသားများနှင့် အတူတကွနေထိုင်ကြရာမှ သူတို့နှင့်အတူ ဗိဿနိုး ကိုးကွယ်မှု သည်လည်း ကျယ်ပြန့်ခဲ့ဟန်ရှိပါ သည်။ အိန္ဒိယနိုင်ငံမှတဆင့် ကုန်းလမ်းခရီးဖြင့် တကောင်း ဗိဿနိုး စသည့်အရပ်ဒေသများသို့ ရောက်ခဲ့ကြသလို မြန်မာနိုင်ငံအောက်ပိုင်းသို့လည်း ရေကြောင်းဖြင့် ရောက်ရှိခဲ့ပြီး မော်လမြိုင်ဒေသတဝိုက်ကို အခြေပြုနေထိုင်ခဲ့ကြသည်ဟု မှတ်ယူရန်ရှိနေပါသည်။

ဆရာကြီး ဦးမာယက ပုသိမ်ရာဇဝင်စာအုပ်၌ 'မွန်မြန်မာ ရွေးဟောင်းရာဇဝင်အချို့၌လည်း မွန်လူမျိုးကုန်သည်တို့သည် အိန္ဒိယမှ သင်္ဘောဖြင့် ကစ္ဆပနဒီ၊ ၎င်းမှ မော်တင်စွန်း၊ ၎င်းမှ သိဂုံတွာရတောင်ငူစွန်း၊ ၎င်းမှ စစ်တောင်းမြစ်ဝှမ်းပင်လယ်၊ ၎င်းမှ ဇင်းကျိုက်တောင်၊ သံလွင်မြစ်၊ ကျိုက္ခမီ ပင်လယ်ဝရှိ ဘီလူးကျွန်း စသည်သို့ ဆိုက်ရောက်ကြကြောင်း၊ ၎င်းတို့သည် နေရင်းဌာနသို့ ပြန်သွားကြပြီးနောက် တစ်ခေါက်ပြန်လာကြသည့်အခါ ကျိုက်သန်လန်တောင်နှင့် မလှမ်းမကမ်းတွင် ရွာတည်နေကြကြောင်း၊ ထိုရွာ၏သူကြီးကတော်မှ 'မွတ်ပိ' ဟူသော သားကို ဖွားကြောင်း၊ မွတ်ပိအရွယ်ရောက်လျှင် ရွာကိုခွဲ့ထွင်၍ မြို့တည်ကာ မွတ်ပိရာဇာအမည်ဖြင့် မင်းပြုကြောင်း၊ မြို့အမည်ကို ရာမပူရဟုမှည့်ခေါ်ကြောင်း၊ ယခု မော်လမြိုင်တဝိုက်တွင် ပင်ဖြစ်ကြောင်း စသည်ဖြင့် ပြဆိုကြလေသည်။ သခင် ကိုယ်တော်မှိုင်း (ဆရာလွမ်းအမည်ဖြင့်) ငယ်စဉ်ကရေးသည့် မော်လမြိုင်ရာဇဝင်ဝတ္ထုဌ၌လည်း၊ သက္ကရာဇ် ၁၉၁၁ ခုတွင် မဇ္ဈိမဒေသမှ ရာမညရာဇာသည် ခြွေရံသင်းပင်းများနှင့်တကွ သင်္ဘောဖြင့် ဘီလူးကျွန်း စသော ယခု မော်လမြိုင်နယ်အတွင်း သို့ရောက်လာကြောင်း မင်းမဲ့ဘဝနေကြရသော ရှိရင်းလူများက တောင်းပန်၍ တိုင်း၏အမည် ရာမည၊ မြို့၏အမည် ရမ္မာဝတီ၊ ရမ္မာပူရဟု မှည့်ခေါ်ကြောင်းနှင့် ရွေးဟောင်းသမိုင်းများကို မှီငြမ်းရေးခြင်းဖြစ်ကြောင်း'ဖြင့် ဆရာဦးမာယက ရေးသားဖော်ပြခဲ့ပါသည်။

ဤအချက်တို့မှာ မွန်တို့၏ ရွေးဟောင်းသားချောသိချင်းများတွင်လည်း ပါရှိပါသည်။ မွန်ဒဲ့တို့၏ရွေးဟောင်းသားချောသိချင်းတစ်ပုဒ်၏အနက်အဓိပ္ပာယ်မှာ-

'ယိလေဟိုလေ၊ အိုချစ်သားလူကလေး၊ ဂေါဒဝရီမြစ်ဝကံရမန္ဒ(ကော်ရိုမန္ဒယ်) ခေါ် ပင်လယ်ကမ်းရိုးတန်းဌာနသည် ငါတို့ မွန်ဒဲ့လူမျိုးများ၏ နေရာဌာနဟောင်းဖြစ်တယ်။ ငါတို့မှာ ရွေးဝိပါကကံအားလျော်စွာ အရှင်သခင် ဘုရင်မင်းမြတ်နှင့် ကင်းကွာပြီး (ထိုအရပ်မှ)ထွက်ခွာလာခဲ့ကြရာ မြန်မာပြည် အောက်ပိုင်း) ဇယားနယ် (တနင်္သာရီ) တကော့ခမွိုင်ခေါ် ပလူးကျွန်းနယ်မြေသို့ ရောက်လာကြရတယ်သားမောင်ရယ်' ဟူ၍ ပညာရှိများ ညှိနှိုင်းပြန်ဆိုထားကြပြီး ၁၉၂၀ ခုနှစ်က ထုတ်ဝေခဲ့သော သုတေသနဂျာနယ်၌ ပါရှိခဲ့ကြောင်းတို့ကို ပညာရှိကြီး ဦးသိမ်းမောင်က ရေးသားခဲ့ပါသည်။ အလားတူပင် မွန်ဒိုင်တို့၏ သားချောသီချင်းတွင် ဂင်္ဂါမြစ် (ခေါ်) မဟာနဒီမြစ်ဝှမ်း မူရင်းဌာနမှထွက်ခဲ့ပြီး လဂုံ (ရဂုံ-ရန်ကုန်)သို့ ရောက်ခဲ့ကြောင်းကိုလည်းကောင်း၊ မွန်ညတို့၏သားချော သီချင်းတွင် မူရင်းဌာနတိလိင်္ဂမှထွက်ခွာ လာခဲ့ပြီး ဂဝံကျောက်အင်္ဂရိရာ သုဝဏ္ဏမည်သော ကောင်းမြတ်သောမြို့ဟောင်းသို့ ရောက်ရှိကြကြောင်း စသည်ဖြင့် အိန္ဒိယနိုင်ငံ ဟိန္ဒူဒေသများမှ လာခြင်းဖြစ်ကြောင်း ပါရှိ ပါသည်။

ဤ ရွေးမွန်သားချောသီချင်းများအား ပါမောက္ခ ဒေါက်တာ နိုင်ပန်းလှကည်း သူ၏သုတေသနစာတမ်းများအား စာအုပ်တွင် ဖော်ပြထားပါသည်။

ဤသို့ရောက်ခြင်းများရှိသလို ချိုလာ(စောဠ)မင်း ရာဇရာဇ၏သားတော် ရာဇျင်ဒရာ (၁၀၁၃-၁၀၄၄) လက်ထက်တွင် ပင်လယ်ကိုဖြတ်ကျော်စစ်ပွဲဖြစ်ရာ၌ စစ်တိုက်လျှက် တကောလမ် (TAKKOLAM) နှင့် မတမ (MATMA) တို့သို့လည်း ရောက်ရှိနေထိုင်ကြကြောင်း စသည်တို့နှင့် ခရစ်တစ်ရာစုနှစ် တမိလ်ကဗျာတစ်ပုဒ်တွင် ကာလကမ် (မြန်မာပြည်ရှိ ရွေးဟောင်းအမည်ဖြစ်သည့် ကဒရမ် (KADDARAM) မှ သင်္ဘောများသည် ကုန်ပစ္စည်းများကို KAVERI (ကာဝေရီ)မြစ်ဝ၌တည်ရှိသည့် စျေးကွက်ကြီးဖြစ်သော ကာဝေရိပဒိနမ် (KAVIRIPPAD-DINAM) ဆိပ်ကမ်းမြို့သို့ တင်ဆောင်သယ်ယူလာကြသည်'ကို ရေးသားထားခြင်းရှိပေရာ ထိုစဉ်က အပြန်အလှန် ကူးလူးဆက်ဆံမှုများတို့ကြောင့် ဗိဿနိုးအား ကိုးကွယ်ဆည်းကပ်မှုသည်လည်း ရွေးရွေးကာလကတည်းကပင် ကျွန်ုပ်တို့နိုင်ငံ၌ ပျံ့နှံ့လျှက်ရှိခဲ့ခြင်းဖြစ်ကြောင်း ကောင်းစွာသိရှိခွင့်ရပါသည်။

ကျွန်တော်သည် ရွေးဟောင်း သမိုင်းပညာရှင်တစ်ဦးမဟုတ်ပါ။ မြန်မာ့သမိုင်းကြောင်းကို ဝါသနာအလျောက် လေ့လာမှတ်သားနေသော သာမန်လူတစ်ဦးသာဖြစ်ပါသည်။ သို့ကြောင့် ဤဆောင်းပါးမှာ သမိုင်းပညာရှင်ကြီးများ၏ အမြင်အသိုးသိုးဖြင့် မှတ်တမ်းပြုစုခြင်းအဆင့်မျှသာဖြစ်ကြောင်း ဝန်ခံတင်ပြလိုပါသည်။ သို့သော် ဤမှတ်တမ်းဖြင့် မြေမြှုတ်မဟာမြန်မာနိုင်ငံ၌

ခရစ်တော်မပေါ်မီ သို့မဟုတ် ခရစ်တော်ပေါ်ခါစ အစောဆုံး နှစ်များမှာပင် ပထမခြေချခဲ့သည့်ခြေရာရှင်များနှင့်အတူ ကျွန်ုပ်တို့၏ ဟိန္ဒူဘိုးဘွားများလည်း ပါရှိခဲ့ကြပြီး ဗိဿနိုးအရှင်အား ကိုးကွယ်ဆည်းကပ်မှု ကျယ်ပြန့်စွာဖြစ်ပေါ်အောင် ဆောင်နိုင်ခဲ့ခြင်းအား တင်ပြရသည့်အတွက် များစွာ ဝမ်းသာပီတိ ဖြစ်ရပါသည်။

သနန္တနဓမ္မပါလကအဖွဲ့၏ ဆုတောင်း ပတ္တနာအဦးအစတွင်
ဝန္ဒာမဟေ၊ ဆကလမံဂလမ(ရ်)မဆူ တိမ့်၊
တမ်ဆွရဏာဘူး မိမသိပူဏျမယိမုဒါ ရာမ်။

'မင်္ဂလာတရား အားလုံးတို့၏ အမိသဖွယ်ဖြစ်သော၊ အလွန်ဖြူစင်သော ကုသိုလ်တရား အတိပြီးသော၊ မွန်မြတ်သော စိတ်ထားနှင့်ပြည့်ဝသော ထိုရွှေမြေ၊ မြန်မာနိုင်ငံကို ပူဇော်ပါ၏'ဟု ဦးခိုက်ခြင်းဖြင့် စတင်ထားရှိပေရာ လေးနက်မှုအပြည့်အဝရှိနေပါသည်။ ဤယုံကြည်မှု မျှော်လင့်မှုတို့ဖြင့် ဆောင်ရွက်လာသည့် သနန္တနဓမ္မပါလကအဖွဲ့သည် ရှေးလာမည့်နှစ်များစွာလည်း ဟိန္ဒူတို့၏ရှေ့ဆောင်အဖြစ် ဆက်လက် ဆောင်ရွက်နိုင်ပါစေရန် ဤသမယတွင် ဆန္ဒမွန်ပြုလိုက်ပါသည်။

နိုင်ငံအကြီးအကဲများ၏ ချီးမြှင့်စောင့်ရှောက်မှု၊ ဘရိပ်အာဝါသအောက် လွတ်လပ်စွာကိုးကွယ်ဆည်းကပ် ဆောင်ရွက်နိုင်ခြင်းကြောင့်လည်း အထူးပင် ကျေးဇူးတင်အပ်ပေသည်။

ရည်ညွှန်းစာအုပ်စာတမ်းများ

၁။ ဗိုလ်မှူးဘရှင်၏ 'အနော်ရထာအရင်က မြန်မာနိုင်ငံ' ပုဂံစာအုပ်တိုက်(၁၉၇၁ ခုနှစ်)။

၂။ တက္ကသိုလ်ပညာ ပဒေသာစာစောင်၊ ထုတ်နှုတ်စာစဉ်များ (သမိုင်း)၊ တက္ကသိုလ်များပုံနှိပ်တိုက်။

၃။ ဦးသိမ်းမောင်၏ 'ပုဂံယဉ်ကျေးမှု'၊ ဇွဲစာပုံနှိပ်တိုက်၊ (၁၉၅၆ ခုနှစ်)။

၄။ ဦးသိမ်းမောင်၏ 'ရန်ကုန်ရာဇဝင်သမိုင်း' ဇွဲစာပုံနှိပ်တိုက် (၁၉၆၆ ခုနှစ်)။

၅။ ဦးမာယ၏ 'ပုသိမ်ရာဇဝင်'၊ ဇွဲစာပေရိပ်မြုံ၊ (၁၉၆၇ ခုနှစ်)။

၆။ ပါမောက္ခ ဒေါက်တာနိုင်ပန်းလှ၏ 'သုတေသနစာပေများ' မွေးစာပေ (၁၉၉၈ ခုနှစ်)။

၇။ 'ရှေးဟောင်းမြန်မာ့မြို့.တော်များ'၊ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေးပညာ ပြန့်ပွားလှုံ့ဆော်ရေးစာစဉ် (၁၉၉၃ ခုနှစ်၊ ဒုတိယအကြိမ်)။

၈။ မောင်သော်၊ အိန္ဒိယမြန်မာဆက်ဆံရေးမှတ်တမ်း၊ စာပေဗိမာန် (၁၉၆၆ ခုနှစ်)။

၉။ U AUNG THAW "Report on the Excavations at BEIK THANO (၁၉၆၈ ခုနှစ်)။

❑ ❑ ❑

ဓမ္မဟူသည်

ဓမ္မ (ဓမ်ိ)သည် သက္ကတစကားလုံးဖြစ်ပြီး အင်္ဂလိပ်ဘာသာတွင် ၄င်းနှင့်တူသော စာလုံးမရှိပါ။ ၄င်းနှင့်အနီးဆုံးစာလုံးမှာ 'ဘာသာရေး' ဖြစ်၏။ သို့ရာတွင် ၄င်းစာလုံးမှာ ဓမ္မ၏ဆိုလိုရင်းကို မရောက်ပေ။ သို့အတွက် ဓမ္မကို အနည်းငယ်ရှင်းပြဖို့ လိုလေသည်။

ဓမ္မသည် အမှန်အားဖြင့် ကျွန်ုပ်တို့၏ သန္တာန်ရှိ ကောင်းသော သဘောသဘာဝကိုဆိုလိုသည်။ ဥပမာအားဖြင့် နေသည် အလင်းရောင်နှင့် အပူဓာတ်ကိုပေးသည်။ ၄င်းမှာ နေ၏ ဓမ္မဖြစ်သည်။ မီး၏ ဓမ္မသည် လောင်ကျွမ်းခြင်း၊ ရေ၏ဓမ္မသည် ရေတမ်မှုကို ပြေပျောက်စေခြင်း၊ မိဘ၏ဓမ္မသည် သားသမီး များအား ပြုစုခြင်း၊ ဆေးဆရာ၏ ဓမ္မသည် သူနာအား ကုသပေးခြင်း၊ အုပ်ချုပ်သူဘုရင်၊ မိဖုရား၊ သမ္မတ စသူတို့၏ဓမ္မမှာ ပြည်သူပြည်သားတို့အား အကျိုးပြုခြင်း၊ လမ်းညွှန်ခြင်း၊ ကာကွယ်ခြင်း၊ ဦးဆောင်ခြင်း၊ ဆရာသမား၏ဓမ္မသည် တပည့်များအား သင်ကြားပေးခြင်း စသည်ဖြင့်ဖြစ်လေသည်။

ဓမ္မသည် ဘုရားသွားကျောင်းတက်ခြင်းမျှသာမဟုတ်၊ တရားနာခြင်းမျှသာမဟုတ်၊ ဥပုသ်စောင့်ခြင်းမျှသာမဟုတ်၊ မိမိ၏ အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကောင်းလာရေးအတွက် နေ့စဉ် လေ့ကျင့် လိုက်နာကျင့်သုံးခြင်းကိုပါဆိုလိုသည်။ ဤတွင် တိရစ္ဆာန်များ၊ သစ်ပင်များကိုပါ မေတ္တာစေတနာထားဖို့ လိုလေသည်။

ကျွန်တော်နှင့်ရှာခါး

စိုးမြတ်ဦး

"ဝိစီ"မှုတ်သံတစ်ချက် မှုတ်လိုက်သည်နှင့် ညနေခင်း၏ လေထုတစ်ခုလုံးသို့ ပြန့်နှံ့သွားလေသည်။

လူငယ်တစ်စုသည် ထို "ဝိစီ" မှုတ်သံ၏ အဓိပ္ပါယ်ကို နားလည်ကြသဖြင့် မိမိလုပ်နေသောအလုပ်များ၊ ပြောလက်စ ရှိသောစကားများကို ဖြတ်တောက်ပစ်ကာ သင်တန်းကွပ်ကဲဆရာ ၏အမိန့်ကို နာခံရန် အဆင်သင့်ဖြစ်နေလိုက်ကြသည်။

"ဆောင်ဒါန်းန်-သာဂ်ချ- အဟရာမ - ပရာကျလာ - ဒါန်ယာ ဘရစ်သ် - ဗာန်ယာ ဘရစ်သ်" စသည်အမိန့်သံများကို ပေးလိုက်သည်။ လူငယ်တို့သည်လည်း ထိုအမိန့်သံအတိုင်း စည်းကမ်းသေဝပ်စွာဖြင့် လိုက်နာကြပြီး ငြိမ်သက်စွာဖြင့် တန်းစီလျက်ရှိကြပါသည်။ လူငယ်များထဲမှ ဝါရင့်သူများဖြစ်ကြ သော "လက်ထောက် ကွင်းခေါင်းဆောင်" တို့အား "သင်တန်း ကွပ်ကဲဆရာ" အမိန့်ပေးသည့်အတိုင်း ၄-၅ ယောက်တို့သည် ၄င်းရှိရာရှေ့တန်းနေရာသို့ ခြိတက်သွားကြပြီး တစ်ဦးနှင့်တစ်ဦး အကွာအဝေးညီညီညာညာဖြစ်စေရန်အတွက် ၄င်းတို့၏ ညာဖက်လက်တန်းများကို ဆန့်ထုတ်ကာ ညှိယူကြ၍ "သတိ" အနေအထားဖြင့် ရင်ကိုကော့ပြီး ရပ်ကြလေသည်။ ကျန် သင်တန်းသားများက ဆက်လက်၍ အမိန့်ပေးသံအတိုင်း သက်ဆိုင်ရာ "လက်ထောက်ကွင်းခေါင်းဆောင်" တို့၏နောက် တွင် တစ်ယောက်နောက်တစ်ယောက် တန်းစီလျက်ဝင်ကာ ညီညာစွာနေရာယူပြီး တန်းစီရပ်ကြပါသည်။ လူငယ်သင်တန်း သားများ တန်းစီရပ်နေသော ရှေ့တည့်တည့်တွင်ကား "ဘဂဝါ အလံတော်မြတ်" ကို လွှင့်ထူထားပါသည်။ ထို မြင့်မြတ်သော အလံတော်အောက်တွင် စုဝေးကာဖြင့် ပထနာပြုဂါထာများကို နောက်ကလိုက်ပြီး အလေးပြုကြပါသည်။ "ဒွါ၍ပရာနာမ် ၁-၂-၃- ဟူ၍ အမိန့်သံကြားသည် နှင့်တစ်ပြိုင်နက် ကိုယ်စီကိုယ်စီ လက်ချင်းဆက်ကာ ကန်တော့ကြရ ပါသည်။ ပြီးမှ - "သင်တန်း ကွပ်ကဲဆရာ" ၏ အမိန့်ကို နားစွင့်ကာ မိမိတို့၏တန်းမှ ခွဲကြရ ပါသည်။

ဤကား နေ့စဉ်နှင့်အမျှ ပထမဦးစွာ လုပ်ရသည့် အမှုကိစ္စ ဖြစ်သလို လုပ်ရိုးလုပ်စဉ်လည်းဖြစ်လာပါသည်။

ကွပ်ကဲဆရာ၏တာဝန်ကလည်း ခပ်သေးသေး။ ၄င်း ညနေခင်းအတွက် ကြိုတင်စီစဉ်မှုများကို စဉ်းစားထားရပါသည်။ စဉ်းစားထားသည့်အတိုင်း ကစားနည်းမျိုးစုံတို့ကို စည်းစနစ် ကျနစွာ သင်တန်းသားတို့က ကစားကြပါသည်။

ကစားနည်းမျိုးစုံဆိုရာတွင် ကဘဒီး၊ မွတ်ကာကူရူ၊ စည်းဝိုင်း ထဲရှိ လက်ကိုင်ပုဝါကို လုပြေးရသည့် ကစားနည်းမျိုး၊ စည်းဝိုင်း တစ်ခုထဲတွင် နှစ်ဦးချင်း ပခုံးချင်းတိုက်၍ အားစမ်းပွဲပြုလုပ် ကစားနည်း၊ Find out the Leader စသည် စသည်တို့ကို သတိရှိရှိဖြင့် အားလုံးကစားကြပါသည်။ ကျွန်တော်တို့ လူငယ်များတွင် ဟင်ဒူစတာနီ၊ ဂူဂျာရာသီ၊ မရာဝါဒီ၊ တေလဂူ၊ တမီလ်၊ ဘင်္ဂါလီ၊ အူဒီယာ၊ မြန်မာ၊ ဂေါ်ရခါး စသည့်လူမျိုးများ ပါဝင်ကြပါသည်။ ကျွန်တော်တို့လူငယ်များသည် "နစ်ကရ်"ခေါ် ကာကီရောင်ဘောင်း ဘီနှင့် အင်္ကျီအဖြူယူနီဖောင်းများကိုလည်း ဝတ်ဆင်ရပါသည်။ ကစားနည်းမျိုးစုံတို့မှာ ရှေးပဝေသဏီ ကတည်းက ခေတ်အဆက်ဆက်ကစားလာကြသော အစဉ် အလာကောင်းများရှိသည့် ကစားနည်းမျိုးများဖြစ်ကြပါသည်။ နောင်အခါများတွင် ဤသို့ကစားခြင်းအားဖြင့် ကိုယ်ကာယ တောင့်တင်းခြင်း၊ စိတ်ဓါတ် ကြံ့ခိုင်ခြင်း၊ စည်းလုံးညီညွတ် မှုများရှိလာခြင်း စသည်များကို သဘောပေါက် နားလည် ခဲ့မိပါသည်။

ယင်းကဲ့သို့ ကစားနည်းမျိုးစုံတို့ကို ကစားကြရသော်ငြား လည်း ကျွန်တော်တို့ ဘင်္ဂါလီအုပ်စုလူငယ်တွေကတော့ တင်းတိမ်မှုမရှိလှပါ။ ကျွန်တော်ကတော့ ထိပ်ကမပါသော်လည်း အလယ်လောက်ကတော့ ပါဝင်ပါသည်။ ဤနေရာတွင် ယင်း အကြောင်းစပ်မိလို့ ဆက်လက်ပြီးဖော်ပြလိုပါသည်။

ဘင်္ဂါလီလူငယ်တစ်စုကတော့ ဖွတ်ဘောလ်, ဖွတ်ဘောလ်ဟု ဘောလုံးကိုသာ တမ်းတကြပါသည်။ သို့သော် ဖွတ်ဘောလ်ကိစ္စ မည်သူမျှမဟကြပါ။ စိတ်ဝင်စားကြပုံလည်းမရ။ သို့နှင့် ဤကိစ္စသည် တအုံနွေးနွေးဖြင့် ပေါက်ကွဲလုမတတ်ဖြစ်လာသည်။ အစဉ်အလာ ကောင်းပြီး မွန်မြတ်သောကစားနည်းမျိုးစုံကြားထဲမှ ဖွတ်ဘောလ်ကိုမှ ကန်လိုကြသည်ကတစ်မျိုး၊ ဟိန္ဒူရိုးရာ အားကစားနည်းများအား ငြိုးငွေ့လာကြသည်ကတစ်ဖုံနှင့် သယ်နှံးကျွန်းရှာခါးက တိုက်ပွဲဝင်ရန် တာစူနေကြသည်။ သယ်နှံးကျွန်းရှာခါးဘက်သို့ တစ်ခါတစ်ရံမှသာ ရှားရှားပါးပါး ပေါ်တော်မူလာတတ်ကြသည့် PRAVEEN JEE, BRINDABAN JEE, MAHAVIR JEE, KANAIYALAL JEE, GANGA JEE, KISHORILAL JEE တို့ လာတိုင်း တင်ပြကြပါသည်။ ကျွန်တော့်အထင် ၄င်းတို့ ဘောလုံးကန် ဘူးကြမည်မထင်ပါ။ စိတ်ဝင်စားကြပုံမရ။ အဖွဲ့ချုပ်မှာလည်း ခပ်မဲ့မဲ့မို့ ဘောလုံးဝယ်ရန် ငွေရှိပုံမပေါ်။ သို့သော် ဘင်္ဂါလီ အုပ်စုကလည်း နဲနဲမှမလျော့။ ဖွတ်ဘောလ်ပေး- ဖွတ်ဘောလ်ပေး နှင့် နောက်တော့ လူကြိုးများ ခေါင်းချင်းဆိုင်ကုန်ကြ၏။

ဘောလုံးတစ်လုံးလား၊ နှစ်လုံးလား ကျွန်တော်တို့ကို ဝယ်ပေးလိုက်ကြသည်။

မည်သို့ပြောရမှန်းပင်မသိ။ ဘင်္ဂါလီလူငယ်တွေ ဖွတ်ဘောလ်ရ၍ ဝါဂွမ်းဆီထိ၊ ပီတိဝှမ်လှိုက် ဖြစ်ကုန်ကြသည်။ ညနေတိုင်း ဒွါဂျ်ပရာနမ် (ဘဂဝါအလံတော်အား အလေးပြုခြင်း) ပြုပြီးသည်နှင့် ဘောလုံးကစားကာ ပျော်မဆုံးမော်မဆုံးပင်။

ရှာခါးသတ်မှတ်ချိန်မှာ တစ်နေ့တစ်နာရီသာဖြစ်သော်လည်း ကျွန်တော်တို့မှာ ညနေကျောင်းဆင်းသည်နှင့် ရှာခါးကွင်းထဲ တစ်ချိုးထဲအမြန်ပြေးလာပြီး လွယ်အိတ်ချ ဘောလုံးကန်ကြသည်မှာ မျက်စေ့ထဲ ဘောလုံးကိုမမြင်ရချိန်ကျတော့မှ ဘောလုံးရပ် လွယ်အိတ်မပြီး အိမ်ပြန်ကြတော့သည်။ မိုးဆုံးဆုံးချုပ်ပြီမို့ မိဘတွေက ပြစ်တောက် ပြစ်တောက်နှင့် ရှာခါးကို အပြစ်တင်ကြရာ ကျွန်တော်တို့ကတော့ ကိုယ်ကစားရ ပြီးရောဆိုပြီး အသာပင်ငြိမ်နေလိုက်ကြသည်။

ကြာလာတော့ ဖွတ်ဘောလ် မခံနိုင်တော့ပါ။ ပေါက်သည့်နေရာ၊ ပြဿဒ်နေရာတွေက ဒုနဲ့ဒေး၊ အသစ်ဝယ်ရန် မတတ်နိုင်၍ လက်မှိုင်ချကြရတော့မလို၊ သို့သော် ဘင်္ဂါလီတွေ ဉာဏ်ကောင်းတယ်ဆိုသောစကားကို အပျက်မခံနိုင်။ ဘိနပ်ချုပ်သမားထံသွားပြီး တောင်းပန်ကာ ချုပ်ခိုင်းရ၊ စက်ဘီးပြင်ဆိုင်သွားပြီး ဖာထေးခိုင်းရနှင့် ဖြစ်အောင်တော့ ဖွတ်ဘောလ်ဆက်ကစားနိုင်ခဲ့ကြပါသည်။

ကျွန်တော်တို့ငယ်ငယ်တုန်းက နံပါတ် (၅)ဘောလုံးကို နေ့တိုင်း လေထိုးပေးရသည်။ လေသွင်းရသော ဘောလုံးနှုတ်သီးကို စိတ်ရှည် လက်ရှည်ဖြင့်ခေါက်၍ သရေပင့်ဖြင့် ချည်နှောင်ကာ လေပြန်မထွက်ရလေအောင် ထောင့်တစ်နေရာဘုက်ဆီကိုကပ်၍ ဘိနပ်ကြိုးချည်သလို ကြက်ခြေခတ်ချည်နှောင်ရသည်။ ယခုခေတ် ဘောလုံးနှင့်မတူခေ့။ ဘောလုံးကစားသော ရှာခါးဟူ၍ သက်နှံးကျွန်းတွင် (၁)ခု၊ မအူကုန်းတွင် (၁)ခု ပေါ်ပေါက်ခဲ့ပါသည်။ ဘင်္ဂါလီလူငယ် 'ဆဲခယား'လည်း တိုးတက်လာပါသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်သည် သနန္တနဓမ္မပါလကအဖွဲ့၏ နှစ် (၅၀)ပြည့်နှစ်သို့ ရောက်ရှိလာပြီဖြစ်ရာ၊ ကျွန်တော်၏ အသက်သည်လည်း (၅၆)နှစ်သို့ ရောက်လာ ပြီဖြစ်ပါသည်။ ၁၉၅၂-၅၃ ခုနှစ်က ကျွန်တော့်ဝမ်းကွဲညီငယ်တစ်ယောက်နှင့် အတူ ထိုစဉ်က ဂျူဒါအိုးစီကယ်လ်လမ်း၊ ယခု သိမ်ဖြူလမ်းရှိ မီးရထားကွာတာတစ်ခုတွင် မယောင်မလည်နှင့် ရောက်ရှိသွားပါသည်။ လူငယ်တစ်စုသည် ကွင်းထဲတွင် တံမြက်စည်းများလှည်းခြင်း၊ ပန်းခရားဖြင့် ရေလောင်းခြင်း၊ ထုံးဖြူများတားခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိသည်ကို တွေ့ရပါသည်။ ကျွန်တော် စိတ်အဝင်စားဆုံးကတော့ ကြက်ခြေနီခတ်ထားသော ဆေးသေတ္တာဘူးပင် ဖြစ်ပါသည်။ မတော်တဆ ထိခိုက်ဒါဏ်ရာများရရှိခဲ့လျှင် ဆေးထည့်ပေးခြင်း၊ ပလပ်စတာ ကပ်ပေးခြင်း၊ ပတ်တီးစည်းပေးခြင်းကို ပြုလုပ်ပေးကြပါသည်။ ထိုဒါဏ်ရာမျိုးရခြင်းကြောင့် ပတ်တီးစည်းခံရလျှင်ပဲ သူရဲကောင်း ဘွဲ့တံဆိပ်ခတ်ခံရခြင်းဖြစ်သည်ဟူ၍ ကျွန်တော်တွေးမိခဲ့ပါသည်။ ဤသည်နှယ် ရှာခါးထဲသို့ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် ကြီးပြင်းလာရာ သနန္တနဓမ္မပါလကအဖွဲ့၏ သဘောတရားများကို နားလည်သိလာပါသည်။ ကျွန်တော်တို့ကိုယ်၌က မည်သူမည်ဝါဖြစ်ကြောင်းကို နားလည်ခွင့် ရရှိလာပါသည်။ အစဉ်အလာကြီးမားပြီး ယဉ်ကျေးသိမ်မွေ့သော အမွေအနှစ်များကို ပိုင်ဆိုင်သူများဖြစ်ပြီကော။ သမိုင်းနောက်ခံတို့လည်း ရှိပြီကော။ ဖြတ်သန်းလာခဲ့ရသော သမိုင်းဝင်ဖြစ်စဉ်တို့သည်ကား စိတ်မချမ်းမြေ့ဘွယ်ရာများလည်း ပါရှိနေပြီကောလား။ ဒီအတိုင်း နေသွားမည်သာဆိုလျှင် ကျွန်ုပ်တို့သည် အစရှာမရဘဲ ဤလောကကြီးတွင် ပျောက်ကွယ်သွားဘွယ်ရာ ဖြစ်နေပြီကော။

ကျွန်တော်ကိုယ်တိုင်သိရသလောက် ဖော်ပြရမည်ဆိုပါက သနန္တနဓမ္မပါလကအဖွဲ့သည် မြန်မာနိုင်ငံအနှံ့အပြားရှိ ဟိန္ဒူများအတွက် ဓမ္မတရားများကို သင်ကြားပို့ချပေးသည်။ သင်တန်းများ၊ သင်တန်းဆရာများ၊ ဘာသာရေးစာမေးပွဲများကို ဟိန္ဒီဘာသာစကား၊ တမီလ်ဘာသာစကား၊ မြန်မာဘာသာစကား စသည်ဖြင့် ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုပြန့်ပွားရေးကို ရှေးရှုလျှက် ဗုဒ္ဓဝင်ပြပွဲကို အမြို့ပြို့အရပ်ရပ်တိုင်းတွင် ပြသခဲ့သည်။ နောက်ဆုံး ထိုင်းနိုင်ငံသို့ပင် သွားရောက်ပြသခဲ့ပါသည်။ ကျောက်တံခါးမြို့တွင် ဟိန္ဒူများအတွက် အစဉ်အလာများကို ထိန်းသိမ်းနိုင်စွမ်းကိုပေးနိုင်သော သင်္ကရိုက်ဘာသာရပ်ကအစ သင်ကြားပေးနေပါသည်။ အိန္ဒိယနိုင်ငံသို့လည်း သင်္ကရိုက်ဘာသာကို စည်းပူးနိုင်ရန်အတွက် အစိုးရခွင့်ပြုချက်ဖြင့် ပညာတော်သင်များကို စေလွှတ်ခဲ့ပါသည်။ မြန်မာစာပေလောကတွင် "သစ္စာရောင်ခြည်မဂ္ဂဇင်း" ကိုလည်း ထုတ်ဝေခဲ့ခြင်းအားဖြင့် ရှေးဟောင်းတရားဓမ္မများကို ဆက်လက်၍ ရှင်သန်ခဲ့စေပါသည်။

မြန်မာနိုင်ငံတွင် သနန္တနဓမ္မပါလက အဖွဲ့ကို ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီ (၁၄)ရက် မကရဆန်ကရန်သီနေ့မြတ်တွင် စတင်ထူထောင်လာခဲ့သဖြင့် ဖြတ်သန်းခဲ့သော နှစ် (၅၀)သည် တိုတောင်းလှပါသည်၊ ရှည်လျားလှပါသည်ဟူ၍ ကျွန်တော် မထင်ပါ။ ဟိန္ဒူတို့၏ အကျိုးဖြစ်ထွန်းစရာများကို အဘက်ဘက်မှ အားသွန်ခွန်စိုက် လှုပ်ရှားခဲ့သမျှတို့သည် အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ဤအောင်လံတလူလူလွင့်ထူနေသည်ကို ရှေ့လာမည့်ခေတ်အဆက်ဆက်သို့ ဆက်လက်သယ်ဆောင်သွားနိုင်လိမ့်မည်ဟူ၍လည်း ယုံကြည်ကာ စိတ်ချပါသည်။ ⌟ ⌟ ⌟

ဧသ ဓမ္မော သနန္တနော

(ဓမ္မာစရိယ ဦးမောင်မောင်လေး)

ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်

အသက် ၁၄-၅ နှစ်အရွယ် ဘုန်းကြီးကျောင်းသားဘဝတွင် မိမိပါဠိစာပေအခြေခံအနေဖြင့် ကစ္စည်းသဒ္ဒါကြီးကျမ်းကို စတင် သင်ယူခဲ့ရ၏။ ထိုသဒ္ဒါကြီးကျမ်း၏အစ သန္ဓိပိုင်းတွင် သန္ဓိစပ် ပြဿုဂ်အနေဖြင့် ဖော်ပြထားသည့် "ဧသဓမ္မော သနန္တနော" ဟူသော ပါဠိစာပိုဒ်ကလေးကို တွေ့ရှိရ၏။ "ဧသဓမ္မော- ဤတရားသည်၊ သနန္တနော - ရွှေ့၌ဖြစ်သောတရားတည်း" ဟု အနက်ဆိုခဲ့ရ၏။ ဆရာကချပေး၍သာ ဤသို့အနက်ဆိုခဲ့ရသော်လည်း အဓိပ္ပါယ်ကိုကား နားမလည်ခဲ့ချေ။

သဒ္ဒါကြီးမှစ၍ ပါဠိစာပေကို ဆက်လက်လေ့လာပြီး အတော်အတန် နှံစပ်ကျွမ်းကျင်လာသောအခါ ဓမ္မပဒပါဠိတော်၌ ဂါထာတစ်ပုဒ်ကို တွေ့ရှိရ၏။ ထိုဂါထာကား

"နဟိ ဝေရေန ဝေရာနိ
သမ္မန္တိဓ ကုဒါစနံ
အဝေ ရေန စ သမ္မန္တိ
ဧသ ဓမ္မော သနန္တနော"

ဟူ၍ ဖြစ်၏။ အဓိပ္ပါယ်ကား - လောက၌ ရန်တို့သည် ရန်တုံ့မူ ခြင်းဖြင့် ဘယ်ခါမှမငြိမ်းကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ ဤတရားသည် ရှေ့၌ဖြစ်သော တရားတည်း" ဟု ဆိုရာ၏။

ထိုဂါထာကိုဖတ်ရှုလေ့လာရသောအခါ ကျောင်းသားဘဝမှစ၍ မှတ်မိနေသည့် "ဧသ ဓမ္မော သနန္တနော" ဟူသော အပိုဒ်ကလေး၏ အနက်အဓိပ္ပါယ်ကို အဆက်အစပ်နှင့်တကွ သိရှိရသဖြင့် အတော်ကျေနပ်သွားခဲ့၏။ ထိုဂါထာကိုအမှီပြု၍ "ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်"ဟူသောအဆို ဖြစ်ပေါ်ခဲ့သည်ဟူ၍လည်း စဉ်းစားမိလာပါသည်။

လင်တူမိန်းမနှစ်ဦး၏ရန်ငြိုး

ထို့နောက် ဓမ္မပဒအဋ္ဌကထာကို လေ့လာဖတ်ရှုသောအခါ အထက်ပါဂါထာမှာ တစ်ခုသောဘဝ၌ လင်တူမယားဖြစ်ခဲ့ကြပြီး ရန်ငြိုးရန်စရှိခဲ့ကြခါ ဘဝဆက်ဆက်တိုင်း လက်စားချေရန် အားထုတ်ကြသော အမျိုးသမီးနှစ်ဦးကိုအကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဂါထာဖြစ်ကြောင်း သိရှိရ၏။ ထိုအမျိုးသမီးနှင့် ဘီလူးမတို့သည် လင်တူမယားဘဝ၌ သားသမီးမရနိုင်သောမိန်းမက သားသမီးရမည့်မိန်းမ၏ ကိုယ်ဝန်ကို ပျက်ကျအောင်ပြုလုပ်ခဲ့၏။ သုံးကြိမ်တိုင်အောင် ကိုယ်ဝန်ပျက်ခဲ့ရသော ထိုမိန်းမသည် သေခါနီးတွင် လင်တူမိန်းမကို လက်စားချေနိုင်ရန် ဆုတောင်းခဲ့၏။ သူမသည် ထိုအိမ်၌ပင် ကြောင်မဖြစ်လာပြီး လင်တူမိန်းမကား ကြွက်မဖြစ်လာ၏။ ကြွက်မမှ မွေးလာသမျှသောကလေးများကို ကြောင်မက စားပစ်၏။

တစ်ဖန် ကြွက်မက ကြောင်မကို လက်စားချေနိုင်ရန် ဆုတောင်းပြီး သေလွန်သွားရာ တောအုပ်တစ်ခု၌ ကျားသစ်မဖြစ်လာ၏။ ကြောင်မကလည်း ထိုတောအုပ်၌ပင် သမင်မဖြစ်လာ၏။ ထိုသမင်မမှ မွေးလာသမျှသောသမင်ကလေးများကို ကျားသစ်မက လာ၍စား၏။

တစ်ဖန် သမင်မသည် ကျားသစ်မကို လက်စားချေနိုင်ရန် ဆုတောင်းပြီး သေလွန်သွားရာ ဘီလူးမဖြစ်လေ၏။ ကျားသစ်မကား သာဝတ္ထိပြည်၌ အမျိုးသမီးတစ်ဦးဖြစ်လာ၏။ ထိုအမျိုးသမီးသည် အရွယ်ရောက်သောအခါ သာဝတ္ထိပြို့အနီးရှိ ကျေးရွာတစ်ရွာမှ အမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ကျလေ၏။ ထိုအမျိုးသမီး သားဖွားသောအခါ ဘီလူးမက လာရောက်ယူဆောင်သွားပြီး စားပစ်လေ၏။ ဒုတိယအကြိမ် သားဖွားသောအခါ၌လည်း ထိုနည်းတူ ပြုလုပ်၏။

Roses have thorns, and silver fountain mud

တတိယအကြိမ်တွင်မူ ထိုအမျိုးသမီးသည် သာဝတ္ထိမြို့တွင်းရှိ မိဘအိမ်သို့ပြန်၍ သားဖွား၏။ သားဖွားပြီး တစ်လနီးပါးမျှကြာသောအခါ လင်ယောကျ်ားနှင့်အတူ သားငယ်ကိုပိုက်လျှက် ရွာသို့ပြန်လာ၏။ ဇေတဝန်ကျောင်းအနီးသို့ရောက်သောအခါ ကျောင်းအနီးရှိရေကန်၌ သားငယ်လေးကိုရေချိုးပေးပြီး လင်မယားနှစ်ယောက်တို့လည်း တစ်လှည့်စီရေချိုးကြ၏။

လင်ယောကျ်ားကရေချိုးနေ၍ မယားဖြစ်သူက ရေကန်စပ်၌ကလေးကို နို့တိုက်နေစဉ် ဘီလူးမရောက်လာသည်။ အမျိုးသမီးသည် ထိုဘီလူးမလာသည်ကိုမြင်လျှင် မှတ်မိ၍ ဇေတဝန်ကျောင်းထဲသို့ဝင်ပြေးပြီး တရားဟောနေသော မြတ်စွာဘုရား၏ခြေရင်း၌ သားငယ်ကလေးကိုချထား၍ "ဤကလေးကို ကယ်တော်မူပါဘုရား" ဟု ဘုရားရှင်အား လျှောက်ကြားတောင်းပန်သည်။ ဘီလူးမကား ကျောင်းထဲသို့မဝင်ဝံ့သဖြင့် တံခါးမုခ်အပြင်၌ ရပ်နေသည်။ ဘုရားရှင်က ထိုဘီလူးမကို သွားခေါ်ရန် ရှင်အာနန္ဒာအား မိန့်ကြားဆည်။ ဘီလူးမရောက်လာသောအခါ သူတို့နှစ်ဦး၏အတိတ်ဘဝဖြစ်စဉ်များကို ပြန်ပြောင်းဟောကြားပြီး အထက်ပါဂါထာဖြင့် ရန်ကိုရန်ချင်းမတုံ့လျှင်းသင့်ကြောင်း ဆုံးမတော်မူသည်။ ထိုအခါ ထိုအမျိုးသမီးနှစ်ဦးတို့ ရန်ငြိုးပြေ၍ ချစ်ခင်သောမိတ်ဆွေများ ဖြစ်သွားကြလေသည်။

ကောသမ္မီပြည်သားရဟန်းများ

မြတ်စွာဘုရားသည် ဤ "နဟိဝေရေန" အစရှိသောဂါထာကို ခိုက်ရန်ဖြစ်ပွားနေသော ကောသမ္မီပြည်သား ရဟန်းများအား ဆုံးမရာ၌လည်း ဟောကြားတော်မူခဲ့၏။ ကောသမ္မီပြည် ယောသီတာရုံကျောင်း၌ ဘုရားရှင် ဝါဆိုတော်မူသော ဒသမဝါတွင် ဝိနည်းအောင်ရဟန်းတစ်ပါးနှင့် သုတ္တန်အောင်ရဟန်းတစ်ပါးတို့ မကြိုးကျယ်လှသောကိစ္စတစ်ခု၌ အငြင်းပွားမှုကိုအကြောင်းပြု၍ သံယာထုအတွင်း၌ ကြီးမားသော ခိုက်ရန်ငြင်းခုံမှုဖြစ်ပွားနေ၏။ နှစ်ဖက်လုံမှ သက်ဆိုင်ရာတပည့်တပန်းများ၊ မိတ်ဆွေသူငယ်ချင်းရဟန်းများနှင့် တပည့်ဒကာများပါ ပါဝင်လာကြသဖြင့် ကြီးမားသော အဓိကရုဏ်းကြီး ဖြစ်ပေါ်နေ၏။ ကျောင်း၌လည်းကောင်း၊ ဆွမ်းစားဇရပ်၌လည်းကောင်း၊ မြို့တွင်းရွာတွင်း၌လည်းကောင်း၊ တစ်ဖက်သားနှင့်တစ်ဖက်သား တွေ့မြင်သည့်နေရာတိုင်း၌ ရန်ပြု၍နေကြသည်။ ဥပုသ် ပဝါရဏာ စသောသံယာ့ကိစ္စများကိုလည်း တကွဲတပြားစီ ပြုလုပ်နေကြသည်။ မြတ်စွာဘုရားက တစ်ဖက်စီ သောရဟန်းများထံ ချဉ်းကပ်၍ ညှိညွှန်စွာနေကြရန် ဆုံးမသော်လည်း ရန်ငြိုးမပြေနိုင်ဘဲ ရှိနေကြ၏။

ထိုအခါ မြတ်စွာဘုရားသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ရန်ပြုနေခြင်းဖြင့် ရန်တို့သည် ဘယ်အခါမှမငြိမ်းကုန်၊ ရန်တုံ့ ပြန်ခြင်းဖြင့်သာလျှင် ရန်တို့သည် ငြိမ်းနိုင်ကြောင်း ရှေးဟောင်းဝတ္ထုတစ်ပုဒ်ကို သာဓကပြု၍ ဟောကြားဆုံးမတော်မူ၏။

ကာသိတိုင်းနှင့် ကောသလတိုင်း

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၍ ကောသလတိုင်း၌လည်း ဒီယိတိမည်သောမင်းသည် မင်းပြုနေ၏။ တရံရောအခါ ဗြဟ္မဒတ်မင်းသည် အင်အားနည်းသော ကောသလတိုင်းကို မိမိ၏ကြီးမားသောစစ်အင်အားဖြင့် တိုက်ခိုက်သိမ်းပိုက်လေ၏။ ဒီယိတိမင်းသည် မိဖုရားနှင့်အတူ နန်းတော်မှတိမ်းရှောင်ထွက်ပြေးပြီး ဗာရာဏသီမြို့စွန်မှ အိုးထိန်းသည်တစ်ဦး၏အိမ်၌ ပုန်းနေ၏။ ထိုစဉ်တွင် မိဖုရားကြီး၌ ကိုယ်ဝန်ရရှိပြီး ရက်လစေ့သောအခါ သားယောကျ်ားလေး တစ်ဦးကို ဖွားမြင်လေ၏။ သားတော်လေးအား ဒီယာဝု (မောင်သက်ရှည်) ဟု နာမည်ပေးထား၏။

ဒီယာဝုမင်းသားလေး ကြီးပြင်းလာသောအခါ ဗြဟ္မဒတ်မင်း၏ ရန်ကိုကြောက်သဖြင့် မိဘတို့က သူ့ကို မိမိတို့နှင့် အတူမထားဘဲ မြို့ပြင်တစ်နေရာသို့ပို့၍ ပညာသင်ကြားစေသည်။ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် သစ္စာဖောက်တစ်ဦး၏ သတင်းပေးချက်ဖြင့် ဒီယိတိမင်းနှင့် မိဖုရားတို့ အိုးထိန်းသည်အိမ်၌ ပုန်းအောင်းနေကြောင်း သိရှိသွားလေ၏။ ထိုအခါ ဗြဟ္မဒတ်မင်းသည် မင်းချင်းတို့ကိုစေလွှတ်၍ ဒီယိတိမင်းကို မိဖုရားနှင့်တကွ ဖမ်းစေပြီး ရန်စတုန်းအောင် ကွပ်မျက်ရန် အမိန့်ပေးလေသည်။

မင်းချင်းယောကျ်ားတို့သည် မိဖုရားနှင့်တကွ ဒီယိတိမင်းကို ဖမ်းပြီး မကွပ်မျက်မီ ခေါင်းတုံးတုံး၊ လက်ပြန်ကြိုးတုပ်ပြီး မြို့တွင်း၌ လှည့်လည်ပြသကြသည်။ ထိုအချိန်တွင် ဒီယာဝုမင်းသားလေးသည် ခမည်းတော်၊ မယ်တော်တို့နှင့်တွေ့ရန် မြို့ထဲသို့ ဝင်လာလေ၏။ ဒီယိတိမင်းသည် သားတော်လေးကို အဝေးမှလှမ်း၍ မြင်သည်ရှိသော် "ချစ်သား အရှည်ကိုမကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟု ဆိုလေ၏။ မင်းချင်းတို့ကား ထိုမင်း၏ဆိုလိုချက်ကိုနားမလည်ကြဘဲ "ဤမင်းသည် သေဘေးကြောင့် စိတ်ချောက်ခြား၍ ယောင်ယမ်းမြည်တမ်းနေ၏" ဟူ၍သာ မှတ်ထင်ကြလေသည်။

မင်းချင်းယောကျ်ားတို့သည် ဒီယိတိမင်းနှင့် မိဖုရားကို မြို့တွင်း၌ လှည့်လည်ပြသပြီး မြို့တောင်ဘက်သို့ထုတ်၍ သုတ်သင်ပြီး အလောင်းများကို လေးပိုင်းပိုင်း၍ ပစ်ချသွားကြသည်။ ဒီယာဝုမင်းသားသည် ညအချိန်သို့ရောက်သောအခါ ခမည်းတော်နှင့် မယ်တော်တို့၏အလောင်းများကို စုပုံသင်္ဂြိုဟ်၍ ရိုသေစွာ လက်အုပ်ချီရှိခိုးပြီး ပြန်သွားလေ၏။

ဒီယာဝုမင်းသားနှင့်ဗြဟ္မဒတ်မင်း

ထို့နောက် ဒီယာဝုမင်းသားသည် မိမိ၏ အတတ်ပညာဖြင့် ဗြဟ္မဒတ်မင်းထံ၌ ခစားခွင့်ရရန် အားထုတ်ရာ မကြာမီတွင် ထိုမင်းနှင့်အလွန်ရင်းနှီးသော အတွင်းဝန်ကလေး ဖြစ်လာလေ၏။ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းသည် ဒီယာဝုအား ရထားကို မောင်းနှင်စေပြီး သမင်လိုက်ရန် တောသို့ထွက်လာသည်။ ဒီယာဝုသည် ရထားကိုမောင်းနှင်လေ၏။ ခရီးအတော်ပေါက်သောအခါ မင်းကြီးက ပင်ပန်းသဖြင့် ရထားကိုရပ်စေ၍ ခေတ္တအနားယူလေသည်။ ယင်းသို့ အနားယူစဉ် မင်းကြီးသည် ဒီယာဝု၏ရင်ခွင်၌ ခေါင်းတင်၍ အိပ်ပျော်သွားလေ၏။

ထိုသို့ မင်းကြီး အိပ်ပျော်သွားသောအခါ ဒီယာဝုသည် ကောသလတိုင်းကို တိုက်ခိုက်ဖျက်သိမ်း၍ ခမည်းတော်နှင့် မယ်တော်ကို သတ်ဖြတ်ခဲ့သော ဗြဟ္မဒတ်မင်းကို လက်စားချေရန် အကြံဖြစ်ပေါ်လာသဖြင့် သန်လျက်အိမ်မှသန်လျက်ကို ထုတ်ယူလိုက်လေ၏။ သို့သော် သေလွန်ခါနီးတွင် ခမည်းတော် ပြောကြားခဲ့သောစကားကို သတိရလာသဖြင့် သန်လျက်ကို အိမ်ထဲသို့ ပြန်ထည့်လိုက်၏။ နောက် နှစ်ကြိမ်သုံးကြိမ်တိုင်အောင် ထိုနည်းတူ သန်လျက်ကို ထုတ်ချည်သွင်းချည်ပြုလုပ်နေစဉ် ဗြဟ္မဒတ်မင်းကြီးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အိပ်ရာမှ နိုးလာလေ၏။

"အရှင်မင်းကြီး အဘယ့်ကြောင့် ထိတ်လန့်တုန်လှုပ်နေပါသနည်း"ဟု ဒီယာဝုကမေးရာ "ဒီယိတိမင်း၏သားက သန်လျက်ဖြင့်လိုက်သည်ဟုအိပ်မက်မက်သောကြောင့် ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ကြောင်း မင်းကြီးကပြော၏။ ထိုအခါ ဒီယာဝုသည် လက်ဝဲလက်ဖြင့် မင်းကြီး၏ဦးခေါင်းကိုဆွဲကိုင်ပြီး လက်ယာလက်ဖြင့် သန်လျက်ကိုထုတ်၍ ဒီယိတိမင်း၏သားတော် ဒီယာဝုမင်းသားဟူသည် မိမိပင်ဖြစ်ကြောင်းပြောလျက် မင်းကြီးကို သတ်ရန် ခြိမ်းခြောက်လေသည်။ မင်းကြီးက မိမိအသက်ကို ချမ်းသာပေးရန် တောင်းပန်သည်။ ဒီယာဝုမင်းသားကလည်း သူ့အသက်ကို ချမ်းသာပေးရန် တောင်းပန်သည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး ရန်မပြုရန် ကတိသစ္စာထားကြပြီး မြို့တော်သို့ ပြန်လာကြလေသည်။

နန်းတော်သို့ပြန်ရောက်သောအခါ ဗြဟ္မဒတ်မင်းကြီးက မှူးမတ်တို့ကို စည်းဝေးစေပြီး "ယခုအချိန်၌ ဒီယိတိမင်း၏သားတော် ဒီယာဝုမင်းသားကိုတွေ့ရင် ဘယ်လိုလုပ်ကြမလဲ"ဟု မေးသည်။ အမတ်တွေက ဘုရင့်အား မျက်နှာလိုအားရ ပြုလိုကြသည်ဖြင့် "ခြေတွေလက်တွေဖြတ်ပစ်မယ်၊ ဦးခေါင်းကိုဖြတ်ပစ်မယ်" စသည်ဖြင့် အမျိုးမျိုးတင်ပြကြသည်။ ထိုအခါ မင်းကြီးက မိမိအနီး၌ထိုင်နေသော ဒီယာဝုမင်းသားကို ညွှန်ပြလျက် "ဒီယိတိမင်း၏သားတော် ဒီယာဝုမင်းသားဆိုတာ သူပဲ" ဆိုပြီး အကြောင်းစုံကိုပြောပြသည်။

ရန်စကိုမရှည်စေလင့်

ဒီယာဝုသည် ခမည်းတော်သေခါနီးတွင် မိမိအား ဆုံးမစကား သုံးခွန်း ပြောကြားခဲ့ကြောင်း၊ ထိုဆုံးမစကားများကို သတိရသဖြင့် ဗြဟ္မဒတ်မင်းကြီးကို လုပ်ကြံမှုမပြုခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံခဲ့၏။ ထိုဆုံးမစကားသုံးခွန်း၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းပြရန် မင်းကြီးကတိုက်တွန်းရာ ဒီယာဝုက အောက်ပါအတိုင်း ရှင်းပြလေသည်။

"အရှင်မင်းကြီး. . . ကျွန်ုပ်၏ခမည်းတော်သည် ကျွန်ုပ်အား အရှည်ကိုမကြည့်လင့်၊ အတိုကိုလည်းမကြည့်လင့်၊ ရန်တုံ့မှုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ရန်တုံ့မမှုသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏" ဟူသော ဤဆုံးမစကားသုံးခွန်းကို ပြောကြားခဲ့ပါသည်။ ထိုစကားသုံးခွန်းတို့တွင် "အရှည်ကိုမကြည့်လင့်" ဆိုသည်မှာ "ရန်စကို မရှည်စေလင့်"ဟု ဆိုလိုပါသည်။ "အတိုကိုလည်းမကြည့်လင့်" ဆိုသည်မှာ ချစ်စကိုမတိုစေလင့်" ဟု ဆိုလိုပါသည်။ "အရှင်မင်းကြီး ရန်တုံ့ပြုသဖြင့် ရန်တို့သည် မငြိမ်းကုန်၊ ရန်တုံ့မမှုသဖြင့်သာလျှင် ရန်တို့သည်ငြိမ်းကုန်၏" ဟူသော တတိယဆုံးမစကား၏ အဓိပ္ပါယ်မှာမူ အရှင်မင်းကြီးနှင့် ကျွန်ုပ်တို့၏ အဖြစ်အားဖြင့်ပင် ထင်ရှားလှပါသည်။

ဤသို့ ဒီယာဝုကတင်ပြလေရာ ဗြဟ္မဒတ်မင်းကြီးသည် လွန်စွာ နှစ်သက်လှသည်ဖြစ်၍ ဒီယာဝုမင်းသားအား သမီးတော်နှင့် ထိမ်းမြားပြီး သူ့ခမည်းတော်၏နိုင်ငံဖြစ်သော ကောသလတိုင်းကိုလည်း ပြန်လည်လွှဲအပ်ပေးလိုက်လေသည်။

ဗြဟ္မစိုရ်တရားထွန်းကားရေး

အထက်ပါတင်ပြချက်တို့ကား "ဧသ ဓမ္မော သနန္တနော" ဟူသော အဆိုနှင့်စပ်၍ ရန်တုံ့မမူခြင်း သို့မဟုတ် လက်စားမချေခြင်းဟူသော သနန္တနဓမ္မ၏သရုပ်ကို ဖော်ထုတ် တင်ပြခြင်းဖြစ်၏။ အမှန်အားဖြင့် ဤရန်တုံ့မမူခြင်း၏အခြေခံမှာ မေတ္တာကရုဏာ စသော ဗြဟ္မစိုရ်တရား လေးပါးပင်ဖြစ်၏။ ဗြဟ္မစိုရ်တရားလေးပါးတို့သည်လည်း ကမ္ဘာ ဦးကာလမှစ၍ ရှေးပညာရှိသူတော်ကောင်းတို့ကျင့်သုံးခဲ့ကြသည့် သနန္တနဓမ္မများပင် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံ၌ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးဝံသာနုရက္ခီတရား ပြန့်ပွားရေးကို နှစ်ပေါင်းငါးဆယ်တိုင်အောင်ဆောင်ရွက်ခဲ့သော သနန္တနဓမ္မပါလကအဖွဲ့သည် နောင်အနာဂတ်တွင်လည်း ဗြဟ္မစိုရ်တရားလေးပါးနှင့်တကွ ရှေးသူတော်ကောင်းတို့၏ကျင့်စဉ်ဖြစ်သော သနန္တနဓမ္မများ ပြန့်ပွားရေးကို အဓွန့်ရှည်စွာ ဆောင်ရွက်သွားနိုင်ပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

လူငယ်ပြုပြင်ပြောင်းလဲမှု

လူငယ်ဟူသည် အတွေးအကြံသစ်တို့ကို စူးစမ်းလိုစိတ် ရှိကြသည်။ မည်မျှသဘာဝမကျသောအရာကိုပင် ဖြစ်စေ စမ်းသပ်လုပ်ကိုင်လို စိတ်ရှိကြသည်။ ထိုအတွက်လည်း သူတို့တွင် ကာယအား၊ စိတ်ဓါတ်အား ရှိကြ၏။ လူငယ်သည် မိမိခံယူထားသောပန်းတိုင်အတွက် စူးစိုက်အားထုတ်လိုသော၊ စိတ်ဆန္ဒလည်းပြင်းထန်သည်။ ပညာရှိအခေါ်ခံသူတို့က လူငယ်တို့၏ အရည်အသွေးနှင့် ရည်မျှော်ချက်များကို 'မိုက်မဲမှု' ဟု ကင်ပွန်းတပ်ကြပေမည်။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင်ပင် ငယ်စဉ်ကယခုလိုဖြစ်ခဲ့ကြကြောင်းကိုတော့ မေ့နေကြလေသည်။

လူငယ်တွေမိုက်မဲသည်မဟုတ်ပါ။ သူတို့သည် ဟန်ဆောင်မှု၊ လက်တွေ့မကျမှုတို့ကို ငြင်းဆိုကြသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် အခြေအနေသစ်၊ နည်းလမ်းသစ်များနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါတွင် ပို၍ စွမ်းရည်ထက်မြက်လာကြသည်။ သို့ဖြစ်လေရာ- လူကြီးများ၏ရင့်ကျက်မှုနှင့် အစဉ်အလာကို လူငယ်များ၏ တက်ကြွမှု၊ လှုပ်ရှားမှု၊ တီထွင်ကြံဆတတ်မှုတို့နှင့် ပေါင်းစပ်လိုက်ပါက ကြီးမားသောလက်နက်ဖြစ်လာပြီး အခြေအနေကို စိုးမိုးနိုင်ပေလိမ့်မည်။

ကမ္ဘာတွင်ဖြစ်ပေါ်ခဲ့သော ပြောင်းလဲမှုများသည် အဆိုပါပေါင်းစပ်မှုမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်၏။ နောင်တွင်လည်း အလားတူပေါင်းစပ်မှုကြောင့် ပြောင်းလဲမှုတွေ ဖြစ်ပေါ်ပေလိမ့်ဦးမည်။

ကျွန်ုပ်တို့ဟိန္ဒူများတွင်ကော - ထိုကဲ့သို့ ပေါင်းစပ်မှု၊ ပြောင်းလဲတိုးတက်မှုဖြစ်ပေါ်လာနိုင်ပါသလား။ ၎င်းမှာ ကျွန်ုပ်တို့က ဟိန္ဒူဘဝပုံစံကို အဘယ်မျှ ယုံကြည်လိုက်နာ ဆောင်ရွက်သလဲဆိုသည့်အပေါ်တွင် တည်ပေမည်။ အသက် အရွယ်သည် အတားအဆီးမဟုတ်၊ ကြီးငယ်မရွေး မှန်ကန်သော သဘောထား ရှိနေလျှင် နုပျိုနေသည်ဟု ဆိုရမည်။ ကိုယ်ခန္ဓာ နုပျိုခြင်းသက်သက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ပေ။ အရေးအကြီးဆုံးမှာ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်နှင့် လုပ်နည်းလုပ်ဟန်ကို ရှင်းလင်းပြတ်သားစွာနားလည်ပြီး လုံးဝယုံကြည်မှု ရှိဖို့ပင် ဖြစ်သည်။ ထိုသို့ဖြစ်ရန်အတွက် အကြီးအကဲလုပ်သူတို့သည် လူငယ်တို့၏မျက်စိအမြင်တွင် စံပြဖြစ်ရမည်။ အကြီးအကဲသည် လူငယ်များအား လမ်းညွှန်ပြသရုံဖြင့် မပြီးပေ။ သူတို့နှင့် အတူနေ၊ အတူစား၊ အတူလုပ်ကိုင်ပြီး သူတို့ကိုယ်တိုင် လေ့လာ သင်ယူစေသင့်သည်။ အမိန့်ပေးခြင်းထက် ကျိုးကြောင်းပြခြင်းက ပို၍ အောင်မြင်နိုင်သည်။

ပွင့်လင်းခြင်းကို လူငယ်တို့ နှစ်ခြိုက်ကြ၏။ ၎င်းတို့၏ မေးခွန်းများ၊ သံသယများကို ဖြေကြားဖို့ ဖြေဖျောက်ဖို့ အသင့်ရှိသင့်သည်။ သူတို့ကို ခြိုးနှိမ်မှုမပြုသင့်ပေ။ မိမိကိုယ်တိုင် စံပြခြင်း၊ ၎င်းတို့နှင့် နီးကပ်စွာ နေထိုင်ထိတွေ့ခြင်း၊ ၎င်းတို့အား အကျိုးပြုခြင်း၊ မေတ္တာထားခြင်း၊ ပြုပြင်ပေးခြင်း (နားလည်မှုဖြင့်) အတွေးရောအလုပ်ပါ ၎င်းတို့နှင့် ထပ်တူရှိခြင်း၊ ဤသည်တို့ကား လူငယ်ပြုပြင်ပြောင်းလဲမှု၏ နည်းနာများပင်။

လူငယ်များအား စည်းကမ်းရှိစေဖို့ကိစ္စ ကို ယနေ့ကာလတွင် အထူးအလေးထား ဆွေးနွေးနေကြ၏။ တကယ်တော့ လူငယ်များသည် စည်းကမ်းကို ကိုယ်တိုင်နားလည်သဘောပေါက်လျှင် မည်သူမျှ မတိုက်တွန်းရဘဲ လိုက်နာလေ့ရှိကြပါသည်။ သူတို့သည် ဘဝ၏ ရည်မှန်းချက်ကိုရလာလျှင် ထိုရည်ရွယ်ချက်အတွက် လိုအပ်သော စည်းကမ်းသေဝပ် လိုက်နာမှုကို အမြန်ဆုံးပြုလေ့ရှိကြပါသည်။

(Youth Transformation - by Mohanrao Bhagwat) ကို ပြန်ဆိုပါသည်။ ⌟

ဓမ္မပဒမှ ကောက်နုတ်ချက်များ

၈။ အိုခြင်း၊ သေခြင်း၊ မာနထောင်လွှားခြင်း၊ ကျေးလူးကန်းခြင်းတို့၏ တည်ရာ ဤမြို့ကို အရိုးတို့ဖြင့် တည်ဆောက်၏။ အသားတို့ဖြင့် လိမ်းကျံ ပွမ်းပံထား၏။

၉။ နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်ဘိသကဲ့သို့ အိုခြင်း၊ သေခြင်းတို့သည် သတ္တဝါတို့၏ အသက်ကို မောင်းနှင်လျက်ရှိကုန်၏။

၁၀။ ဤ ကိုယ်ကာယကြီးသည် မကြာမီပင် ဝိညာဉ်ကင်း၍၊ ပစ်ရမည့် အဖြစ်သို့ ရောက်ပြီးလျှင် အသုံးမဝင်သော ထင်းတုံးပမာ မြေ၌ တုံးလုံးပက်လက် အိပ်စက်ရလိမ့်မည်တည်း။

၁၁။ ချမ်းသာသုခကို မိခင်လည်းမပေးနိုင်၊ ဖခင်လည်းမပေးနိုင်၊ ဆွေမျိုးသားချင်းတို့လည်း မပေးနိုင်ကြကုန်။ ကောင်းစွာစောင့်ရှောက်အပ်သော စိတ်သည်သာလျှင် ချမ်းသာသုခကို မိဘဆွေမျိုးညာတိတို့ထက် သာလွန်၍ ပေးစွမ်းနိုင်၏။

၁၂။ ပန်းအစုအပုံမှ ပန်းကုံးပေါင်းများစွာတို့ကို သီကုံးရဘိသကဲ့သို့ မွေးတတ် သေတတ်သော လူတို့သည်လည်း ဥစ္စာပစ္စည်းအစုအပုံမှ ကုသိုလ်ပန်းကုံး များစွာတို့ကို သီကုံးရာ၏။

အနောက်တိုင်းမဆန်ဘဲ ခေတ်မီရေး

အရှေ့တိုင်းလော၊ အနောက်တိုင်းလော

သို့ရာတွင် အမှန်တရားဟူသည် နေရာ၊ ဒေသ၊ လူမျိုး၊ တိုင်းပြည်ဖြင့် ကန့်သတ်၍ မရကောင်းပေ၊ အမှန်တရားတစ်ခုကို စတင်တွေ့ရှိသူကား အရှေ့တိုင်းမှသော်လည်းကောင်း၊ အနောက်တိုင်းမှသော်လည်းကောင်း ဖြစ်ပေမည်။ ပုံစံအားဖြင့် မျက်မှောက်ခေတ်တွင် ခေတ်စားနေသော ဂဲဩမေတြိသဘောတရားများ၊ အဏုမြူဝါဒ၊ ကမ္ဘာက နေကိုလှည့်ပတ်နေခြင်း၊ ရုပ်ဝါဒ၊ အာကာသနှင့်အချိန်ဆိုင်ရာသဘောတရားများမှာ အရှေ့တိုင်းနှင့် ဂရိပညာရှိများလည်း တွေ့ရှိဟောပြော ရေးသားခဲ့ကြပြီး ဖြစ်လေသည်။

သို့ဖြစ်လေရာ အမှန်တရားဟူသည် အရှေ့၊ အနောက်ဟူ၍ မရှိပါ။ အရှေ့တိုင်းတွင် တချိန်ကထွန်းကားခဲ့သော ပညာရပ်များသည် နောင်တွင် ပါရှားနှင့်အာရေဗျမှ တဆင့် အနောက်တိုင်း ဂရိသို့ ပျံ့နှံ့သွားခဲ့ခြင်းရှိပါသည်။ ဥရောပသည် အသိဉာဏ် ခေတ်ဆန်းချိန် (ရီနေးဆန်း) မတိုင်မီက အမှောင်ခေတ်တွင် ရှိခဲ့လေသည်။

သို့ဖြစ်ရာ ပညာ၊ အတွေးအမြင်၊ စိတ်ကူးစိတ်သန်းဟူသည် လူသားနှင့်သာ သက်ဆိုင်သည်။ အရှေ့တိုင်း၊ အနောက်တိုင်းဟု တံဆိပ်ကပ်၍ မရနိုင်ပါ။

ယဉ်ကျေးမှုခြားနားခြင်း

ယဉ်ကျေးမှုဟူသည်ကား လူမျိုးတစ်မျိုး၏တည်နေရာ (ပထဝီ)နှင့် ၎င်းလူမျိုး ဖြတ်သန်းခဲ့ရသော အတွေ့အကြုံ ဖြစ်စဉ် (သမိုင်း)မှ ဖန်တီးခြင်းဖြစ်လေရာ လူမျိုးတစ်မျိုးနှင့်တစ်မျိုး မတူနိုင်ပါ။ ပုံစံအားဖြင့် အာရေဗျ သဲကန္တာရ၊ ဂင်္ဂါလွင်ပြင်၊ သီးခြားတည်နေသော ဗြိတိန်၊ သက်တမ်းနုသောအမေရိကန်နှင့် သက်တမ်းရှည်ကြာသော အိန္ဒိယတို့ တစ်ခုနှင့်တစ်ခု မတူကြပေ။

ဝိသေသ အင်္ဂါရုပ်

အနောက်တိုင်းသည် ရုပ်ဝတ္ထုကို အလေးထားသည်။ စီးပွားရေးကို ပဓာနပြုသည်။ ထိုအချက်တို့ကိုအခြေခံ၍ ၎င်း၏တန်ဖိုးများ သတ်မှတ်ထားလေသည်။

ကိုယ့်ပုံစံနှင့် ကိုယ်

အနောက်တိုင်းဆန်ခြင်းနှင့် ခေတ်မီခြင်းတို့ကို ကျွန်ုပ်တို့ခွဲခြားသင့်သည်။ အနောက်တိုင်းဆန်ခြင်းမှာ အထက်တွင်ဆိုခဲ့သည့် အနောက်တိုင်း၏ပုံစံများ၊ တန်ဖိုးများကို အရယူခြင်း၊ ကျင့်သုံးခြင်းဖြစ်သည်။

ကျွန်ုပ်တို့တွင် ကိုယ်ပိုင်သီးခြား လက္ခဏာများ၊ စံပြုချက်များ၊ တန်ဖိုးထားချက်များ ရှိနေပြီးဖြစ်ရာ အနောက်တိုင်းကို ခိုးချရန်မလိုပေ။ သို့ရာတွင် အနောက်တိုင်း၏ တိုးတက်မှုကိုတော့ နှိုက်နှိုက်ချွတ်ချွတ် လေ့လာရမည်။ ကျွန်ုပ်တို့တွင်ရှိနေသော ယဉ်ကျေးမှု အမွေအနှစ်နှင့် ကြွယ်ဝသောအတွေ့အကြုံတို့ကို အခြေခံပြီး ခေတ်နှင့်ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သင့်ကြလေသည်။ ⌟ ⌟ ⌟

ကျွန်ုပ်တို့ ဟိန္ဒူများသည် မိမိတို့၏ ယဉ်ကျေးမှုကို တိုင်းတစ်ပါးသို့ ဖြန့်ခွီခဲ့ကြသည်။ အလားတူပင် တိုင်းတစ်ပါးမှ ကောင်းမွန်သော ယဉ်ကျေးမှုများကိုလည်း ကြိုဆို လက်ခံခဲ့ကြသည်။ ကျွန်ုပ်တို့သည် အခြားလူမျိုးများနှင့် ယဉ်ကျေးမှု အပေးအယူလုပ် ဖလှယ်ခဲ့သည်ကား တလျှောက်လုံးပင်ဖြစ်၏။ ဟိန္ဒူများ၏အတွင်းစိတ်တွင် ကမ္ဘာ့ဒေသတစ်ခုမှာ ဒုက္ခကြုံတွေ့ရခြင်းသည် ကမ္ဘာ့ဒေသအားလုံး၏ဒုက္ခပင် ဖြစ်သည်ဟု ခံယူထားကြလေသည်။

နိုင်ငံတကာဝါဒီများ

ကျွန်ုပ်တို့သည် မည်သည့်အခါကမျှ သီးခြားမနေခဲ့ပေ။ ခြားနား သောလူမျိုးများနှင့် နားလည်မှုတံတားကို ဆောက်ခဲ့ကြသည်။ အတိတ်တုန်းကပင် ဘာရတ်နိုင်ငံသည် မိမိ၏ သူတော်စင်များ၊ ပညာရှင်များ၊ စစ်သည်တော်များ၊ သိပ္ပံဆရာများ၊ အတတ်ပညာရှင် များ၊ အနုပညာရှင်များ၊ လက်မှုပညာသည်များ၊ စီးပွားရေးသမားများ၊ ကုန်သည်များ၊ အလုပ်သမားများအား ယဉ်ကျေးမှုသံတမန်များအဖြစ် ပြည်ပသို့စေလွှတ်ခဲ့သည်။ ကျွန်ုပ်တို့အဖို့ အမျိုးသားရေးနှင့် နိုင်ငံတကာရေးတို့တွင် ပဋိပက္ခ ဖြစ်မှုမရှိပါ။

နိုင်ငံခြားအမျိုးသားရေးဝါဒမဟုတ်

သို့ရာတွင် ယခုလို နိုင်ငံတကာဝါဒကျင့်သုံးမှုသည် နိုင်ငံခြားမှ တင်သွင်းလာသော အမျိုးသားရေးဝါဒမျိုးမဟုတ်ပေ။ ထိုဝါဒမျိုးသည် မိမိတို့၏အမျိုးသားရေးကို မှေးမှိန်စေပြီး ပြည်ပ၏ စိတ်ဓါတ်ရေးရာ ကျေးကျွန်အဖြစ်သို့ သက်ဆင်းကျရောက်စေသည်။

ခေတ်မီခြင်း

'ခေတ်မီခြင်း' ကို အဘယ်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်နည်း။

ခေတ်မီခြင်းဆိုသည်မှာ မျက်မှောက်ခေတ်နှင့် ရင်ပေါင်တန်းလိုက်ခြင်းဟု ဆိုလိုသည်။ သို့အတွက် ခေတ်မီခြင်းဟူသည် မျက်မှောက်ခေတ်၏အတွေးအမြင်၊ အလေ့အထများကို ရည်ညွှန်းပေသည်။ ခေတ်မီစေခြင်းကား မျက်မှောက်ခေတ်၏ အခြေအနေများ၊ လိုအပ်ချက်များ၊ ဘာသာစကားများ၊ နည်းလမ်းများအတိုင်း လိုက်လျောညီထွေဖြစ်ပေါ်လာစေခြင်း ဖြစ်လေသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းမှာ အနာဂတ်တွင် ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဖြစ်လေသည်။

အနောက်တိုင်းဆန်ခြင်း

'အနောက်တိုင်းဆန်ခြင်း' ကား အဘယ်နည်း။

၎င်းမှာ အရှေ့တိုင်းနိုင်ငံတွင်းရှိ လူထုအား အနောက်တိုင်း၏အတွေးအခေါ်၊ စံ၊ အသင်းအဖွဲ့၊ စနစ်၊ လူနေမှုဘဝနှင့် တန်ဖိုးများကို ခံယူကျင့်သုံးစေခြင်းဖြစ်သည်။

(Modernisation Without Wester-nisation by D.B. Thengdi ကို ဆီလျော်အောင် ပြန်ဆိုပါသည်။)

နိုင်ငံတကာ ဟိန္ဒူဆောင်ရွက်မှုတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

ဦးသန်းထွန်း (ရွှေဘို)

အတိတ်

လူ့ယဉ်ကျေးမှုတစ်ခုသည် တစ်ချိန်က တကမ္ဘာလုံးတွင် ပျံ့နှံ့နေခဲ့၏။ ထိုယဉ်ကျေးမှုအား ဘာရတခေါ် ဟင်ဒူစတန်ရှိ လူမျိုးအပေါင်းတို့က ထိန်းသိမ်းလေ့ကျင့် လိုက်နာခဲ့ကြသဖြင့် ၎င်းအား 'ဟိန္ဒူ ယဉ်ကျေးမှု' ဟု ခေါ်ကြလေသည်။ ဤအချက်ကို သမိုင်းက သက်သေခံလျက် ရှိ၏။ မြောက်အမေရိကတိုက်ရှိ အက်ဇတက်လူမျိုးများ၊ ဥရောပတိုက်မှ ဒရုနှင့် ယေယာဝါ (ဂျစ်ပဆီ)များ၊ လ္ကရန်နိုင်ငံမှ အဝက်စတာများ၊ ဆော်ဒီအာရေဗျမှ အာဝများ၊ ဗြဟ္မာဒေသ-(မြန်မာ) မှ ဗြဟ္မဏများ၊ စပ္ပါ(ဗီယက်နမ်)မှ ကမ္ဘောဇများ၊ ဆုမတြာကျွန်းမှ သောမိတ္တနှင့် ယာဝများ၊ ဘော်နီယိုကျွန်းမှ ဝါရှဏများ၊ သီဘိရဒေသ(ဆိုက်ဘေးရီးယား)ရှိ လူမျိုးများ၊ ဤလူမျိုးတို့တွင်ရှိနေသော စာပေအထောက်အထားများက တစ်ချိန်က ထိုဒေသတို့တွင် ဟိန္ဒူယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း ညွှန်းဆိုနေလေသည်။ တိဘက်၊ နီပေါ၊ ဘာရတ်-(ကွန္ဒီယ)၊ သီရီလင်္ကာ၊ မြန်မာ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်တို့တွင် ဟိန္ဒူ အတွေးအခေါ် မွေးရန့်ကို ရှုရှိုက်ခဲ့ကြရသည်။

ပစ္စုပ္ပန်

မျက်မှောက်ကာလတွင်လည်း ဟိန္ဒူလူမျိုးတို့သည် ပြည်ပသို့ ရောက်ရှိခဲ့ကြရပြန်သည်။ လွန်ခဲ့သောနှစ်ရာစုအတွင်း ဗြိတိသျှနှင့် ဒတ်ချ်နယ်ချဲ့သမားများသည် ဟိန္ဒူများအား မောရီရှပ်၊ ထရီနီဒက်၊ ဆူရီနမ်၊ ဂိုင်ယာနာ၊ ဂျမေးကားနှင့် ဖီဂျီကျွန်းများသို့ လယ်ယာအလုပ်သမားများအဖြစ် ခေါ်ဆောင်ခဲ့ကြသည်။ ထိုဟိန္ဒူတို့သည် အလွန်ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်ကြရ၏။ မည်သို့ဖြစ်စေ၊ သူတို့၏ကြိုးစားမှုကြောင့် နောင်တွင် ဟိန္ဒူတို့သည် ထိုနိုင်ငံများတွင် ဥပဒေပြုအမတ်များ၊ အုပ်ချုပ်ရေးအရာရှိများ၊ ဝန်ကြီးချုပ်များ၊ နိုင်ငံ့အကြီးအကဲများ ဖြစ်လာကြသည်။ သက်ဆိုင်ရာနိုင်ငံတို့သည်လည်း ဟိန္ဒူအသွင်အပြင်ကို ထင်ဟပ်လာကြသည်။

ယခုသော်ကား အိန္ဒိယနိုင်ငံမှ ပညာတော်သင်များနှင့် အတတ်ပညာရှင်များသည် ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်သော ယူနိုက်တက်ကင်းဒမ်း၊ ယူအက်စ်အေ၊ ကနေဒါ၊ ဂျာမနီနှင့် ဩစတြေးလျတို့သို့ သွားရောက်လျက်ရှိ၏။ အလားတူပင်-အာဖရိကနိုင်ငံ များဖြစ်ကြသော ကင်ညာ၊ ယူဂန်ဒါ၊ ဇမ်ဘီယာ၊ တန်ဇန်နီးယား၊ ဇင်ဘာဘွေ၊ မာလာဝီ၊ မိုးဇမ်းဘစ်တို့ရှိ ဟိန္ဒူများလည်း လာရောက်ကြ၏။ ထိုဟိန္ဒူတို့မှာ အရေအတွက် ထောင်ပေါင်းရာချီ၍ ရှိ၏။ ၎င်းတို့သည် သက်ဆိုင်ရာနိုင်ငံများတွင် ရောက်ရာဒေသ၌ ဟိန္ဒူလူနေမှုစနစ်ကို ဖန်တီး နေထိုင်ကြသည်။ ထိုပညာသည်၊ အတတ်ပညာရှင်တို့အပြင် ဟိန္ဒူ စီးပွားရေးလုပ်ငန်းရှင်တို့လည်း လွန်ခဲ့သော နှစ်ငါးဆယ်အတွင်းတွင် အာရှ၊ အာဖရိကသို့ သွားရောက်လုပ်ကိုင်ကြပြီး စာရိတ္တကောင်းခြင်း၊ သိက္ခာရှိခြင်း ဂုဏ်သတင်းကို ဖြစ်စေခဲ့ကြသည်။

ထိုမျှမက ဟိန္ဒူဆာဒူးနှင့် သညာသီ (ရသေ့၊ ရဟန်း)တို့သည်လည်း ပြည်ပနိုင်ငံများရှိ တပည့်သာဝကတို့၏ ပင့်ဖိတ်ချက်အရ ကြွသွားကြပြီး ဘုရားရှိခိုးကျောင်းများ၊ ဘာသာရေးအခမ်းအနားများတွင် ဦးဆောင်ဦးရွက်ပြုကြ၏။ ၎င်းတို့အား ဒေသခံတို့က ရိုသေလေးစားမှုရှိကြလေသည်။

နောက်ဆုံးအနေအားဖြင့် ဆံယအဖွဲ့သားတို့၏ သာသနာရေး ဆောင်ရွက်မှုကြောင့် 'ဆံယအတွေးအခေါ်'သည် ပြန့်ပွားလျက်ရှိ သည်။ ဆံယအဖွဲ့၏ ရှာခါးများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများ၊ မာရသွန်ပြေးပွဲများ စသည့်လှုပ်ရှားမှု အမျိုးမျိုးတို့ကြောင့် အုပ်ချုပ်ရေးနှင့် ရဲအဖွဲ့အရာရှိကြီးများကပင် ချီးကျူးကြသည်။ အထူးသဖြင့် ယူကေ၊ အမေရိက၊ မောရိရှပ်နှင့် ခရစ်ဘီယန်ကျွန်းများတွင် ဆံယအဖွဲ့သားတို့သည် စံပြလောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြ သည်။ သို့အတွက်ကြောင့်ပင် ၁၉၈၉ ခုနှစ်က ယူကေနိုင်ငံ၊ မီလ်တန်ကီန်းစ်တွင် လူတစ်သိန်း ပါဝင်သော တွေ့ဆုံပွဲကြီးကို စည်းကမ်းသေဝပ်စွာ ကျင်းပနိုင်ခဲ့ခြင်းပင်။

အလားတူပင်- ၁၉၉၃ ခုနှစ်ကလည်း အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာ့ဟိန္ဒူအဖွဲ့ကြီးသည် ဝါရှင်တန်ဒီစီမြို့၌ ကိုယ်စားလှယ် (၁၀၀၀၀)တက်ရောက်သော စည်းဝေးပွဲကြီးကို ကျင်းပခဲ့၏။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင်လည်း တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့တွင် သမ္မတကြီး မင်ဒဲလားက ဟိန္ဒူ (၃၀၀၀၀) တက်ရောက်သော အစည်းအဝေးကြီးတွင် မိန့်ခွန်းပြောကြားခဲ့လေသည်။

ဆံယအဖွဲ့ကြီးသည် ဂိုဏ်းဂနအမျိုးမျိုး ရှိနေသော ဟိန္ဒူများအား စည်းလုံးညီညွတ်အောင် ဆောင်ရွက်လျက် ရှိ၏။ အလားတူပင် အခြားသော ဟိန္ဒူနှင့်ဆစ်ခ်အဖွဲ့အစည်းများလည်း ပြည်ပတွင် ဟိန္ဒူဘာသာဝင်တို့၏ပုံရိပ်ကို ခန့်ငြားအောင် ကြိုးပမ်းနေကြလေသည်။

အနာဂတ်

ယနေ့ခေတ်တွင် ရုပ်ဝတ္ထု၊ ငွေကြေး ဓနပစ္စည်း၊ အရက်သေစာနှင့် ကာမဂုဏ်အာရုံတို့ကို လူတို့ အင်မမ်း မရရှာဖွေနေကြစဉ်၊ သိပ္ပံ ဆရာများနှင့် တွေးခေါ်ရှင်များကား ဘဝ၏ငြိမ်းအေးတည်ငြိမ်မှုအတွက် ဟိန္ဒူဘဝပုံစံကို လေးလေးနက်နက် စူးစမ်းစစ်ဆေး လေ့လာနေကြ၏။

ဟိန္ဒူတို့၏နည်းလမ်းများဖြစ်ကြသော (၁) စိုက်ပျိုးရေးတွင် သီးနှံအလှည့်ကျပြောင်းလဲစိုက်ပျိုးခြင်း၊ (၂) နွားချေးမြေဩဇာ အသုံးပြုခြင်း၊ (၃) တမာနှင့် အလားတူသစ်ပင်များမှ ပိုးသတ်ဆေးထုတ်ယူခြင်း၊ (၄) ယောဂ (ကိုယ်လက်လှုပ်ရှား)လေ့ကျင့်ခြင်း၊ (၅) ဓါတုဆေးမသုံးဘဲ သဘာဝဆေးဝါးများကိုသုံးစွဲခြင်း၊ (၆) သားသက်လွတ်စားသောက်ခြင်း၊ (၇) ပူးတွဲအိမ်ထောင်စုစနစ်ကျင့်သုံးခြင်း၊ (၈) မိဘတို့နေရာချထားသည့်အတိုင်း လက်ထပ်ထိမ်းမြားခြင်းတို့ကို အချို့သည် ကျင့်သုံးလာကြ၏။ 'မဟာကွသိမဟေသယောဂီ' သည် ရောဂါပျောက်ကင်းရန်အတွက် ဝေဒဂါထာများ ရွတ်ဆိုကုသနည်းကို ဖြန့်ချီလျက်ရှိ၏။

သို့ဖြစ်လေရာ ယနေ့အချိန်တွင် နိုင်ငံပေါင်း ၁၂၀ ကျော် နေထိုင်လျက်ရှိကြသော ဟိန္ဒူတို့သည် မိမိတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဘဝပုံစံကို ညီညွတ်စွာ ကျင့်သုံးသွားကြပါက မိမိတို့အတွက်သာမက ကမ္ဘာ့လူသားများအတွက်ပါ အကျိုးရှိပေလိမ့်မည်။ ❑❑❑

(Hindu Activities Abroad - Past, Present and Future by L.S Bhide ကို ပြန်ဆိုပါသည်။)

သင်္ဘပါဓေ

၁။ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများ၏ အမျိုးသားသင်္ကေတသည် ဟိန္ဒူနတ်ဌက် (ဂရုဒ • ဂဠုန်) ဖြစ်သည်။

၂။ ထိုင်းနိုင်ငံမှ ဘုရင်များအားလုံး 'ရာမ' ဘွဲ့အမည်ကို ခံယူခဲ့ကြသည်။

၃။ အင်ဒိုနီးရှားသမ္မတဟောင်း၏ အမည်မှာ ဟိန္ဒူအမည် 'ဆူကာနို' ဖြစ်သည်။

၄။ သူ၏ဇနီးနှင့်သမီးများ၏ အမည်များမှာ လည်း 'ရတနာဒေဝီ'၊ 'ကတ္တိကေယ'နှင့် 'မေယဝတီ' အသီးသီးဖြစ်ကြသည်။

၅။ ဘန်ကောက်မြို့ရှိ အရုဏ်ဦးဘုရား၏ ဘွဲ့တော်မှာ 'ဝတ်အရုဏ်' ဖြစ်သည်။

၆။ (ဖိလစ်ပိုင်နိုင်ငံ) မနီလာမြို့တော်ရှိ လွတ်တော်၊ အဆောက်အဦးအတွင်းတွင် 'လူသားမျိုးနွယ်၏ ပညာအရှိဆုံးနှင့် ရှေးအကျဆုံး ဥပဒေပညာရှင်'ဟူ၍ ကမ္ဘည်းတပ်ထားရှိသော ရုပ်တုမှာ 'မနူ' (ရသေ့)၏ရုပ်တုဖြစ်သည်။

၇။ မွန်ဂိုလိယသမ္မတကြီး၏ အမည်မှာ 'သမ္ဘူ' ဖြစ်သည်။

၈။ မွန်ဂိုလိယနိုင်ငံတွင် (ခရုသင်း)မှုတ်ပြီး ကွန်မြူနစ်စနစ်ကို စတင်ကျေညာခဲ့သည်။

၉။ မွန်ဂိုလိယနိုင်ငံရှိ မြစ်၏အမည်မှာ 'တာရာဂင်' ဖြစ်သည်။

၁၀။ ဂျာမန်စာပေ၏ဖခင်ကြီး 'ဂိုထား'သည် ကဝိကာလီဒါသကဗျာကို စွဲမက်သူဖြစ်သည်။

၁၁။ အင်ဒိုနီးရှားအပါအဝင် ပင်လယ်ရပ်ခြားသို့ ဟိန္ဒူဘာသာဖြန့်ချိခဲ့သူမှာ 'အာဂတ္ထိယ' ဖြစ်သည်။

၁၂။ ကမ္ဘောဒီယား • ကမ္ဘောဇနိုင်ငံကို ထူထောင်ခဲ့သူမှာ 'ကမ္ဘု' ဖြစ်သည်။

၁၃။ ကောဏ္ဍညသည် (၁၆)ရာစုတွင် ကမ္ဘောဇဟိန္ဒူနိုင်ငံကို ထူထောင်ခဲ့သူ ဖြစ်သည်။

၁၄။ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများအား အုပ်စိုးခဲ့သော ဆုမတြားကျွန်းမှ အင်အားကြီးသည့် 'သီရိဝိဇယ' နိုင်ငံတော်ကို 'သေလိန္ဒ'က တည်ထောင်ခဲ့သည်။

၁၅။ ရာဇျာစသန်နယ်မှ 'ဘာဘာရာဝါးလ်' သည် သူ၏နိုင်ငံကို အာရေဗြအထိ ချဲ့ထွင်နိုင်ခဲ့သည်။

၁၆။ 'ရာဇိန္ဒာစောလ'သည် သူ၏နိုင်ငံကို တောင်ပိုင်းအိန္ဒိယမှ သီဟိုဠ်၊ မလေးရှား အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားအထိ တိုးချဲ့ခဲ့သည်။

၁၇။ အကြီးဆုံးသော ဟိန္ဒူဘုရားရှိခိုးကျောင်းသည် အိန္ဒိယနိုင်ငံ တွင် မရှိ၊ ကမ်ပူးချားနိုင်ငံ အန်ကောဝပ်တွင် ရှိလေသည်။

၁၈။ နီပေါသည် ကမ္ဘာတွင် တစ်ခုတည်းသော ဟိန္ဒူနိုင်ငံဟု ကြေညာထားသော နိုင်ငံဖြစ်သည်။

၁၉။ အရှေ့တောင်အာရှရှိ ဘာလီကျွန်းတွင် ဟိန္ဒူလူမျိုးက အများစုဖြစ်သည်။

၂၀။ မွန်ဂိုလိယနိုင်ငံ၏ နိုင်ငံတော်အလံကို 'သယမ္ဘူ' ဟု ခေါ်သည်။

၂၁။ မလေးရှားနိုင်ငံတွင် ဒေသခံမွတ်စလင်များအား 'ဘူမိပုတ္တ' ဟု ခေါ်သည်။

၂၂။ ဗီယက်နမ်နိုင်ငံအား မူလက 'အနမ်' သို့မဟုတ် 'စမ္ပာ' ဟု ခေါ်သည်။

၂၃။ (မဟာဘာရတကျမ်းလာ) ကောရဝ ညီနောင်တို့၏ မိခင် 'ဂန္ဓာရီ' သည် အာဖဂန်နစ္စတန်မှ ဖြစ်သည်။

၂၄။ 'ကဿပမာတင်' နှင့် 'ဓမ္မရက္ခ'တို့သည် ပထမရာစုတွင် တရုတ်နိုင်ငံသို့ ဟိန္ဒူဘာသာကို ဖြန့်ချိရန် ကြွသွားခဲ့ကြသည်။ ❑

ခေတ်ပြောင်းလဲမှုရဲ့နိဒါန်း

အောင်မေယ

ကြည့်စမ်း၊ နှစ်သစ်ရောက်လာပြန်ပြီ။ အချိန်ကလည်း အကုန်မြန်လိုက်တာ၊ ဟုတ်တယ်မို့လား. . . လာမယ့်နှစ်မှာ ဒီရာစုနှစ်ကုန်တာ အောင်မြင်ရလိမ့်ဦးမယ်။ ရာစုနှစ်သာဘယ်ဟုတ်မလဲ၊ ထောင်စုနှစ်လည်း ပြည့်သွားလိမ့်မယ်၊ နှစ်ထောင်ပြည့်လို့ တတိယထောင်စုနှစ်ထဲ ဝင်လာတော့မယ်။

ဒါက ခရစ်ယာန်နှစ်အရပေါ့၊ မဇ္ဈိမဒေသ ယဉ်ကျေးမှုနှစ်အရတော့- (၅၂)ရာစု နှစ်ထဲရောက်လာလိမ့်မယ်။

(၂၀) ရာစုနှစ်ရဲ့ ဒီနောက်ဆုံးနှစ်မှာ အနာဂတ်ဟောကိန်းတွေလည်း မျိုးစုံထွက်ပေါ်လာတယ်။ ကြောက်ဖို့ကောင်းတဲ့ ဟောကိန်းတွေသာ များပါတယ်။ တတိယကမ္ဘာစစ်ဖြစ်မယ်။ ဘယ်နိုင်ငံက ဘယ်နိုင်ငံကို တိုက်မယ်။ အချင်းချင်းစစ်ဖြစ်ကြလိမ့်မယ်။ တစ်ချို့နိုင်ငံတွေက ဒီကမ္ဘာ့မြေပုံထဲကနေ ပျောက်သွားလိမ့်မယ်၊ စသဖြင့်ပေါ့။

ဒါပေမယ့် အခုထိအောင် တတိယကမ္ဘာစစ်ရဲ့လက္ခဏာမျိုးဆိုးဆိုးဝါးဝါးကြီး မတွေ့ကြရသေးပါဘူး။

လူတွေရဲ့အစုအဝေးကို လူ့အဖွဲ့အစည်း၊ လူထု၊ နိုင်ငံတကာတွေနဲ့ ခေါ်ဝေါ်ပြောဆိုကြမယ်။ လူတွေမှာ ကြောက်စိတ်မျိုးစုံကိန်းအောင်းနေတတ်တယ်။ အဆိုးမြင်ခံယူချက်နဲ့ လူတွေစိုးရိမ်ပူပန် ထိတ်လန့်နေကြတယ်။

လူတစ်ဦးချင်းထဲက ကြောက်စိတ်လှိုင်းတွေ၊ လူ့အဖွဲ့အစည်းတစ်ခုလုံး ပျံ့နှံ့ရောက်ရှိလာလို့ တစ်နိုင်ငံလုံး ကူးစက်သွားတတ်တယ်။ အဲဒီကြောက်စိတ်လှိုင်းက လူတွေကို ဝါးမျိုနှိပ်စက်နေတတ်တယ်။

အဲဒီလိုအချိန်မှာ လူတွေက တစ်မျိုးတစ်စားထဲ စဉ်းစားလာတတ်ကြတယ်။ မကောင်းတာတစ်ခုခုဖြစ်တော့မယ်ပေါ့။

ဒီလိုလူတွေအားလုံးက အဆိုးတစ်ခုခုဖြစ်တော့မယ်လို့ စဉ်းစားလာကြလို့ အဆိုးတစ်ခုခုဖြစ်သွားကြရတယ်။ အဆိုးဖြစ်လာတာ လူတွေစဉ်းစားကြလို့ပါပဲ။ စဉ်းစားမှုမှာ အစွမ်းရှိပါတယ်။ ကျွန်တော် တို့စဉ်းစားသလိုပဲဖြစ်ကြရတယ်။ စိုးရိမ်ပူပန်ထိတ်လန့်နေကြမယ်။ ကြောက်စိတ်လွှမ်းမိုးနေကြမယ်ဆိုရင် အကောင်းဘယ်ဖြစ်နိုင်ပါ့မလဲ။ စိတ်က အရာရာကို ဦးဆောင်နေတယ် မဟုတ်ပါလား။

အတိတ်မှာအဆိုးဖြစ်ခဲ့ရလို့ လူက အနာဂတ်ကို အကောင်းမမြင်နိုင်ကြတော့ဘူး။ အကောင်းအတွက် စိတ်မချနိုင်ကြဘူး။ အဆိုးဖြစ်မှာပဲလို့ ထိတ်လန့်နေကြရတယ်။ ကြောက်စိတ်က အတွင်းစိတ်နဲ့ ပတ်သက်ပါတယ်။ ဒါကြောင့် လူက ကြောက်စိတ်နဲ့ လွတ်မြောက်ဖို့ ခဲယဉ်းသွားရတယ်။

လူက ပစ္စုပ္ပန်တည့်တည့်မှာ စိတ်ချမ်းချမ်းသာသာနဲ့ မနေနိုင်ရင် အရှုံးကြီးရှုံးကြရတယ်။ ပစ္စုပ္ပန်မှာ အရှုံးနဲ့ ရင်ဆိုင်ကြရတာဟာ အနာဂတ်အတွက် ဆုံးရှုံးဖို့လမ်းခင်းပေးပြီးသားဖြစ်သွားပါတယ်။

ဒါကြောင့် အတိတ်ရဲ့ကြောက်စိတ်လှိုင်းဆိုးတွေက ပစ္စုပ္ပန်ကို ဖျက်လိုက်ရုံသာမက အနာဂတ်အတွက်လည်း အဆိုးတွေကိုသာခင်းပေးလိုက်သေးတယ်။ ဒါနဲ့ အတိတ်ကအမဲစက်တွေက ပစ္စုပ္ပန်အနာဂတ်အားလုံးကို ဖျက်ဆီးပစ်ဖို့ လမ်းခင်းပေးလိုက်လေရှိတယ်။

ဒါကြောင့် လတွေ၊ နှစ်တွေကုန်ဆုံးသွားပေမယ့် ဘာအကျိုးထူးမှ ပေါ်လာလေ့မရှိဘူး။ ဒါက လူအများစုနဲ့ စိတ်စွမ်းအားနဲ့ ပတ်သက်လို့ သတိမေ့နေမှု၊ အတိတ်ရဲ့ သိမ်မွေ့ချထားရမှု ရလဒ်ပါပဲ။ အများစုက သက်မဲ့သိမ်မွေ့ချခံရင်း သက်ရှင်နေတတ်လေရှိတယ်။

အဲဒီကြောက်စိတ်လွှမ်းမိုးခံရတဲ့လူတွေက နှစ်သစ်မင်္ဂလာကျင်းပနေကြတာကို တွေ့မြင်ရတာတော့ အမှန်ပဲ။ ဒါပေမယ့် စိုးရိမ်ပူပန်တဲ့ကြောက်စိတ်က အရင်အတိုင်းပဲ မင်းမူနေဆဲပါပဲ။ နှစ်ဟောင်းမှာမကျန်ခဲ့ပါဘူး။ နှစ်သစ်ကို အပါခေါ်လာခဲ့ပါတယ်။

ကျွန်တော်တို့ဘဝမှာ နေ့တိုင်း စက္ကန့်မလပ်ဖြစ်ပျက်နေတဲ့အချိန်တွေမှာ အသစ်တစ်ခုခုဖြစ်ပေါ်မလာရင် ရာစုနှစ်ထောင်စုနှစ် အသစ်တစ်ခုခုဖြစ်လာပါဦးမလား။ အဟောင်းကအဟောင်းအတိုင်းပဲ ရှိနေမှာပါပဲ။

သဘာဝလောကဘက်ကို လှမ်းကြည့်လိုက်စမ်းပါ။ နေ့စဉ်နေ့တိုင်း နေက ရောင်ခြည်မျှင်သစ်နဲ့ပါ။ ဖြစ်ရပ်တိုင်းက အသစ်တွေပါပဲ။ ဘဝသစ်ရဲ့အစတွေပါပဲ။ မြေစာမြက်ကလေးပေါ်ကတွဲလောင်းခိုနေတဲ့ ရေစက်ကလည်း အသစ်ပါပဲ။ အရုဏ်ဦးနဲ့အတူ ထွက်ပေါ်လာတဲ့ ငှက်သံတွေကလည်း အသစ်တွေချည်းပဲ။ အားလုံး၊ အားလုံး . . . အားလုံးအသစ်တွေချည်းပါပဲ။

ကျွန်ုပ်တို့စိတ်ထဲမှာ အကိတ်ကရန်ငြိုး၊ အမုန်းတရားတွေ အဆုံးမသတ်သေးပါဘူး။ အသစ် ဘာတစ်ခုမှမရှိသေးပါဘူး။ အဟောင်း အဟောင်းတွေရဲ့ ဖုံမှုန့်တွေကို ခါမချနိုင်သေးရင် အသစ် ဘယ်လိုဖြစ်နိုင်ပါ့မလဲ။ အဟောင်းတွေပဲ မင်းမူနေမှာပေါ့။ အဟောင်းတွေခါမချရင် အသစ်တွေထဲမှာ ရေချိုးသန့်စင်နိုင်မှာ မဟုတ်ပါဘူး။

ဘဝရဲ့ မကျေနပ်မှု၊ ရန်လိုမှု၊ မကျေအေးလိုမှုတွေက အတိတ်ရဲ့ ဖုံမှုန့်တွေပါ။ ခါမချလို့သာ တင်ကျန်နေတာပါ။ စိတ်ထဲမှာ အဟောင်းတွေမင်းမူနေရင် အသစ်ဘာပဲလုပ်လုပ်၊ ဟန်ဆောင်သရုပ်ပဲ ဖြစ်လိမ့်မယ်။ အဟောင်းကိုမီးထိုးနေတာ အသစ်ဖြစ်နေတာ မဟုတ်ဘူး။ အဟောင်းကို မီးလောင်ပြာကျသွားစေနိုင်စွမ်းရှိရမယ်။

အသစ်ဖြစ်ဖို့ လှုံ့ဝှက်ချက်က သတိပါပဲ။ သတိနဲ့စွမ်းအားသစ်မဖြည့်နိုင်ရင် မသန့်စင်မှုနဲ့ ဘယ်လွတ်မြောက်နိုင်ပါ့မလဲ။ အသစ် ဆိုတဲ့အောက်စီဂျင်ထည့်မှ အဟောင်းဖြစ်တဲ့ လေညစ်ကာဘွန်ဒိုင်အောက်ဆိုဒ်နဲ့ လွတ်နိုင်ပါလိမ့်မယ်။ တင်းမာမှုတွေပျောက်ပြီး လန်းဆန်းလာနိုင်လိမ့်မယ်။

လူက အသစ်ကိုအခုမှရှာနေတာမဟုတ်ပါဘူး။ အသစ်ကို ရှာဖွေမှုလောက် ဟောင်းနွမ်းနေတဲ့အရာမျိုး ရှိမှာတောင် မဟုတ်ဘူးထင်ပါတယ်။ လူက သူသိတတ်စကတည်းကပဲ အသစ်ကို ရှာဖွေနေခဲ့တယ်။

ရှာတွေ့တဲ့အသစ်ကလည်း ဟောင်းသွားတတ်ပါတယ်။ အဲဒီလိုမဖြစ်အောင် တော်လှန်ခဲ့တာတွေရှိပေမယ့် ခဏပါပဲ။ နောက်တော့ ပြန်ဟောင်းတာပါပဲ။ အသစ်က ဟောင်းသွားတယ်ဆိုတာလည်း လျှို့ဝှက်ချက်ကြီးတစ်ခုပါပဲ။

လူတွေရဲ့တော်လှန်မှုအားလုံး မအောင်မြင်ဖြစ်ခဲ့ရတယ်။ လူက အဟောင်းကိုပဲ တွယ်ဖက်ထိုင်နေတတ်တယ်။ အမျိုးမျိုး အားထုတ်ခဲ့တာပါပဲ။ ဒါပေမယ့် အောင်မြင်မှုမရှိနိုင်ခဲ့ဘူး။

ဘာကြောင့် လူ့အဖွဲ့အစည်းက အဟောင်း အဟောင်း အတိုင်းပဲနေသလဲ။ အသစ်မဖြစ်တာ လေးနက်တဲ့အမှားတစ်ခုကြောင့်ပါပဲ။

ပြည်သူလူထုဆိုတာ တကယ်အမှန်မှမဟုတ်ပဲ။ အဲဒါ စကားလုံး တစ်လုံးပါ။ 'လူထု' ကိုသွားရှာရင် တွေ့မှာမဟုတ်ပါဘူး။ ဘယ် သွားရှာရှာ 'လူ'ပဲတွေ့မယ်။ 'လူထု'တွေ့မှာမှ မဟုတ်ဘဲ။ လူပုဂ္ဂိုလ်ပဲရှိတယ်။ လူထုဆိုတာ မရှိဘူး။ အဲဒါ သင်ညာတစ်ခုပါ။

စိတ်ကူးနဲ့ (၂၁)ရာစုထဲရောက်ဖို့ လွယ်ပါတယ်။ ရိုးသားဖြူစင်တဲ့လူတွေကို လှည့်စားဖို့လည်း လွယ်ပါတယ်။ (၂၁)ရာစုထဲရောက်ဖို့ လွယ်ပါတယ်။ (၂၁)ရာစုပြက္ခဒိန်ရိုက်ပြီး အိမ်မှာချိတ်ထားလိုက်တာနဲ့ ရောက်သွားရောပေါ့။ အဲဒါ အလွယ်ဆုံးကိစ္စပါ။

(၂၁)ရာစုထဲ တကယ်ရောက်ဖို့ မရှိမဖြစ်လိုအပ်ချက်တစ်ခုက အတိတ်နဲ့လွတ်မြောက်ရမယ်။ အတိတ်ရဲ့ဒဏ်ရာဒဏ်ချက်တွေနဲ့ လွတ်ရပါလိမ့်မယ်။ လူက အတိတ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ နာကျင်ကိုက်ခဲနေပါတယ်။ ရှေ့တစ်လှမ်းတိုးလိုက်တိုင်း နောက် နှစ်လှမ်းရောက်နေသလိုဖြစ်နေတယ်။ အတိတ်ကကိစ္စနဲ့ ရုန်းသက်နေလို့ အနာဂတ်အတွက် ဘာလုပ်ရမှန်းမသိဖြစ်နေတယ်။

စံထားချက်တွေအများကြီးပြောင်းလဲရလိမ့်မယ်။ ပြောင်းလဲရတာ မဟာအခက်ကြီးပဲ။ အဟောင်းကို သဲကြီးမဲကြီး တွယ်နေတာကိုး။ အသစ်မွေးဖွားသန့်စင်ဖို့ နာကျင်ရမှု ကာလကို ဖြတ်ကျော်ရစမြဲပါ။

သံသယရှိမှု မျက်ကန်းယုံကြည်မှုတွေကို ဖြတ်တောက်ဖယ်ရှားနိုင်လိမ့်မယ်။ စဉ်းစားမှုကို လမ်းဖွင့်ပေးရလိမ့်မယ်။ ဒါမှ အသစ်တည်ဆောက်နိုင်မယ်။ သတိရှိမှလည်း သံသယ ပြုနိုင်မယ်။ သတိက အဟောင်းကိုဖယ်ဖို့ အသစ်ကိုဆောင်ဖို့ အရေးပါဆုံး၊ အဓိက အကျဆုံး။

အနောက်တိုင်းမှာ သိပ္ပံပညာဆိုတာ မိုးပေါ်ကကျလာခဲ့တာမဟုတ်ပါဘူး။ နှစ်ပေါင်း (၃၀၀)ကာလရဲ့ အဟောင်းနဲ့အသစ်ရဲ့တိုက်ပွဲရလဒ်ပါပဲ။ အသစ်ရဲ့အနိုင်ရမှုက သိပ္ပံကို ဖွံ့ဖြိုးစေခဲ့တယ်။ အသစ်က ခြေလှမ်းတိုင်းမှာ အဟောင်းနဲ့ တိုက်ပွဲဝင်ခဲ့ရတယ်။ အဟောင်းက အစွမ်းရှိသလောက် အရေးနိမ့်ခဲ့ရတယ်။ အသစ်က အစွမ်းရှိလာလို့သာ သိပ္ပံပညာ ထွန်းကားလာခဲ့တယ်။

ကျမ်းစာအဟောင်းက ကမ္ဘာကြီးကို ပြားတယ်လို့ ဆိုထားပါတယ်။ သိပ္ပံသစ်က ကမ္ဘာမြေကြီးလုံးတယ်လို့ မြင်ရ တယ်။ အမြင်ဟောင်းက ကမ္ဘာကို နေကပတ်နေတယ်လို့ မြင်ထားတယ်။ သိပ္ပံဉာဏ်က နေကို ကမ္ဘာမြေက ပတ်နေတယ်လို့ မြင်ရတယ်။

မျက်ကန်းအမြင်ဟောင်း အားကောင်းနေတုန်းက ဂလီလီယို အစွမ်းထက် သိပ္ပံသမားက အိုကြီးအိုမနဲ့ အကျဉ်းချခံခဲ့ရတယ်။ ကိုပါနီကပ်လို သိပ္ပံသမားက လမ်းဆုံလမ်းခွမှာ ရေနံဆီလောင်းပြီး အရှင်လတ်လတ် မီးရှို့ခံခဲ့ရတယ်။

ကျမ်းစာဟောင်းအမြင်ထဲက တစ်ခုမှားသွားရင် အားလုံးမှားသွားမှာကို စိုးရိမ်လို့ ခြေလှမ်းသစ်တိုင်းကို ထိုစဉ်တရားရုံးက နှိပ်ကွပ်ခဲ့တယ်။ အဟောင်းနဲ့အသစ် ခြေလှမ်းတိုင်းမှာ တိုက်ပွဲဝင်ခဲ့ရတာချည်းပဲ။ အမှန်သာ အနိုင်ရစမြဲပါ။

ဒါပေမယ့် ဉာဏ်မဲ့မှုက အားကောင်းနေသလောက် ဉာဏ်သစ်က တိုက်ခိုက်ခဲ့တာချည်းပါပဲ။ လွတ်လပ်ဖို့ အခွင့်အလမ်းရှိလာမှပဲ သိပ္ပံပညာ ထွန်းကားလာခဲ့တာပါ။

နှစ်ပေါင်း (၃၀၀)လောက်ကို ရုန်းကန်ခဲ့ရပါတယ်။ အမှန်တရားမှာ အစွမ်းရှိပါတယ်။ ရေရှည်တိုက်ပွဲဝင် အနိုင်ရယူနိုင်တယ်။ အနိုင်မရခင် အနှိပ်အကွပ်ခံရတာ၊ အရှင်လတ်လတ် မီးရှို့ခံရတာတော့ သမိုင်းအထောက်အထား အစဉ်အလာရှိပြီးသားပါ။

အသစ်ဖြစ်ဖို့ အတိုင်းအတာတစ်ခု အခြေအနေတစ်ခုထိဖွံ့ဖြိုးမှုတော့ လိုအပ်ပါတယ်။ အဲဒီအတိုင်းအတာဖွံ့ဖြိုးမှုပေါ်မှာပဲ (၂၁)ရာစု ထဲရောက်ဖို့ လမ်းဖွင့်ပေးပါလိမ့်မယ်။ ဘယ်ဖွံ့ဖြိုးမှုမှမရှိဘဲ စိတ်ဓါတ်စိတ်ကူးတွေနဲ့တော့ (၂၁) ရာစုထဲ မရောက်နိုင်ပါဘူး။ ပြက္ခဒိန်ချိတ်ပြီးတော့ ရောက်ခြင်းမျိုးသာ အလွယ်တကူနဲ့ ရောက်နိုင်ပါလိမ့်မယ်။

(၂၁)ရာစုထဲရောက်နိုင်တာတော့ အမှန်ပဲ။ ဒါပေမယ့် ရောက်ဖို့ ဖွံ့ဖြိုးရလိမ့်ဦးမယ်။ အတိတ်ကစိတ်ဓါတ်တွေကို နှုတ်ဆက်ရပါ လိမ့်မယ်။ မျက်ကန်းစိတ်ကူး မျက်ကန်းဉာဏ်နဲ့ လွတ်မြောက်ရပါလိမ့်မယ်။ လမ်းသစ်ကို ဉာဏ်ပညာအထွေထွေနဲ့ ဆွေးနွေးမှုအတွက် ခေါ်ဆောင်သွားပါလိမ့်မယ်။ ဒါမှ သတိသစ်ရှိလာမယ်။ အမှန်ကို မြင်လာမယ်။

သတိရှိမှ အတွေးလှိုင်းဟောင်းတွေပျက်ပြီး အတွေးလှိုင်းသစ်ရပ်တည်နိုင်လိမ့်မယ်။ သတိမှာ ဓါးသွားနှစ်ဘက်ပါတယ်။ တစ်ဘက်ကပျက်ပြီး တစ်ဘက်က သစ်လွင်စေပါတယ်။ သတိရှိမှလည်း ပစ္စုပ္ပန်ထဲ ရောက်နိုင်မယ်။ အတိတ် အနာဂတ်ဆိုတဲ့ အရိပ်မဲ့နဲ့ လွတ်နိုင်မယ်။

ကျွန်ုပ်တို့ပစ္စုပ္ပန်ထဲ မရောက်သေးပါဘူး။ အတိတ်မှာလည်နေကြတုန်း။ အနာဂတ်ကြည့်ဖို့လိုနေပြီ။ ဒါမှ ပြောင်းလဲနိုင်မယ်။ လူမှာ အစွမ်းတွေမနည်းပါဘူး။ အစွမ်းတွေ လမ်းလွဲနေဆဲပါ။

ထက်မြက်တဲ့ဉာဏ်စွမ်းအားတွေ လမ်းပှန်ပေါ်ရောက်လာရင် အနာဂတ်အတွက် စိတ်ချနိုင်ပါလိမ့်မယ်။ စုပေါင်းဉာဏ်ရည်ဉာဏ်သွေးကပဲ (၂၁)ရာစုထဲ ပို့လိမ့်မယ်။ စကားပြောရုံနဲ့ (၂၁)ရာစုထဲ မရောက်နိုင်ဘူး။ လွတ်လပ်မှလည်း သတိရှိပြီး အစွမ်းရှိသလောက် ရောက်နိုင်လိမ့်မယ်။ ⌟⌟⌟

အုံပွယ်ရာ ဗုဒ္ဓ–ဥပါသိကာနှင့် တစ်ကျပ်တန်ဆွမ်းဒါနကျိုး

သုဘမတ္တ

မဟာကစ္စာယန မထေရ်လောင်းလျာသည် ဂေါတမ အနွယ်တော် ဗုဒ္ဓဘုရားပွင့်တော်မူသောကာလ ဘီစီ (၅၂၇) ဗုဒ္ဓခေတ်၌ ဘာရတနိုင်ငံအလယ်ပိုင်း ဥဇ္ဇေနီမြို့ဝယ် ပုရောဟိတ်၏အိမ်၌ မွေးဖွားခဲ့သည်။

သူ့အား အမည်မှည့်သောနေ့၌ "ငါ၏သားကား ရွှေအဆင်းနှင့်တူသော ကိုယ်ရှိသည်၊ ကိုယ်တိုင်ပင် မိမိ၏အမည်ကိုယူ၍ လာခဲ့၏။" ဤသို့ကြံစည်၍ ကဉ္စနမာဏဟူ၍သာလျှင် လုလင်၏ အမည်ကို မှည့်ကုန်၏။

ကဉ္စနသည် အရွယ်ရောက်သော် ဝေဒသုံးပုံတို့ကို သင်ယူခဲ့၍ အဖလွန်သော် ပုရောဟိတ်အရာကို ရခဲ့သည်။ သူသည် အနွယ်၏ အစွမ်းဖြင့် ကစ္စာနအမည်တွင်ခဲ့သည်။

ရာဇဂြိုဟ်မြို့မှလာသော ကုန်သည်များထံမှတဆင့် ဘုရားပွင့်တော်မူသည်ကို သိရှိရသော စဏ္ဍာမဇ္ဈောတမင်းသည် အမတ်တို့ ကိုစည်းဝေးစေ၍-

"အမောင်တို့... လောက၌ ဘုရားပွင့်ဝေဟ်မူပြီ၊ ဘုရားရှင်ကို ပင့်ခြင်းငှာ စွမ်းနိုင်သူတို့သည် သွား၍ပင့်ဆောင်ကြကုန်လော့" ဟု မိန့်တော်မူ၏။

"မင်းမြတ်... တစ်ပါးသောဘုရားရှင်ကို ပင့်ဆောင်ခြင်းငှာ စွမ်းနိုင်သူမည်သည် မရှိပါ၊ ဆရာကစ္စာနဗြဟ္မဏ်သည်ပင် စွမ်းနိုင်ပါမည်၊ သူ့ကို စေခိုင်းပါကုန်လော့" ဟု လျှောက်ထားကုန်၏။ မင်းကြီးသည် ကစ္စနာကို ခေါ်စေ၍-

"အမောင်... ဘုရားရှင်ထံသွားပါလော့" ဟု ဆို၏။

"မင်းမြတ်... သွား၍ရဟန်းပြုခွင့်ရသော် သွားပါအံ့" ဟု လျှောက်ထား၏။

"အမောင်... အလိုရှိသည်ကိုပြု၍ ဘုရားရှင်ကိုသာ ပင့်ဆောင်ခဲ့ပါ" ဟု မိန့်တော်မူ၏။

ပုရောဟိတ်သည် "ဘုရားရှင်ထံသို့သွားသောသူများအား များသောပရိသတ်ဖြင့် ပြုဖွယ်ကိစ္စမရှိ" ဤသို့ကြံ၍ မိမိလျှင် ရှစ်ယောက်မြောက်ဖြစ်၍ ဘုရားထံသွားပြီ။

ဘုရားထံရောက်သောအခါ ပုရောဟိတ်အား ဘုရားရှင်သည် ဓမ္မပဒေသ ပေးတော်မူ၏။ တရားဟောပြီးသောအဆုံး၌ အဖော်ခုနစ်ယောက်နှင့်အတူပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်တော်မူသည်။

"ရဟန်းတို့... လာကြလော့" ဟု "ဧဟိဘိက္ခု" ခေါ်တော်မူ၍ ဘုရားရှင်သည် လက်တော်ကိုဆန့်တန်းပြီ။

ထိုခဏ၌လျှင် အလုံးစုံတို့သည်ပင် ကွယ်ပျောက်သောဆဲပင်၊ မုတ်ဆိတ်ရှိကုန်၍ တန်ဆိုးဖြင့်ပြီးသောသပိတ်၊ သင်္ကန်းကို ဆောင်ကုန်၍ ဝါတော်ခြောက်ဆယ်ရှိ မထေရ်တို့ကဲ့သို့ ဖြစ်ကြကုန်ပြီ။

ကစ္စာနာမထေရ်သည် မိမိ၏ရဟန်းကိစ္စသည် ပြီးလတ်သော် ဆိတ်ဆိတ်ဖြင့်မနေမူ၍ ကာဠဒါယီမထေရ်ကဲ့သို့ပင် ဘုရားရှင်၏ ဥဇ္ဇေနိပြည်သို့ ကြွရန်အလို့ငှာ လမ်းခရီး၏ဂုဏ်ကို ချီးမွမ်းလျှောက်ဆိုပြီ။

ဘုရားရှင်သည် ကစ္စာနာ၏စကားကို ကြား၍-

"ကစ္စာနသည် မိမိ၏ဇာတိနိုင်ငံသို့ ငါ၏ ကြွရောက်ခြင်းကို တောင်းတဘိ၏" ဟု သိတော်မူ၏။

ဘုရားရှင်တို့မည်သည်မှာ တစဉ်သောအကြောင်းကိုစွဲ၍ သွားခြင်းငှာ မသင့်လျော်သောဌာနသို့ ကြွတော်မမူကုန်။ ဒါကြောင့် မထေရ်ကို ဤသို့မိန့်တော်မူ၏။

"ရဟန်း... သင်သည်ပင်လျှင် သွားပါလော့" ၊ သင် သွားသော်လည်း မင်းကြီးသည် ကြည်ညိုပါလိမ့်မည်" ဟု မိန့်၏။

မထေရ်သည် "ဘုရားရှင်တို့အား နှစ်မျိုးသော မိန့်စကား မည်သည်မရှိ"ဟုသိ၍-

ဘုရားရှင်ကိုရှိခိုး၍ မိမိနှင့်အတူ လာကုန်သော ရဟန်းခုနစ်ပါးတို့နှင့်တကွ ဥဇ္ဇေနိပြည်သို့ ကြွသည်ရှိသော်-

ခရီးအကြား၌ "လေတပွနာလိ" အမည်ရှိ နိဂုံးရွာကြီး၌ ကောင်းကင်မှသက်ဆင်း၍ ဆွမ်းအလို့ငှာ လှည့်လည်၏။

ထိုနိဂုံးရွာကြီး၌လည်း သူဌေးသမီးနှစ်ဦးတို့သည် ရှိကြကုန်၏။ ထိုနှစ်ဦးတို့တွင် တစ်ဦးသည် သူဌေးအဖြစ်မှ ဆင်းရဲမွဲသွားသောအမျိုး၌ဖြစ်၍ ဆင်းရဲခြင်းသို့ရောက်နေ၏။ မိဘနှစ်ပါးကွယ်လွန်သဖြင့် အထိန်းကိုမှီ၍ အသက်မွေးနေရ၏။ သူမ၏ကိုယ်အဆင်းကား လှပတင့်တယ်ခြင်းနှင့် ပြည့်စုံ၏။ တစ်ပါးသော မိန်းမတို့၏ဆံပင်ထက် အလွန်ရှည်၏။ နူးညံ့စိမ်းညို ပျော့ပျောင်းသောဆံရှိ၏။ ဒီယကေသာ မည်၏။

ထိုမြို့၌ပင် တစ်ဦးသောစည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော သူဌေးသမီးသည်ကား ဆံပင်နည်း၏။ နိတ္တေသိမည်၏။ ထိုသူဌေးသမီးသည် ထိုအခါမှ ရှေး၌ ဆံပင်ကောင်းသူ ဒီယကေသာထံသို့ သတင်းစကားပို့လွှတ်၍-

"တစ်ရာသော်လည်းကောင်း၊ တစ်ထောင်သော်လည်းကောင်း၊ ပေးပါမည်"ဟု ဆိုငြားလည်း ဆံပင်တို့ကို ဆောင်ယူရန် မစွမ်းနိုင်ခဲ့ပေ။

ရဟန်းတော်များ ဆွမ်းခံကြွလာရာ ထိုနေ့မှာသော်ကား ဆံပင်ကောင်းသော ဒီယကေသာ သူဌေးသမီးသည် မဟာကစ္စာန မထေရ်ကို ရဟန်းခုနစ်ပါးရဲ့လျက် အချီးတနှီး သပိတ်ရှိသည်ဖြစ်၍ ကြွလာသည်ကိုပြင်သော်-

"ရွှေအဆင်းကဲ့သို့အဆင်းရှိသော တစ်ပါးသောဗြဟ္မာ၏ အဆွေဖြစ်သော ဤရဟန်းသည် ရေဖြင့်ဆေးထားမြဲတိုင်းသာဖြစ်သော သပိတ်ဖြင့်ကြွလာ၏။ ငါ့အား၊လည်း တစ်ပါးသော ဥစ္စာမည်သည် မရှိ၊ နိတ္တေသိမည်သော သူဌေးသမီးသည်ကား၊ ဤဆံပင်တို့အတွက် စေလွှတ်ဘူး၏။ ယခု ဤဆံပင်မှရအပ်သော ငွေကြေးဖြင့် မထေရ်မြတ်အား လှူဖွယ်ဝတ္ထုကို လှူဒါန်းခြင်းငှာ စွမ်းနိုင်ရာ၏"ဟု ကြံ၍-

အထိန်းကိုစေလွှတ်၍ မထေရ်တို့ကို ပင့်ဖိတ်စေ၍ အိမ်တွင်း

၌ ဆိုင်းငံ့ထိုင်နေတော်မူစေ၏။

မထေရ်များထိုင်နေပြီးသောကာလ၌ အိမ်တွင်းသို့ဝင်၍ အထိန်းအား မိမိဆံပင်တို့ကိုဖြတ်စေ၍-

"မိခင်... ဒီဆံပင်တို့ကို နိတ္တေသီမည်သော သူဌေးသမီးအား ပေး၍ သူပေးသမျှကိုသာ ဆောင်ယူခဲ့ပါလော့၊ အရှင်မြတ်တို့အား ဆွမ်းလှူဒါန်းပါကုန်အံ့" ဟု ပြော၏။

အထိန်းသည် လက်ဖမိုးဖြင့် မျက်ရည်တို့ကိုသုတ်ကာ လက်တစ်ဖက်ဖြင့် နှလုံးသားကိုမ,၍ မထေရ်တို့၏ရှေ့မှောက်၌ ဖုံးကွယ်လျက် ဆံပင်တို့ကိုယူ၍ နိတ္တေသီသူဌေးသမီး၏အထံသို့သွားခဲ့၏။

ရောင်းအပ်သောပစ္စည်းမည်သည် တန်ဖိုးရှိပါသော်လည်း မိမိကိုယ်တိုင် ဆောင်ယူခဲ့သည်ဖြစ်သော် ရိုသေလေးစားခြင်းကို မဖြစ်နိုင်။ စွေးနှိမ်ခံရ၏။ ထို့ကြောင့် ထိုနိတ္တေသီသူဌေးသမီးသည် ဤသို့ကြံ၏။

ငါသည် ရှေးအခါက များစွာသောဥစ္စာဖြင့်လည်း ဤဆံပင်တို့ကို ဆောင်စေခြင်းငှာ မစွမ်းနိုင်ခဲ့။ ယခုသော်ကား ဖြတ်အပ်ပြီးသောအခါမှစ၍ ပင်ကိုယ်မူလတန်ဖိုးအတိုင်း မရနိုင်လတ္တံ၊ ဤသို့ကြံစည်၍-

အထိန်းအားပြော၏။ "ငါသည် ရှေးအခါက သင့်သခင်မကို များစွာသောဥစ္စာဖြင့်လည်း ဆံပင်တို့ကိုဆောင်စေခြင်းငှာ မစွမ်းနိုင်ခဲ့။ တစ်စုံတစ်ရာသောအရပ်၌ ဖရိုဖရဲဖြစ်နေသော အသက်မရှိသော ဆံပင်တို့မည်သည်ကား ရှစ်အသပြာတို့ကို ထိုက်တန်ကုန်၏" ဟု ပြောဆို၍၊ ရှစ်အသပြာတို့ကိုသာလျှင် ပေးလေပြီ။

အထိန်းသည် ရှစ်အသပြာတို့ကိုဆောင်ယူခဲ့၍ ဒီယကေသာသူဌေးသမီးအား ပေးခဲ့သည်။

ဒီယကေသာသူဌေးသမီးသည် တစ်ပါး-တစ်ပါးဆွမ်းကို တစ်ကျပ်တန်-တစ်ကျပ်တန်စီ ပြုလုပ်စီမံ၍ မထေရ်တို့အား ပေးလှူစေပြီ။

မထေရ်သည် ဆင်ခြင်လတ်သော်၊ ဒီယသူဌေးသမီး၏ ရှေးဥပနိဿယကိုလည်းကောင်း၊ ဆံပင်တို့၏ပင်ကိုယ်အတိုင်းအဖြစ်သို့ရောက်နိုင်ခြင်းကိုလည်းမြင်၍-

"သူဌေးသမီးဘယ်မှာနည်း" ဟု မေး၏။

"အရှင်ဘုရား... အခန်းတွင်း၌ရှိပါ၏"ဟု လျှောက်၏။

"သူဌေးသမီးကိုခေါ်ကြကုန်လော့" ဟု မိန့်၏။

ထိုသူဌေးသမီးသည်လည်း ခေါင်းတုံးထားသောဆံပင်ရှိသော်လည်း မထေရ်တို့၌ ရိုသေခြင်းဖြင့် တစ်ခွန်းသောစကားဖြင့်ပင် အခန်းတွင်းမှထွက်လာခဲ့၍ မထေရ်တို့ကို ရှိခိုး၍ အားကြိုးသော သဒ္ဓါတရားကို ဖြစ်စေပြီ။

ကောင်းသောလယ်ယာမြေ၌ တစ်ကျပ်တန်ဆွမ်းသည် မျက်မှောက်ဘဝ၌ပင်လျှင် အကျိုးကိုပေး၏။

ထို့ကြောင့် မထေရ်တို့အား ရှိခိုးခြင်းကို ပြုခြင်းနှင့် တစ်ပြိုင်နက် ဖြတ်ယူပြီးခဲ့သောဆံပင်တို့သည် ရှေးယခင်ကိုယ်အတိုင်းပင် အံ့ဖွယ်ရာ တည်လာ၊ ပေါက်လာကုန်ပြီ။

မထေရ်တို့သည်လည်း ထိုဆွမ်းကိုယူ၍ ဒီယကေသာသူဌေးသမီးသည် ကြည့်ရှုနေစဉ်ပင်လျှင် ကောင်းကင်သို့ပျံတက်၍ ကဉ္စနဝန မည်သောမင်း၏ ဥယျာဉ်၌ သက်ဆင်းခဲ့ကြကုန်၏။

ဥယျာဉ်စောင့်သည် မထေရ်မြတ်ကိုမြင်သော် မင်းထံသွား၍-

"မင်းမြတ်... ကျွန်ုပ်၏အရှင် ပုရောဟိတ်ဖြစ်သော ကစ္စာနသည် ရဟန်းပြု၍ ဥယျာဉ်သို့ကြွလာပါပြီ" ဟု လျှောက်တင်သည်။

စက္ကာပဇ္ဇောတမင်းသည် ဥယျာဉ်သို့သွား၍ ဘုဉ်းပေးပြီးသော မထေရ်ကို ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍ တစ်ခုသောအရပ်အဘို့၌နေလျက်-

"အရှင်ဘုရား... ဘုရားရှင်သည် အဘယ်မှာပါနည်း"ဟု မေးလျှောက်၏။

"မင်းမြတ်... ဘုရားရှင်သည် မိမိကိုယ်တိုင်မလာမူ၍ ငါ့ကို စေလွှတ်လိုက်ပြီ" ဟု မိန့်၏။

"အရှင်ဘုရား... ယနေ့ ဘယ်အရပ်၌ ဆွမ်းကို ရခဲ့ပါသနည်း" ဟု မေးလျှောက်၏။

မထေရ်သည် မင်းကြီး၏မေးမြန်းအပ်သောသဘောကြောင့် အလုံးစုံသော ဒီယကေသာသူဌေးသမီးသည် ပြုလုပ်အပ်သော ပြုနိုင်ခဲ့သောကောင်းမှုကို ပြောကြားခဲ့သည်။

မင်းကြီးသည် မထေရ်၏နေထိုင်ရာအရပ်ကို စီရင်ပြီးသော် မထေရ်ကို နက်ဖန်အလို့ငှာ ဆွမ်းဖြင့်ဖိတ်၍ နန်းတော်သို့သွား၍-

ဆိုခဲ့ပြီးသောသူဌေးသမီးထံသို့ မင်းချင်းများ စေလွှတ်ခေါ်စေပြီး မြတ်သောမိဖုရားကြီးအရာ၌ ထား၏။

ဤအမျိုးသမီး၏ မျက်မှောက်ထင်ထင် ယခုဘဝ၌ပင် ဖြစ်သော စည်းစိမ်ချမ်းသာကို ရခြင်းသည် ဖြစ်ခဲ့ပြီ။

ထိုအခါမှစ၍ မင်းကြီးသည် ကစ္စာနမထေရ်အား ကြီးမြတ်သော ပူဇော်ခြင်းကို ပြု၏။ မထေရ်၏တရားစကား၌ ကြည်ညိုး၍ လူများအပေါင်းသည် မထေရ်၏ထံတော်၌ ရဟန်းပြုခဲ့ပြီ။

ထိုအခါမှစ၍ တစ်မြို့လုံးသည် တခဲနက်သော သက်နှံးရောင်တောက်ပခြင်းရှိသည်လည်းကောင်း၊ ရဟန်းတို့၏ဂုဏ်ဖြင့် ထုံအပ်သောကိုယ်နံ့ဖြင့် ထက်ဝန်းကျင် တိုက်ခတ်အပ်သော လေရှိသည်လည်းကောင်း ဖြစ်လေပြီ။

မိဖုရားကြီးသည်လည်း ကိုယ်ဝန်ကိုရ၍ ဆယ်လလွန်သောအခါ၌ သားကို ဖွားခဲ့ပြီ။

မင်းသားငယ်၏အမည်မှည့်သောနေ့၌ "ဂေါပါလ"သတို့သားဟူ၍ အဘိုးသူဌေးအမည်ကို ပြု၏။

မိဖုရားသည် သား၏အမည်အစွမ်းဖြင့် "ဂေါပါလမာတာ" မိဖုရားဟု ထင်ရှားတွင်ခဲ့သည်။

မိဖုရားသည် မထေရ်တို့ကို အလွန်ပင်ကြည်ညို၍ မင်းကြီးကို ဝန်ခံစေပြီး ခွင့်ပြုချက်ရယူပြီး၍ ကဉ္စနဝနဥယျာဉ်၌ မထေရ်၏ အလို့ငှာ ကျောင်းကိုဆောက်လုပ်စေပြီ။

မထေရ်သည် ဥဇ္ဇနီမြို့အလုံးကို ကြည်ညိုစေပြီး၍ တစ်ဖန် ဘုရားရှင်ထံတော်သို့ ကြွသွားခဲ့လေသည်။

ဂ ဂ ဂ

ရွှေကျိုးသာတိုင်း သတိရမိသည်

ဦးကြည်ညွန့်(ဒုတိယဝန်ကြီး-အငြိမ်းစား)

ကျွန်တော်သည် အိန္ဒိယနိုင်ငံ ဘုံဘေမြို့ရှိ အိန္ဒိယမြန်မာသဟာယအသင်းမှ မိတ်ဆွေများကို အမြဲတန်းသတိရလျှက်ရှိပါသည်။ အထူးသဖြင့် ကျွန်တော့်အိမ်ရှေ့ရှိ မာလကာပင်ပေါ်မှ ရွှေကျိုးသာသည့်အခါ ပိုပြီး သတိရမိပါသည်။

၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့၊ ဝိပဿနာတရားပြ ဆရာကြီးဦးဂိုအင်ကာ မိသားစု၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ စာရေးဆရာများပါဝင်သော အဖွဲ့တစ်ဖွဲ့သည်အိန္ဒိယနိုင်ငံ၊ မဟာရတ္ထပြည်နယ်၊ နာစစ်ဒိစတြိတ်၊ နာစစ်မြို့အနီး၊ အီဂတ်ပူရီ၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအဖွဲ့၊ ဓမ္မဂီရိရိပ်သာသို့ သွားရောက်ခဲ့ကြပါသည်။

မြန်မာအဖွဲ့တွင်- (၁) ဆရာတော် ဦးနန္ဒဝံသ(တွံတေး)၊ (၂) ဦးကြည်ညွန့် (စစ်ကိုင်းကြည်ညွန့်)၊ (၃) ဦးလှကြိုင် (ပါရဂူ)၊ (၄) ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)၊ (၅) ဦးစိန်လွင် (ဟိန္ဒူအဖွဲ့)၊ (၆) ဒေါ်ခင်ဆွေဦး၊ (၇) ဦးဝင်းမောင် (မင်းယုဝေ)၊ (၈) ဦးမောင်မောင်လေး (ဓမ္မာစရိယ)၊ (၉) ဦးတင်လွင် (ပါဠိပါမောက္ခ)၊ (၁၀) ဦးသိန်းမောင် (ထင်လင်း)၊ (၁၁) ဦးချစ်တင် (သာသနာရေး-အငြိမ်းစား)၊ (၁၂) ဦးဌေးလှိုင် (ဓမ္မာစရိယ)၊ (၁၃) ဒေါ်ဆယ်၊ (၁၄) ဗိုလ်မှူး လှမောင်၊ (၁၅) ဒေါ်တင်တင်ငွေ၊ (၁၆) ဦးတင်ဟိန်း (မောင်မဲ)၊ (၁၇) ဦးမောင်မောင် (သံအမတ် (အငြိမ်းစား)၊ (၁၈) ဗိုလ်မှူးကြီး အောင်ဟိန်း၊ (၁၉) ဦးသိန်းဇံ (ကုန်သွယ်ရေး-ညွှန်ကြားရေးမှူး)၊ (၂၀) ဆရာတော် ဦးအာစိန္န (ကရင်)တို့ ပါဝင်ကြသည်။

မြန်မာအဖွဲ့သည် ဓမ္မဂီရိရိပ်သာတွင် ဝိပဿနာတရား (၁၀)ရက် ထိုင်ကြသည်။ ပြီးလျှင် ဦးဂိုအင်ကာ၏ဆရာဖြစ်သူ ဆရာကြီးဦးဘခင် ကွယ်လွန်သည့် (၁၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် (၅)ရက်ကြာ ကျင်းပသည့် ဝိပဿနာဆွေးနွေးပွဲသို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်၊ မတ်လ (၇)ရက်နေ့တွင် ဘုံဘေမြို့၊ ဂျူဟူး ရပ်ကွက်၊ ဆရာကြီး ဦးဂိုအင်ကာ၏နေအိမ်အနီး၊ မိုဒီမိသားစု၏ တိုက်သစ်ကြီးဝင်းအတွင်းတွင် မြန်မာအဖွဲ့ကို အိန္ဒိယမြန်မာ သဟာယ အသင်းမှ ကြိုဆိုဧည့်ခံပွဲပြုလုပ်သည်။ အသင်းဥက္ကဋ္ဌ ဆရာကြီး ဦးဂိုအင်ကာ၏သား Banwari Lal Goenka ခေါ် ဦးပောင်ရွှေပင် ဖြစ်သည်။ ကျွန်တော်တို့ အဖွဲ့ရောက်ရှိချိန်တွင် ဆရာကြီး ဦးဂိုအင်ကာနှင့်ဇနီးတို့သည် မြန်မာနိုင်ငံမှ ဆရာတော် (၅)ပါးတို့နှင့်အတူ ရောက်ရှိနှင့်နေပြီး စကားပြောနေကြသည်ကို တွေ့ရပါသည်။

ထိုနေ့က ပရိသတ်အတော်များသည်။ (၂၀၀)ခန့် ရှိမည်ထင်သည်။ မြန်မာပြည်တွင် မွေးဖွားခဲ့သူ မြန်မာနိုင်ငံတွင် နှစ်အတန်ကြာ နေထိုင်ခဲ့ဘူးသူတွေချည်းဖြစ်နေ၍ မြန်မာပြည် အပေါ် သံယောဇဉ်ရှိကြသူများဖြစ်သည်။ မြန်မာနိုင်ငံမှ မိတ်ဆွေများနှင့် မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ကြရ၍ နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်တွေ့ရသလို ဝမ်းသာမဆုံး ပျော်တပြုံးပြုံး စကားတွေပြောလိုက်ကြသည်မှာလည်း ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ကြရသည်။

အခမ်းအနားမှူးအဖြစ် ဒေါက်တာ ချိုကာနိုက ဆောင်ရွက်သည်။ ဒေါက်တာ ချိုကာနိုသည် ထင်ရှားသောဆရာဝန်တစ်ဦးဖြစ်သည်ဟု သိရသည်။ အိန္ဒိယမြန်မာ သဟာယအသင်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဆရာကြီး ဦးဂိုအင်ကာ၏ ဝိပဿနာတရားပြ လက်ထောက်ဆရာတစ်ဦးလည်း ဖြစ်သည်။

အခမ်းအနားကို မြန်မာနိုင်ငံတွင် ကျော်ကြားသော ခေတ်ဟောင်းသီချင်းဖြစ်သည့် ရွှေကျိုးညိုသီချင်းဖြင့် ဖွင့်သည်။ သီချင်းဆိုသူမှာ- Pravin Bhai Doshi ဆိုသူ ရှေ့နေတစ်ဦးဖြစ်သည်။ အိန္ဒိယမြန်မာ သဟာယအသင်းတွင် တွဲဘက်အတွင်းရေးမှူးဖြစ်သည်။ ထိုသီချင်းမှာ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက ၁၉၀၀ ပြည့်နှစ်များတစ်ဝိုက်တွင် မြန်မာနိုင်ငံတွင် အထူးကျော်ကြားခဲ့သည့် အငြိမ့်မင်းသမီး ရွှေမန်းသူ (မန္တလေးမြို့သူ) ရွှေခြေကျင်း၊ မင်္ဂေဗြိုင် သီဆိုခဲ့သည့် သီချင်း ဖြစ်သည်။ နန်းတော်ရှေ့ဆရာတင် ရေးစပ်ခဲ့သည်။

မြန်မာပြည်တွင်နေခဲ့စဉ်က သီချင်းအဆိုကျွမ်းကျင်သူ မြန်မာမိတ်ဆွေတစ်ဦးထံမှ သင်ယူခဲ့ခြင်းဖြစ်သည်။

'ရွှေကျီးညို - မြည်သံချိုချို- ကြားရသည့်အခါ လွမ်းမိသည့်အကြောင်း ရွှေကျီးညိုက လွမ်းအောင်မြည်သည့်အခါ ပျို့မောင်ကြီးလာမယ်- သဘောဖြစ်၍ မင်္ဂဗြိုင်က ဆီးလို့ကြိုနေသော်လည်း ချစ်သူကိုကို-- ပေါ်မလာ၍- မျှော်တော်ဇောနဲ့- မောနေရကြောင်း- ထို့ကြောင့် ရွှေကျီးညို- မြည်သံချိုချို- သာလိုက်ပါဦး' ဆိုသည့် အဓိပ္ပာယ်ရသည်။ အိန္ဒိယမြန်မာသဟာယအသင်းမှ မိတ်ဆွေများက ရွှေကျီးညိုမြည်သံကြောင့် မြန်မာမိတ်ဆွေတွေ များလာမည်ကိုသိသည်။ မျှော်တော်ဇောနှင့် မောရကျိုးနပ်ပေပြီ။

အခမ်းအနားမှူးသည် ဧည့်ခံပွဲလုပ်ရခြင်းအကြောင်းရင်းကို ရှင်းပြသည်။ အဓိကမှာ အိန္ဒိယနှင့် မြန်မာတို့၏ ရှိပြီးသားချစ်ခင်ရင်းနှီးမှုကို တိုးတက်ခိုင်မာသည်ထက် ခိုင်မာအောင် ဆောင်ရွက်ကြရန်ဖြစ်သည်။ တစ်ဦးမေတ္တာ တစ်ဦးမှာ၊ ကျွန်တော်တို့ မြန်မာစကားရှိပါသည်။ မေတ္တာရှိပြီးသား လူသားချင်းချင်း မေတ္တာနှောင်ကြိုးထပ်တင်းရန်မှာ မခက်တော့ပါ။

ဆရာကြီးဦးဂိုအင်ကာက ဓမ္မနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဝိပဿနာတရားသည် လူမျိုးမရွေး ဘာသာမရွေး အသားအရောင်ခွဲခြားခြင်း မရှိ။ လူတိုင်းလူတိုင်း လိုက်နာကျင့်ကြံသင့်ကြောင်း ပြောကြားသွားသည်။ သာဓုသုံးကြိမ်ခေါ်ကြသည်။

ထို့နောက် စာရေးဆရာ ပါရဂူက ဟိန္ဒီဘာသာဖြင့် စကားပြောသည်။ ဆရာပါရဂူသည် အိန္ဒိယနိုင်ငံတွင် ဘုန်းကြီးဝတ်ဖြင့် နှစ်ပေါင်းများစွာ ပညာသင်ကြားခဲ့ဘူး၍ ဟိန္ဒီဘာသာ အရေးအသား.နှင့် အပြောအဆိုတို့တွင် အထူးကျွမ်းကျင်သော နာမည်ကျော် စာရေးဆရာကြီးဖြစ်သည်။ အခ်ိန်အခါပြောင်းသော်လည်း ချစ်ကြည်ရင်းနှီးမှုကို အမြဲထိန်းထားရန် ပြောကြားသွားသည်။ ထို့နောက် မြန်မာအဖွဲ့ထဲမှ တစ်ဦးက မြန်မာလိုပြောပေးပါပြောရာ ဆရာပါရဂူက ကျွန်တော်ကိုလက်ညှိုးထိုးပြလိုက်သည့်အတွက် ကျွန်တော်မှာ အစီအစဉ်မရှိဘဲ ထပြောလိုက်ရသည်။ သို့သော် ကောင်းသည်၊ ကြိုတင်စီစဉ်ထားခြင်းမရှိသည့်အတွက် ကျွန်တော့်ရင်ထဲမှစကားတွေ ပြောလိုက်ရသည်။ စောစောက မိတ်ဆွေသီဆိုသွားသည့် ရွှေကျီးညိုသီချင်းထဲကလို မိတ်ဆွေများက ချစ်ခင်သူများကို စောင့်မျှော်နေစဉ် ကျွန်တော်တို့အဖွဲ့ရောက်လာကြောင်း ဆရာကြီးဦးဂိုအင်ကာ မိသားစု၏ ဖိတ်ကြားချက်အရ ဓမ္မလုပ်ငန်းအတွက်လာကြရင်း ဓမ္မအကျိုးကြောင့် ယခုကဲ့သို့ မိတ်ဟောင်းဆွေဟောင်းများနှင့် တွေ့ဆုံခွင့်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံတွင် စီးပွားရေးမူဝါဒများ ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ တံခါးဖွင့် (Open Door)ဝါဒကို ကျင့်သုံးနေသည့်အတွက် လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားကုန်သွယ်မှုတို့ကို ပြုလုပ်နိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံနှင့် မြန်မာအဆက်အသွယ်ပိုများလာပြီး ရင်းနှီးချစ်ကြည်မှုများ တိုးတက်ခိုင်မာလာမည်မှာ သေချာလှပါကြောင်းဖြင့် ပြောကြားလိုက်သည်။ ဆရာပါရဂူက ဟိန္ဒီဘာသာဖြင့် ပြန်ပေးပါသည်။

ထို့နောက် အကျွေးအမွေးဖြင့် ဧည့်ခံသည်။ ယခင်က မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမှ နာမည်ကျော် ဒီအေအဟူဂျာ ဓာတ်ပုံကူးတိုက်ကြီးမှ ဒီအေအဟူဂျား၏သားက မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။ ဆရာကြီး ဦးဂိုအင်ကာ၏သား အမ်လယ်လ်ဂိုအင်ကာက မြန်မာအဖွဲ့ဝင်များကို ပရိသတ်များနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် အိန္ဒိယမြန်မာအသင်းမှ မြန်မာအဖွဲ့ဝင်များအား တိုင်ကပ်နာရီတစ်လုံးစီ လက်ဆောင်ပေးသည်။

မြန်မာအဖွဲ့မှ ဦးကျော်ခင်မြင့်က ရွှေတိဂုံဘုရားပုံတော်တစ်ပုံစီ လက်ဆောင်ပေးသည်။ အိန္ဒိယမိတ်ဆွေများသည် ရွှေတိဂုံဘုရားပုံကို တွေ့ရသည့်အခါ မြန်မာပြည်ကို ပိုပြီးလွမ်းကုန်ကြသည်။ ကျွန်တော်တို့အဖွဲ့က မြန်မာနိုင်ငံမှ ယူလာသော ဇီးထုပ်၊ ဇီးပေါင်း၊ အချဉ်ထုပ်၊ ရှောက်သီးဆေးပြားများကိုလည်း လက်ဆောင်အဖြစ်ပေးသည်။ ပေးလို့မလောက်နိုင်အောင်ပင်။

ဤလိုပင် အခမ်းအနားကြီးသည် ပြီးဆုံးခဲ့သည်။ တွေ့စကဝမ်းသာမဆုံးပြီးသွားတော့ ခွဲခွာကြရမည်၊ ဝမ်းနည်းကြရပြန်သည်။ မိတ်ဆွေများနှင့် ပြန်လည်ဆုံတွေ့ပါရစေ ရွှေကျီးညို ရယ်သာပါလေဦး-

ဆရာပါရဂူက အိန္ဒိယမြန်မာ သဟာယအသင်းက မြန်မာအဖွဲ့ကို ကြိုဆိုဧည့်ခံပွဲပြုလုပ်ခြင်းသည် ယခု ဒုတိယအကြိမ်ဖြစ်ကြောင်း ပြောပြသည်။ ၁၉၈၆ ခုနှစ်က ဓမ္မဂီရိသို့ ရောက်လာကြသော မြန်မာယောဂီအဖွဲ့ကို ရာရှတရိယဆွယ်စေဝက ဆံယအဖွဲ့၊ ဘုံဘေဌာနခွဲ၏ စာသင်ကျောင်းဌ ပြုလုပ်ခဲ့သည်။ သို့သော် ယခုတစ်ကြိမ်လောက် မြန်မာအဖွဲ့ဝင်ဦးရေကလည်း မများ၊ ကြီးကျယ်ခမ်းနားမှုလည်း မရှိသေးဟုပြောသည်။ သို့သော် ချစ်ခင်ရင်းနှီးမှုက ပိုပြီးအရေးကြီးပါသည်။

၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့တွင် မြန်မာပြည်မှ အိန္ဒိယပြည်သို့ ထွက်ခွာခဲ့သော မြန်မာအဖွဲ့တွင် ကျွန်တော်ပါဝင်ခဲ့ပြန်သည်။ ဘုံဘေမြို့အနီးတွင် ဆရာကြီး

ဦးဘခင် အထိမ်းအမှတ်အဖြစ် တည်ထား ကိုးကွယ်မည့် 'ဝိပဿနာစေတီတော် အုတ်မြစ်ချပွဲအတွက် သွားရောက်ကြခြင်းဖြစ်သည်။ ဤတစ်ကြိမ်တွင် လူအတော်များသည်။

ဤတစ်ကြိမ်တွင် အိန္ဒိယမြန်မာ သဟာယအသင်း အနေဖြင့် ဖိတ်ကြားခြင်း မဟုတ်ဘဲ INDO MYANMAR CHAMBER OF COMMERSE INDUSTRIES ဖြစ်သည်။ အိန္ဒိယမြန်မာဆက်ဆံရေးသည် မြင့်မားလျက်ရှိနေပြီ။ အိန္ဒိယမြန်မာ သဟာယအသင်းမှ မြစ်ဖျားခံလာသော ချစ်ခင်ရင်းနှီးမှုသည် အသီးအပွင့်များဖြင့် ဝေဆာလျက်ရှိနေပြီ။ စီးပွားကူးသန်းရောင်းဝယ်မှုမှာ ကြီးထွားအောင်မြင်လျက် ရှိနေပေပြီ။

၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်နေ့တွင်- INDO MYANMAR CHAMBER OF COMMERSE INDUSTRIES အသင်းက၊ Mumbai မြို့၊ Ramada Hotel တွင် မြန်မာအဖွဲ့ကို ဂုဏ်ပြုဧည့်ခံပွဲ ကျင်းပသည်။ ဘုရား အုတ်မြစ်ချပွဲအတွက် ရောက်ရှိနေသော မြန်မာနိုင်ငံ၊ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ခင်လည်း တက်ရောက်သည်။

အခမ်းအနားမှူး Praveen Doshi က သူ သိဆိုနေကျ ရွှေကျီးညိုသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။ ရွှေကျီးညိုသာသဖြင့် ယခုတစ်ကြိမ် မြန်မာအဖွဲ့ဝင် ဆွေမျိုးသားချင်းတွေ ပို၍ပို၍ ရောက်လာကြသည်။

ဥက္ကဋ္ဌ Shri G.L. Goanka က နှစ်နိုင်ငံ စီးပွားကူးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ကြဘို့ တိုက်တွန်းသွားသည်။

ဒုတိယဝန်ကြီး ဦးအောင်ခင်ကလည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော အိန္ဒိယမြန်မာ ချစ်ကြည်ရေးရင်းနှီးမှု၊ ယဉ်ကျေးမှုစီးပွားကုန်သွယ်မှု အပြန်အလှန်ရှိခဲ့ပုံများနှင့် ထိုရှိခဲ့ပြီးသော ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုစီးပွားကုန်သွယ်မှု အဆက်အသွယ်များကို ခိုင်မာသည်ထက် ခိုင်မာအောင် INDO MYANMAR CHAMBER OF COMMERSE INDUSTRIES အသင်းကြီးမှ ဦးစီးဦးဆောင်ပုဂ္ဂိုလ်များနှင့် အသင်းသူ အသင်းသားများအားလုံးကို ခီးကျူးစကား ပြောကြားသွားသည်။

ကျွန်တော်ကလည်း ၁၉၉၀ ပြည့်နှစ်လာစဉ်က အတွေ့အကြုံများကို ပြန်ပြောင်းသတိရစွာဖြင့်တင်ပြပြီးနောက် ပြောင်းလဲတိုးတက်လျက်ရှိသော အိန္ဒိယမြန်မာ ချစ်ကြည်ရင်းနှီးမှုကို တွေ့နေရပြီဖြစ်သည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း ပြောပြသည်။

စာရင်းအင်းပညာရှင် ဦးဝင်းသစ်ကလည်း မြန်မာနိုင်ငံတွင် ကုန်သွယ်စီးပွားရေးနှင့် အခွန်အကောက်ပုံစံစနစ်၊ ဥပဒေနှင့် ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံက နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ ဖက်စပ်လုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်ကြောင်း၊ နိုင်ငံခြားသားများအနေနှင့် ရရှိနိုင်သော အထူးအခွင့်အရေးများကိုလည်း ရှင်းလင်းပြောကြားသွားသည်။

INDO MYANMAR CHAMBER OF COMMERSE INDUSTRIES ၏ ဂုဏ်ထူးဆောင် အတွင်းရေးမှူး Shri Amritlal Anand Pandya က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။ ထို့နောက် ညစာစားပွဲဖြင့် ဧည့်ခံပါသည်။ မိတ်ဆွေများလည်း ဝမ်းမြောက်ဝမ်းသာ စကားလက်ဆုံ ပြော၍မကုန်ဖြစ်ခဲ့ကြပြန်သည်။

အိန္ဒိယမြန်မာ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းကြီး အောင်မြင်လျက်ရှိသည်။ အသင်းကြီး အောင်မြင်သည်နှင့်အမျှ အိန္ဒိယမြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးလည်းတိုးတက် ခိုင်မာသည်ထက် ခိုင်မာလာမည်မှာ သေချာသည်။ ဆန္ဒလည်း ပြုလိုက်ပါသည်။

⌟ ⌟ ⌟

ဓမ္မပဒမှ ကောက်နုတ်ချက်များ

ပန်းဇ၏ရနံ့သည် လေညာသို့မသွား၊ စန္ဒကူးဖြစ်စေ၊ စလပ်ဖြစ်စေ၊
စံပယ်ကြက်ရုံးပင်ဖြစ်စေ အနံ့ လေညာသို့မဆန်။
သူတော်ကောင်းတို့၏ ရနံ့မူကား လေညာသို့လည်းသွား၏။
အလုံးစုံသော အရပ်မျက်နှာသို့တိုင်လည်း လှိုင်၏။
စန္ဒကူး၊ စလပ်၊ ကြာနှင့် မြတ်လေးပန်းအပေါင်းတို့၏ ရနံ့ထက်
သီလရနံ့က သာ၍မွန်မြတ်၏။

ပန်းတို့ကို ကောင်းနိုးရာရာ ရွေးချယ်သောသူကဲ့သို့
ကာမဂုဏ် အာရုံတို့ကို အစွဲအလန်းကြီးစွာဖြင့် ရွေးချယ်လျက်
ရှိကြကုန်သော လူအပေါင်းတို့အား ကြီးစွာသော ရေအလျဉ်သည်
အိပ်မောကျလျက်ရှိသော တစ္ဆာလုံးကို တိုက်ခတ်သယ်ဆောင်သွား
ဘိသကဲ့သို့ပင် သေမင်းသည် ခေါ်ဆောင်သွားလေသည်။

SANATAN DHARMA SWAYAMSEVAK SANGH

DR. MANGAL SEN JI
who opened the first Shakha in Myanmar in 1950.

Old group of Karyakartas in Gautam Shakha ground 37th Street, Yangon 1955.

Closing Ceremony of 1st Annual Camp.
Man. Shadi Lal ji Sanghchalak giving report. 1957.

Swayamsevaks on inspection 1st Camp 1957.

Sangh Band - Sh. Kishori Lal Gupta
seen at Centre with side Drum.

U Lum Baw - Dy Prime Minister in the Camp-1959.

U Lum Baw - Dy Prime Minister
delivering speech in the Camp-1959.

Buddha Jayanti Celebrated in Mawlamyaing
Kyaung Talk. Justice U Thein Maung standing.

SANATAN DHARMA SWAYAMSEVAK SANGH

Sayagyi U Tha Myat - D.G. (Culture) on Annual Function, Dr. Mangal Sen Ji with other Adhikari.

Opening of Annual Camp in Pyin Oo Lwin (May Myo).

Sh. Shambhu Nath Ji of Kalemyo in Mandalay Guru-Dakshina Function.

Sayagyi U San Htun (Mandalay University) in Closing function of Annual Camp, Zeyawadi.

A group of Mawlamyaing Swayamsevaks in Yangon Camp 1966.

Celebrating Mahatma Gandhi Jayanti in Bandoola squire, 1956.



Swayamsevaks on Closing Function of the Camp.

Physical Class in the Camp.

SANATAN DHARMA SWAYAMSEVAK SANGH

Namtu Shakha Vijaya-Dashmi Function 1958

On the visit of Anand Swami at Monywa
Prarthna by Swayamsevaks

Guru-Dakshina Function in Monywa
Dr. S.N. Sharma, Saya U Chit (Sitting)

Zeyawadi Camp 1957

Henzada Guru-Dakshina Function

Advocate Sh. S.L. Verma Offerin Guru-Dakshina
in Mandalay Arya Samaj 1960

Shankhai Mela Function. Sh. R.P. Dhir in Centre
with Thakarsi Das More, V.P. Bajaj (Speaking)

Dr. Om Prakash ji in Raksha-Bandhan function Sh. R.P. Dhir,
Sh. Satyanandan, Sh.Zora Singh, Sh. Dina Nath & Sh. R.C. Pandey

SANATAN DHARMA SWAYAMSEVAK SANGH

First group of Managing Committee members of
Sanatan Dharma Bal Seva Ashram Shwebo-1963.

Dr. Bihari lal ji with Director U Thu kha
in Cultural show in Gandhi Hall by S.D.S.Sangh.

H.E. Ambassador of Bharat Sh. Shyam Saran
Speeking on the occassion of Rakshabandhan.

Annual Camp held in Than Lyin 1996
Man. Sh. Bhim Sen Manocha speeking
on the occassion.

The Buddha-Jayanti held by Sangh
in Shri Kali Bari Temple Dharmashala.

Playing of Lezim by Swayamsevaks
in the Annual Training Camp.

Ex. Dy. Minister Home & Religious Affairs
U Kyi Nyunt binding Rakhi to joyful Late
Sh. R.C. Pandey, Sanghchalak.

A group of Karyakartas while in Kyauktaga Camp.

SANATAN DHARMA SWAYAMSEVAK SANGH

Sh. T.K. Paul-karyawah of Yangon on Rakshabandhan function.

Rakshabandhan Celebration. (L to R) Sh. Bhim Sen Manocha, Sah-Sanghchalak, Prof. Daya Ram, D.G. U Arnt Maung, Col. Kyi Nyunt (Retd) & Sh. G.S. Sharma ji.

Rakshabandhan Celebration. Binding Rakhi to the Bhagwa-Dhwaj. In the back U Than Myint And Ambassdors of Nepal & Bharat respectively.

Rakshabandhan in Progress.

Makar-sankranti Celebration in Yangon, Dr. Sukh Dev Soni ji sitting extreme left.

A batch of Gentry watching the Physical Programme at Mye Padetha Park in Yangon.

In Mye Padetha Park Physical Participants sitting in row.

Prarthana held before the Programme starts.

SANATAN DHARMA SWAYAMSEVAK SANGH

"Rath Yuddha" held by Swayamsevaks in the Closing Ceremony of the Camp.

"Dand Rumal Jhapat" competition in Mye Padetha Park.

A group of Karyakartas of Kyauktaga Shakha 1982. Dr. Ram Adhar, Sh. Subhash ji & Others.

Mandalay Annual Camp Man. Sh. R. Hari ji with Shri Heera Lal ji Sarvadhikari 1996.

A group of Karyakartas of Myanmar during the meeting held in Yangon.

A Sangh Geet compitition held in Yangon.

H.E. Ambassador of Bharat Sh. G. Partha Sarathi binding Rakhi to Bhagwa Dhwaj while on Raksha Bandhan celebration.

Pramukh of the Geet Vibhag Sh. Bhagat Ram ji with Sh. Arun Kumar on Geet competition programme, A Shishu Swayamsevak takin part.

BUDDHA EXHIBITION

Bangkok Buddha Exhibition
ENTERENCE of Mandapa 1996

Historical Map see the Eastern
Countries were under the
influence of Buddha Dhamma.

Entrence to the Exhibition
Bombay Exhibition 1988.

A huge Mandapa of Exhibition
at Danubyu (Myanmar).

A part of the Exhibition Mandapa in Myanmar.

A huge gethering in the entrance.

Performance of the opening ceremony
of the Exhibition - Lashio.

Opening Ceremony held in Nagpur.
Lightning the big candles by two chief Monks.

President State Sangha Maha Nayaka Myoma Sayadaw
watching the Exhibits. U Ohn Thwin Gyi (Incharge) Explaining.

BUDDHA EXHIBITION



Buddha Exhibition in Bago. Maha Rahta Guru President of State Maha Nayaka, Myoma Sayadaw giving remarks.

Rush in the Buddha Exhibition mandap in Yangon 1956.

Monks watching the Map shown in Exhibition.

Myaung Mya-Closing Ceremony of the Buddha Exhibition. In-Charge of the Exhibition U Ohn Thwin on the mic.

Opening of the Eindawya Pagoda Mandalay- Buddha Exhibition by Minister U Tun Tun, Advocate Sh S.L. Verma standing.

Saya Gyi U Magha in the Shwedagon Pagoda Buddha Exhibition mandap 1974.

U San Htun (Mandalay University) also spoke on the opening of Exhibition - 1974.

Exhibition Graund map.

R.S.S. Chief P.P. Bala Saheb Devras watching the commentary of the map.

BUDDHA EXHIBITIONS

Prartha held by Shan Nationals in the
Buddha Exhibition Mandapa

Encouraging Students who took part in Religious
Examination in Nam-Kan on Buddha Exhibition.

U Lay Kyu giving Certificate to the student
in Mandalay Exhibition.

A batch of students who abtained highest marks in
Examination in Exhibition with Committee members, Taunggyi.

